

# ငယ်ရွယ်သောတပည့်တော်များအတွက် ဘုရားသခင်၏စီမံကိန်း



ငယ်ရွယ်သောတပည့်တော်များအတွက် ဘုရားသခင်၏စီမံကိန်း
အသက်တာ၌ အကောင်းဆုံးသောဝိညာဉ်ရေးရာအစပြုခြင်း ဖွံ့ဖြိုးတိုးတက်ရန်အတွက်
ငယ်ရွယ်သောသူများအား အထောက်အကူပေးရန် ခိုင်မာသောအုတ်မြစ်ကို ချထားပေးသည်။

**ငယ်ရွယ်သောတပည့်တော်များလေ့လာသင်ယူသောစာအုပ်**

# ငယ်ရွယ်သောတပည့်တော်များအတွက် ဘုရားသခင်၏စီမံကိန်း



# ငယ်ရွယ်သောတပည့်တော်များ
# အတွက်
# ဘုရားသခင်၏စီမံကိန်း

## ငယ်ရွယ်သောတပည့်တော်များလေ့လာသင်ယူသောစာအုပ်

ဤစာအုပ်သည် လူငယ်အရွယ်များအတွက် သင်ခန်းစာများ၊ လုပ်ဆောင်ချက်များနှင့် လက်တွေ့ဆောင်ရွက်ခြင်းများပါသော လေ့လာသင်ယူရာစာအုပ်ဖြစ်ပါသည်။ ဤလက်စွဲစာအုပ်၏ရည်ရွယ်ချက်သည် ယဉ်ကျေးမှုနှင့် အချိန်ကာလတို့အားဖြင့် ကန့်သတ်မှုမရှိသော သမ္မာကျမ်းစာအခြေခံမှုများကို အသုံးပြု၍ သူတို့၏ဝိညာဉ်ရေးရာတိုးတတ်မှုအတွက်၊ ခရစ်တော်၏နောက်လိုက် လူငယ်များကို အားပေးတိုက်တွန်းခြင်းနှင့်မြှင့်တင်ပေးရန်ဖြစ်သည်။

Tim W. Bunn and Virginia J. Dickens

**Second Edition, 2022**

Copyright © 2021 by New Foundations International

# ငယ်ရွယ်သောတပည့်တော်များအတွက်  ဘုရားသခင်၏စီမံကိန်း

## ငယ်ရွယ်သောတပည့်တော်များ လေ့လာသင်ယူသောစာအုပ်

Scripture taken from International Children's Bible®. Copyright© 1986, 1998, 1999 by Thomas Nelson. Used by permission. All rights reserved.

ISBN: 978-0-578-86396-2

Book Front Cover:
**Alford Usher Soord (1868-1915) was a British painter whose most famous work is a painting of The Parable of The Lost Sheep, depicting a sheep stranded halfway down a steep cliff and the shepherd hanging perilously over the edge, risking his own life to save it. The Lost Sheep was exhibited in 1898 in the Royal Academy and by 1916, over 300,000 reproductions of it had been sold in England and America; the work continues to be extremely popular more than a century after its creation.**

First Edition, 2021

Copyright © 2021 by New Foundations International

New Foundations International website:

http://www.newfoundationsinternational.org/

Please contact us or send a request for information on:

nfi@newfoundationsinternational.org

# စာရေးသူ၏အမှာစကား

ဤစာအုပ်မှာ၊ အမေရိကတိုက် အလယ်ပိုင်းရှိ မိဘများသည် ***တပည့်တော်များအတွက် ဘုရားသခင်၏ စီမံကိန်း*** ကို ကလေးများအား သင်ကြားပေးခြင်းမှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ သင်ရိုးအချက် အလက်များကူညီပေးသော Martha Dickens Evans အား ကျေးဇူးတင်ပါတယ်။ ပုံများရေးဆွဲကူညီပေးခဲ့သော Danielle Nash ကို လည်း အသိအမှတ်ပြုလိုပါတယ်။ သူ၏အကူအညီကြောင့် ကလေးများပုံများကို အရောင်ခြယ်ရန် လွယ်ကူစေပြီး၊ သင်ခန်းစာများနှင့် ဒွန်တွဲလျက်၊ ကျမ်းစာ၏ သမ္မာတရားများကိုလည်း မှတ်မိစေပါသည်။ ဤလုပ်ငန်းအတွက် အသုံးဝင်သော လေ့လာသင်ယူခြင်းစာအုပ်အဖြစ် ပုံစံချရာတွင် ကူညီမှုနှင့် အားပေးတိုက်တွန်းခြင်းတို့အတွက် Sherman Driver ကိုလည်းကျွန်ုပ်တို့ ကျေးဇူးတင်ရှိပါသည်။

# နိဒါန်း

ဤစာအုပ်သည် ခိုင်မာသော အုတ်မြစ်တစ်ခုချထားရန်နှင့် ဇတ်လမ်းများနှင့်လှုပ်ရှားမှုများမှတဆင့် သင့်အား နှုတ်ကပတ်တော်၊ သမ္မာကျမ်းစာကို ပြသခြင်းဖြင့်၊ ကောင်းမွန်သော ဝိညာဉ်ရေးရာ အစပြုခြင်းကို ဖွံ့ဖြိုးတိုးတတ်စေရန် ကူညီပေးသည့် အရာတစ်ခုဖြစ်သည်။

### စတင်လေ့လာခြင်းမပြုမှီ

ငယ်ရွယ်သောတပည့်တော်များအတွက် ဘုရားသခင်၏စီမံကိန်းကို သင်သည်မလေ့လာမှီ၊ သင့်အပြစ်များကို ခွင့်လွှတ်ရန်နှင့် ယေရှုခရစ်ကိုယုံကြည်ပြီး၊ သူ၏နောက်သို့လိုက်လိုသောစိတ်ရှိရန်၊ အရေးကြီးပါသည်။ ခရစ်တော်၏တပည့်တော်တစ်ဦးဖြစ်ရန်၊ သင်သည် ခရစ်တော်ကိုယုံကြည်ပြီး၊ နောက်လိုက်တစ်ဦးဖြစ်ရန် လိုအပ်ပါသည်။


သင်သည် ယေရှုခရစ်ကိုကိုယ်တိုင်သိကျွမ်းပြီး၊ သင်၏အပြစ်များမှကယ်တင်ရှင်အဖြစ်၊ သူကိုလက်ခံခြင်းမရှိပါက (သို့) မသေချာသေးပါက ကျေးဇူးပြုပြီး ဤအရေးကြီးသော ဆုံးဖြတ်ချက်ကို ချမှတ်ရာတွင် ကူညီရန်၊ **ယေရှုခရစ်အားဖြင့် ကယ်တင်ခြင်း** ခေါင်းစဉ်အောက်ရှိ အချက်အလက်များကို လေ့လာပါ။

သင်၌ရှိသော မေးခွန်းများကို အဖြေပေးရန်၊ သင်၏မိဘ၊ သင်းအုပ် (သို့) ဆရာတို့အား မေးမြန်းရန်နှင့် သင်၏ဆုံးဖြတ်ချက်ကို ထိုသူတို့နှင့် မျှဝရန် လိုအပ်ပါသည်။

# ယေရှုခရစ်အားဖြင့် ကယ်တင်ခြင်း

ယေရှုခရစ်တော်၏တပည့်တော်ကောင်းတစ်ဦး မည်သို့ဖြစ်နိုင်သည်ကို သင်သည် အစပြုလေ့လာနေခြင်း ဖြစ်သည်။ သင်ခန်းစာများနှင့်နှုတ်ကပတ်တော်များကို တောက်လျှောက်ကြည့်ရှုသောအခါ၊ ဘုရားသခင်အား နာခံသောခရစ်တော်၏နောက်လိုက်တစ်ဦးဖြစ်ခြင်းနှင့် ပတ်သက်၍ သင်သည် များစွာ သင်ယူရပါမည်။ ၄င်းတို့မှာ သမ္မာကျမ်းစာရှိကိုယ်တော်၏နှုတ်တော်ထွက်စကားကိုနာခံခြင်း၊ သင်မိသားစုရှိအုပ်ထိန်းသူတို့အားနာခံခြင်းနှင့် ဘုရားသခင်၏အိမ်တော်၌အခြားသူများ တပည့်တော်ကောင်းများဖြစ်လာရန်၊ ကူညီမှု၌ နာခံခြင်းတို့ဖြစ်သည်။

သင်သည် ခရစ်တော်၏တပည့်တော်ကောင်းတစ်ဦး ဖြစ်မလာမီ၊ သင်သည် ကိုယ်တော်၏နောက်လိုက် တစ်ဦးဖြစ်ကြောင်း သေချာရန်လိုသည်။ အောက်ဖေါ်ပြပါ ရုပ်ပုံသည် ယေရှုခရစ်တော်၏ နောက်လိုက်တစ်ဦး ဖြစ်လာပုံကို နားလည်ရန် သင့်အားကူညီပေးပါမည်။ (နောက်ထပ်အကူအညီအတွက် စာမျက်နှာ – ၈ ကို ကြည့်ပါ။)



ရှေ့စာမျက်နှာရှိရုပ်ပုံ၏ဘယ်ဘက်တွင် ကျွန်ုပ်တို့အားလုံးသည် ခရစ်တော်နှင့်အတူမရှိခြင်းကိုဖေါ်ပြသည်။ သင်သည် နက်သောချောက်၏တစ်ဘက်တွင်ရှိနေသည်။ ဘုရားသခင်သည်အခြားတစ်ဘက်တွင်ရှိနေသည်။ သင်၏အပြစ်များကြောင့် သင်သည် ဘုရားသခင်နဲ့ကင်းကွာနေသည်။ ကျွန်ုပ်တို့ ဘုရားသခင်ကိုနာခံမှုမရှိပါက၊ ထိုအရာကို အပြစ် ဟုခေါ်သည်။ ထိုအရာများမှာ လိမ်လှည့်ခြင်း၊ ခိုးယူခြင်းနှင့် မိဘစကားကိုနာခံမှုမရှိခြင်းတို့ဖြစ်သည်။ ဘုရားထံသို့ရောက်ရန် သင့်အား ကူညီပေးနိုင်သောအရာဘာမှမရှိပါ။ လူကောင်းတစ်ယောက်ဖြစ်ခြင်း၊ ဘုရားကျောင်းတတ်ခြင်း၊ နှစ်ခြင်းခံယူခြင်း၊ အကျင့်ကောင်းကျင့်ခြင်း၊ ငွေကြေးပေးကမ်းခြင်းစသည့် မည်သည့်အရာကမျှတတ်နိုင်ခြင်းမရှိပါ။လက်ဝါးကပ်တိုင်ပေါ်တွင် ယေရှု၏အသေခံခြင်းကသာလျှင် သင့်အားကယ်တင်ရန်နှင့် အပြစ်ရဲ့နက်သောတွင်းကို ကျော်ဖြတ်သော တံတားတစ်စင်းကို တည်ဆောက်နိုင်ပါမည်။ သူ၏ဝိညာဉ်တော်အားဖြင့်၊ ဘုရားသခင်သည် ကျွန်ုပ်တို့အားကယ်တင်ခြင်းလိုအပ်သော အပြစ်သားများဖြစ်ကြောင်းဖေါ်ပြသည်။ သင်၏အပြစ်များ ခွင့်လွှတ်ရန်အတွက် ယေရှု တစ်ဦးတည်းကိုသာ ယုံကြည်ကိုးစာမှ သာလျှင် သင်သည် ကယ်တင်ခြင်းရရှိမည်ဖြစ်သည်။ ဘုရားထံသို့ပို့ဆောင်ပေးနိုင်သော တစ်ဦးတည်းသောသူမှာ ယေရှုခရစ်ပင်ဖြစ်သည်။

**<u>သဘောတူခြင်း</u>**၊ သင်သည် အပြစ်သားဖြစ်ကြောင်း၊ သင့်၏အပြစ်များသည် ဘုရားနှင့်ဝေးကွာစေပြီး၊ သင့်အပြစ်၏ဒဏ် သည် ထာဝရသေခြင်းဖြစ်ကြောင်းကို ဘုရားသခင်ပြောသည့်အတိုင်း သဘောတူပါသည်။ <u>ရောမ၊ ၃း၂၃</u> *"အဘယ်ကြောင့် နည်းဟူမူကား၊ လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင့် ရှေ့တော်၌ အသရေပျက်ကြပြီ။"* <u>ရောမ၊ ၆း၂၃</u> *"အပြစ်တရား ၏ အခကား သေခြင်းပေတည်း။ ဘုရားသခင်ပေးတော်မူသော ဆုကျေးဇူးတော်ကား၊ ငါတို့သခင်ယေရှုခရစ်အားဖြင့် ထာဝရ အသက်ပေတည်း။"*

**<u>ယုံကြည်ခြင်း</u>**၊ ယေရှုသည် ဘုရား၏သားဖြစ်ပြီး၊ လောကသို့ကြွလာ၍၊ အပြစ်ကင်းပြီး ပြည့်ဝစုံလင်သောအသက်တာဖြင့် အသက်ရှင်ခဲ့သည်ကို ယုံကြည်ပါသည်။ <u>ယော ၃း၁၆</u> *"ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌တပါးတည်းသောသားတော်ကို စွန့်တော်မူ သည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။"* သူ၏သားတော်ကိုစေလွှတ်ခြင်းဖြင့် ကျွန်ုပ်တို့အား သူ၏မေတ္တာ ကိုဖေါ်ပြခဲ့သည်။ သားတော်ယေရှုသည် လက်ဝါးကား တိုင်ပေါ်တွင် အသေခံခြင်းဖြင့် ကျွန်ုပ်တို့၏အပြစ်များအတွက် ပေးဆပ်ခဲ့သည်။ <u>ရောမ ၅း၈</u> *"ငါတို့သည် အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူ သည်ဖြစ်၍၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ငါတို့အား ထင်ရှားစွာ ပြတော်မူ၏။"*

**<u>ဆက်ကပ်အပ်နှံခြင်း</u>**၊ ယေရှုခရစ်ထံသို့ သင်အသက်တာကို ဆက်ကပ်ပါ။ <u>ရောမ ၁၀း၉ - ၁၀</u> *"အဘယ်သို့နည်းဟူမူကား၊ သင်သည် သခင်ယေရှုကို နှုတ်ဖြင့်ဝန်ခံ၍၊ ဘုရားသခင် သည် သူ့ကိုသေခြင်းမှ ထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌ ယုံကြည်လျှင်၊ ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။ ဖြောင့်မတ်ရာသို့ ရောက်ခြင်းငှါ စိတ်နှလုံးဖြင့် ယုံကြည်ရ၏။"* ယေရှုတစ်ဦးတည်းကိုသာ ကိုးစားခြင်းသည် သင်၏အပြစ်များမှသင့်အားကယ်တင်ရန်ဖြစ်သည်။ သင့်၏အပြစ်များခွင့်လွှတ်ခြင်းရရှိရန် ကိုယ်တော်သည် တစ်ခုတည်းသော လမ်းဖြစ်ကြောင်းကို သိရှိပါ။ <u>ယောဟန် ၁၄း၆</u> *"ယေရှုက၊ ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ် ၏။ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ။"*

- သင်သည် ယေရှုကို ယုံကြည်ကိုးစားသောအခါ၊ ဘုရားသခင်သည် သင့်၏အပြစ်များကို ခွင့်လွှတ်တော်မူ သည်။ ၁ယော ၁း၉ *"ကိုယ်အပြစ်တို့ကို ဘော်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်၎င်း၊ ဖြောင့်မတ် ခြင်းတရားနှင့်၎င်း၊ ပြည့်စုံတော်မူ၏။"*
- ဘုရားသခင်သည် သင့်အား သူ၏မိသားစုဝင်တစ်ဦးဖြစ်စေလိုသည်။ <u>၁ယော ၃း၁</u> *"ဘုရားသခင်၏သားတော်ဟု ခေါ်ဝေါ်ခြင်းအခွင့်ကို ငါတို့သည် ရမည်အကြောင်း၊ ဘုရားသခင်သည် ငါတို့ကိုအဘယ်မျှလောက် ချစ်တော်မူ သည်ကိုကြည့်ရှုဆင်ခြင်ကြလော့။"*
- ဘုရားသခင်သည် သင့်အား ကောင်းကင်တွင် သူနှင့်အတူထာဝရနေထိုင်ရန် အိမ်တစ်လုံးကတိပေးခဲ့သည်။ <u>ယော ၁၄း၂-၃</u> *"ငါ့အဘ၏အိမ်တော်၌ နေစရာအခန်းအများရှိ၏။ သို့မဟုတ်လျှင် မဟုတ်ကြောင်း ကို သင်တို့အား ငါမပြောဘဲမနေ။ သင်တို့နေစရာအရပ်ကို ပြင်ဆင်ခြင်းငှါ ငါသွားရ၏။ငါသည်သွား၍ သင်တို့နေစရာအရပ်ကို ပြင်ဆင်ပြီးမှ တဖန်လာပြန်၍၊ ငါရှိရာ အရပ်၌ သင်တို့ရှိစေခြင်းငှါ သင်တို့ကို ငါ့ထံသို့သိမ်းဆည်းမည်။"*

သင်တစ်ဦးတည်းရှိနေသောအချိန်၊ မည်သည့်အချိန်တွင်မဆို သင်သည် ယေရှုကို ယုံကြည်ကိုးစားနိုင်ပါသည်။ ထိုသို့လုပ် ဆောင်ပါက၊ သင်သိသော ယုံကြည်သူတစ်ဦးကို ဘုရားသခင်လုပ်ဆောင်သောအရာတွေကို ပြောပြပါ။ ကောင်းသော လူတို့ သည် မိဘများ၊ သင်းအုပ်များ(သို့)ဆရာများကို ယုံကြည်ရန်ပြောပြပါမည်။ အကယ်၍မေးခွန်းများရှိပါက၊ ထိုသူတို့အထဲမှ တစ်ဦးဦးကို မေးမြန်းနိုင်ပါသည်။

ဘုရားသခင်သည် သူ၏သားသမီးများအား သူကို ကိုးစားမှုတွင် ကြီးထွားလာရန်နှင့် ရင့်ကျက်လာရန် အလိုရှိသည်။ <u>၂ပေ ၃း၁၈(ခ)</u> *"ကျေးဇူးတော်၌၎င်း၊ ငါတို့ကို ကယ်တင်တော်မူသော အရှင်သခင်ယေရှုခရစ်ကို သိကျွမ်းခြင်း၌၎င်း ကြီးပွါးကြလော့။"* သူ၏သားသမီးများသည် သူ၏သားတော် ယေရှုခရစ်တော်ကဲ့သို့ ပို၍တူလာရန် အလိုရှိသည်။ သင်သည် ယေရှုခရစ်တော်၏နောက်လိုက်တစ်ဦးဖြစ်ပါက၊ ဤစာအုပ်သည် ယေရှုကဲ့သို့ဖြစ်လာရန် သင့်အားကူညီပေးပါမည်။

ယေရှုခရစ်တော်အားဖြင့် ကယ်တင်ခြင်းအကြောင်းကို ပိုမိုနားလည်သိရှိရန်၊ သင့်အားကူညီပေးသော အောက်ပါ လက်ဝါး ကပ်တိုင် လှုပ်ရှားမှုများကို ရောင်စုံခြယ်ပါ။

## လက်ဝါးကပ်တိုင်ကို ရောင်စုံခြယ်ပါ။

လမ်းညွှန်ချက်များ

**ကောင်းကင်** အကွက်တွင် အဝါရောင်ကိုခြယ်ပေးပါ။ (သို့) ထိုအကွက်ထဲတွင် (၁)ဟုရေးပါ။
**အပြစ်နှင့်ပြည့်သောနှလုံး** အကွက်တွင် အနက်ရောင် ကိုခြယ်ပေးပါ။ (သို့) ထိုအကွက်ထဲတွင် (၂)ဟုရေးပါ။
**ယေရှု၏အသွေးတော်** အကွက်တွင် အနီရောင် ကိုခြယ်ပေးပါ။ (သို့) ထိုအကွက်ထဲတွင် (၃)ဟုရေးပါ။
**သန့်ရှင်းသောနှလုံးသား** အကွက်တွင် အဖြူရောင် ကိုခြယ်ပေးပါ။ (သို့) ထိုအကွက်ထဲတွင် (၄)ဟုရေးပါ။
**ခရစ်တော်၌ကြီးထွားခြင်း** အကွက်တွင် အစိမ်းရောင် ကိုခြယ်ပေးပါ။ (သို့) ထိုအကွက်ထဲတွင် (၅)ဟုရေးပါ။



# မာတိကာ


အပိုင်း (၁) ငယ်ရွယ်သော တပည့်တော်များအတွက် ဘုရားသခင်၏စီမံကိန်း ၈

၁။ တပည့်တော်များ အခွင့်အာဏာနှင့်ပြည့်စုံလုံလောက်မှုရှိခြင်း ၁၀

________ သင်ခန်းစာ ၁။ နှုတ်ကပတ်တော်၏အခွင့်အာဏာနှင့်ပြည့်စုံလုံလောက်မှုရှိခြင်း ၁၀

________ သင်ခန်းစာ ၂။ ဝိညာဉ်တော်၏အခွင့်အာဏာနှင့်ပြည့်စုံလုံလောက်မှုရှိခြင်း ၁၆

၂။ တပည့်တော်များ နာခံခြင်း၊ အသင်းဝင်ဖြစ်ခြင်း နှင့် အောက်မေ့ဘွယ်ရာများ ၂၂

________ သင်ခန်းစာ ၃။ ရေနှစ်ခြင်းမင်္ဂလာ ၂၂

________ သင်ခန်းစာ ၄။ သင်းဝင်သူများအချင်းချင်း ၂၆

________ သင်ခန်းစာ ၅။ ပွဲတော်မင်္ဂလာ ၃၀

၃။ တပည့်တော်များ သမ္မာကျမ်းစာလေ့လာမှုတွင် တည်ဆောက်ခြင်း ၃၄

________ သင်ခန်းစာ ၆။ သမ္မာကျမ်းစာလေ့လာရန်လမ်းညွှန်ချက်များ ၃၄

________ သင်ခန်းစာ ၇။ သမ္မာကျမ်းစာလေ့လာခြင်းကို လက်တွေ့အသုံးပြုခြင်း ၄၀

အပိုင်း (၂) ငယ်ရွယ်သော တပည့်တော်များအတွက် ဘုရားသခင်၏စီမံကိန်း ၄၃

၄။ တပည့်တော်များ စင်ကြယ်သော ကျေးဇူးတော်၏သတင်းကောင်း၌တည်ဆောက်ခြင်း ၆၀

________ သင်ခန်းစာ ၈။ တပည့်တော်တို့သည် စင်ကြယ်သော ကျေးဇူးတော်၏ သတင်းကောင်း၌ တည်ဆောက်ခြင်း ၄၅

၅။ တပည့်တော်များ ဘုရားသခင်၏ထာဝရစီမံကိန်း၌တည်ဆောက်ခြင်း ၅၀

________ သင်ခန်းစာ ၉။ တပည့်တော်တို့သည် ဘုရားသခင်၏ထာဝရစီမံကိန်း၌တည်ဆောက်ခြင်း ၅၀

၆။ တပည့်တော်များ ဘုရားသခင်၏အိမ်တော်၌တည်ဆောက်ခြင်း ၅၇

________ သင်ခန်းစာ ၁၀။ တပည့်တော်တို့သည် ဘုရားသခင်၏အိမ်တော်၌တည်ဆောက်ခြင်း ၅၇

၇။ တပည့်တော်များ ခရစ်တော်၌(သို့)ခရစ်တော်နှင့်အတူတည်ဆောက်ခြင်း ၆၆

________ သင်ခန်းစာ ၁၁။ ခရစ်တော်၌ သင့်အသက်တာ ၆၆

________ သင်ခန်းစာ ၁၂။ ခရစ်တော်နှင့်အတူရှိသော သင့်အသက်တာ ၇၀

________ သင်ခန်းစာ ၁၃။ သခင်ဘုရားနှင့်အတူ နေ့စဉ် တိတ်ဆိတ်စွာ အချိန်ယူခြင်း ၇၇

________ သင်ခန်းစာ ၁၄။ ဆုတောင်းခြင်းနှင့် ကိုးကွယ်ခြင်းအတွက် လက်တွေ့အထောက်အကူများ ၈၄

________ ယေရှုနှင့် ရင်းနှီးကျွမ်းဝင်ခြင်း ၃၁ ရက် ၈၉

အခန်းဆက် အထောက်အကူပေးခြင်း၊ သခင်ဘုရားနှင့်အတူ နေ့စဉ်နေ့တိုင်း လိုက်လျှောက်ခြင်း

တစ်နှစ်တာ ကျမ်းစာဖတ်ခြင်းဇယားများ ၉၀

လက်ဆင့်ကမ်းခြင်း ၉၂


အောင်မြင်ခြင်းအတွက် သင်တန်းဆင်းလက်မှတ် ၉၃

# အပိုင်း(၁) ငယ်ရွယ်သော တပည့်တော်များအတွက် ဘုရားသခင်၏စီမံကိန်း




*"ယေရှုကလည်း၊ ထိုသူငယ်တို့ကိုရှိစေတော့။*
*ငါ့ထံသို့လာသည်ကို မဆီးတားကြနှင့်။*
*ကောင်းကင်နိုင်ငံတော်သည်ထိုသို့သောသူတို့၏*
*နိုင်ငံဖြစ်သည်ဟု မိန့်တော်မူ၍၊"*
*မဿဲ ၁၉း၁၄*

ပေါလုသည် သူ၌အခွင့်အခါကြုံတိုင်း ဧဝံဂေလိတရားကိုဟောကြားခဲ့သည်။ သူသည်မကြားဘူးသောသူများထံသို့ ဧဝံဂေလိ သတင်းကောင်းကို သယ်ဆောင်ရန် အန္တရာယ်ရှိနိုင်သောခရီးများကိုသွားခဲ့သည်။ သူဟောပြောသည့်အတိုင်း၊ လူတို့သည် ယုံကြည်လာပြီး၊ ယေရှုခရစ်တော်၏တပည့်တော်များ (သို့) နောက်လိုက်များ ဖြစ်လာကြသည်။ သူသည် တပည့်တော်သစ်များ၏ယုံကြည်ခြင်းများတိုးပွါးစေပြီး၊ ခိုင်မာသောခရစ်ယာန်များဖြစ်ရန် လုပ်ဆောင်လိုသည်။ ဤအရာကို ပြီးမြောက်ရန် သူသည်ခရီးစဉ်များစွာသွားပြီး၊ အသင်းတော်ငယ်များထံသို့စာစောင်များကိုရေးသားခဲ့သည်။ ယုံကြည်သူများအား အသစ်သောယုံကြည်ခြင်း၌ ရင့်ကျက်အောင်သွန်သင်ရန် ခရီးထွက်သောအခါ၊ တစ်ခါတစ်ရံသူသည် အခြားသူတို့ကိုလည်း သူနှင့်အတူ ခေါ်ဆောင်သွားခဲ့သည်။



အသစ်သော (သို့) အားနည်းသောအပင်
ယုံကြည်သူလူသစ်များအတွက်
တပည့်တော်ဖြစ်သင်တန်း



ခိုင်ခံ့သောအသီးကိုသီးသောအပင်
ရင့်ကျက်သော ယုံကြည်သူသည်ခိုင်ခန့်စွာရပ်တည်နိုင်သည်

# ၁။ တပည့်တော်များအခွင့်အာဏာနှင့်ပြည့်စုံလုံလောက်မှုရှိခြင်း

## သင်ခန်းစာ – ၁

## နှုတ်ကပတ်တော်သည် အခွင့်အာဏာနှင့်ပြည့်စုံလုံလောက်မှုရှိခြင်း

**(ဘုရားသခင်၏နှုတ်ကပတ်တော်သည်မှန်ကန်မှုရှိခြင်း၊ ထိုနှုတ်ကပတ်တော်ကိုကျွန်ုပ်တို့စိတ်ချကိုးစားနိုင်သည်။)**




**ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုလိုက်နာပြီး၊ အသက်တာကို တည်ဆောက်သင့်သည်။** အကယ်၍ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်မှတပါး၊ အခြားအရာတစ်ခုဖြင့် သင်၏ဘဝကို တည်ဆောက်လျှင် ဆုံးရှုံးလိမ့်မည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် မှန်ကန်မှုရှိပြီး၊ ယုံကြည်စိတ်ချရခြင်းနှင့် ပြည့်စုံမှုလည်းရှိပါသည်။ ဘုရားသခင်အလိုတော်ရှိသော အသက်တာအတိုင်းရှင်သန်ရန်အတွက်၊ ကျွန်ုပ်တို့လိုအပ်ချက်အားလုံးကို ပံ့ပိုးပေးရန်၊ ကိုယ်တော်သည် သူ၏အသက်ရှင်သော နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့အားပေးခဲ့သည်။

**<u>ကျက်မှတ်ရန် ကျမ်းချက်များ</u>**

၂တိ၊ ၃း၁၆ – ၁၇

*ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်၍၊ ဘုရားသခင်၏လူသည် စုံလင်သောသူ၊ ကောင်းသောအမှု အမျိုးမျိုးတို့ကိုပြုစုခြင်းအလိုငှါ ပြင်ဆင်သောသူဖြစ်မည်အကြောင်း၊ သြဝါဒပေးခြင်း၊ အပြစ်ကိုဘော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်း ကျေးဇူးများကိုပြုတတ်၏။*

ကမ္ဘာဦးကျမ်း၊ ၁း၁ – ၃၁ ကို ဖတ်ပါ။

*အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူ၏။ မြေကြီးသည် အဆင်းသဏ္ဌာန်မရှိ၊ လွတ်လပ်လဟာဖြစ်၏။ နက်နဲရာအရပ်ကိုမှောင်မိုက်ဖုံးလွှမ်း၍ ဘုရားသခင်၏ ဝိညာဉ်တော်သည် ရေမျက်နှာပြင်ပေါ်မှာ လှုပ်ရှားတော်မူ၏။ ဘုရားသခင်ကလည်း၊* ***အလင်းဖြစ်စေဟုအမိန့်တော်ရှိ၍အလင်းဖြစ် လေ၏။*** *ထိုအလင်းကောင်းသည်ကို ဘုရားသခင်မြင်၍၊ အလင်းနှင့်မှောင်မိုက်ကိုပိုင်းခြားခွဲထားတော်မူ၏။ အလင်းကိုနေ့ဟူသောအမည်ဖြင့်၎င်း၊ မှောင်မိုက်ကို ညဉ့်ဟူသောအမည်ဖြင့်၎င်း၊ ခေါ်ဝေါ်သမုတ်တော်မူ၍၊ ညဦးနှင့်နံနက်သည် ပဌမနေ့ရက်ဖြစ်လေ၏။*

*တဖန် ဘုရားသခင်က၊* ***ရေအလယ်၌ မိုဃ်းမျက်နှာကြက်ဖြစ်စေ၊ ရေနှင့်ရေချင်းခြားနားစေဟု အမိန့်တော်ရှိသဖြင့်၊ မိုဃ်းမျက်နှာကြက်ကို ဘုရားသခင်ဖန်ဆင်းတော်မူ၍၊*** *မိုဃ်းမျက်နှာကြက်အောက်၌ရှိသောရေနှင့်၊ မိုဃ်းမျက်နှာကြက် အပေါ်၌ရှိသောရေကို ပိုင်းခြားတော်မူသည်အတိုင်း ဖြစ်လေ၏။ မိုဃ်းမျက်နှာကြက်ကိုလည်း မိုဃ်းကောင်းကင် ဟူသောအမည်ဖြင့် ဘုရားသခင်ခေါ်ဝေါ်သမုတ်တော်မူ၍၊ ညဦးနှင့်နံနက်သည် ဒုတိယနေ့ရက်ဖြစ်လေ၏။*

*တဖန်ဘုရားသခင်က၊* ***မိုဃ်းကောင်းကင်အောက်၌ရှိသော ရေစုဝေးစေ၊ ကုန်းပေါ်စေ ဟု အမိန့်တော်ရှိသည် အတိုင်းဖြစ်လေ၏။*** *ကုန်းကို မြေဟူသောအမည်ဖြင့်၎င်း၊ ရေစုဝေးရာကို ပင်လယ်ဟူသောအမည်ဖြင့်၎င်း၊ ဘုရားသခင် ခေါ်ဝေါ်သမုတ်တော်မူ၍၊ ထိုအမှုအရာကောင်းသည်ကိုဘုရားသခင်မြင်တော်မူ၏။ တဖန် ဘုရားသခင် က၊* ***မြေသည်မြက်ပင်ကို၎င်း၊ စပါးသီးကိုဖြစ်စေသော စပါးပင် ကို၎င်း၊ မြေပေါ်မှာမျိုးစေ့ပါလျက် သစ်သီးမျိုးကို ဖြစ်စေသော သစ်ပင်ကို၎င်း၊ ပေါက်စေဟု အမိန့်တော်ရှိသည်အတိုင်း ဖြစ်လေ၏။*** *မြေသည် မြက်ပင်ကို၎င်း၊ စပါးသီးမျိုးကိုဖြစ်စေသော စပါးပင်ကို၎င်း၊ မိမိ၌မျိုးစေ့ ပါလျက် သစ်သီးမျိုးကိုဖြစ်စေသော သစ်ပင်ကို၎င်း ပေါက်စေ ၏။ ထိုအမှုအရာကောင်းသည်ကို ဘုရားသခင်မြင်တော်မူ၍၊ ညဦးနှင့်နံနက်သည်တတိယ နေ့ရက်ဖြစ်လေ၏။*

*တဖန် ဘုရားသခင်က၊* ***နေ့နှင့်ညဉ့်ကို ပိုင်းခြားစေခြင်းငှါ မိုဃ်းကောင်းကင်မျက်နှာကြက်၌ အလင်းအိမ် တည်စေ၊ နိမိတ်လက္ခဏာ၊ ချိန်းချက်သောအချိန်၊ နေ့ရက်အပိုင်းအခြား၊ နှစ်အပိုင်းအခြားဘို့ဖြစ်စေ။ မိုဃ်းကောင်း ကင်မျက်နှာ ကြက်၌တည်၍ မြေကြီးလင်းစရာ အလင်းအိမ်ဖြစ်စေဟု၊ အမိန့်တော်ရှိသည်အတိုင်း ဖြစ်လေ၏။*** *ထိုသို့ ဘုရားသခင်သည် အလင်းအိမ်ကြီးနှစ်လုံးတည်းဟူသော၊ နေ့ကိုအုပ်စိုးရသော အကြီးတလုံး၊ ညဉ့်ကိုအုပ်စိုးရသော အငယ်တလုံးနှင့်တကွ ကြယ်များတို့ကို ဖန်ဆင်းတော်မူပြီးလျှင်၊ မြေကြီး၌ လင်းစေခြင်းငှါ၎င်း၊ နေ့နှင့်ညဉ့်ကို အုပ်စိုး၍ အလင်းနှင့် မှောင်မိုက်ကို ပိုင်းခြားစေခြင်းငှါ၎င်း၊ မိုဃ်းကောင်းကင်မျက်နှာ ကြက်၌ ဘုရားသခင် ထားတော် မူ၏။ ထိုအမှုအရာကောင်းသည်ကို ဘုရားသခင် မြင်တော်မူ၍၊ ညဦးနှင့်နံနက်သည် စတုတ္ထနေ့ရက်ဖြစ်လေ၏။*

*တဖန် ဘုရားသခင်က၊* ***အသက်ရှင်၍ လှုပ်ရှားတတ်သောတိရစ္ဆာန်တို့ကို ရေသည် များပြားစွာမွေးဘွားစေ။ ငှက်တို့လည်း မြေပေါ်မိုဃ်းကောင်းကင် မျက်နှာကြက်ပြင်ဝယ်ပျံစေဟု အမိန့်တော်ရှိ၏။ ထိုသို့လျှင် ရေသည် တိရစ္ဆာန်အမျိုးအလိုက် များပြားစွာမွေးဘွား၍၊ ငါးကြီးအစရှိသော အသက်ရှင်၍လှုပ်ရှားတတ်သော တိရစ္ဆာန်အပေါင်း တို့ကို၎င်း၊ ပျံတတ်သော ငှက်မျိုးအပေါင်းတို့ကို၎င်း ဘုရားသခင်ဖန်ဆင်း၍၊ ထိုအမှုအရာ ကောင်းသည်ကိုမြင်တော်မူ၏။*** *ဘုရားသခင်ကလည်း၊ များပြားစွာမွေးဘွားကြလော့။ ပင်လယ်ရေများကို ပြည့်စေကြ လော့။ ငှက်တို့လည်း မြေပေါ်၌ များပြားစေသတည်းဟု ထိုတိရစ္ဆာန်တို့ကို ကောင်းကြီးပေးတော်မူ၍၊ ညဦးနှင့် နံနက်သည် ပဉ္စမနေ့ရက်ဖြစ်လေ၏။*

*တဖန် ဘုရားသခင်က၊* ***မြေသည်အသက်ရှင်သော သတ္တဝါမျိုးတည်းဟူသော သားယဉ်တို့ကို၎င်း၊ တွားတတ် သောတိရစ္ဆာန်တို့ကို၎င်း၊ သားရဲမျိုးတို့ကို၎င်း၊ မွေးဘွားစေဟု အမိန့်တော်ရှိသည်အတိုင်း ဖြစ်လေ၏။*** *ထိုသို့ ဘုရားသခင် သည်သားရဲမျိုး၊ သားယဉ်မျိုး၊ မြေပေါ်မှာတွားတတ်သောတိရစ္ဆာန်မျိုးအပေါင်းတို့ကို ဖန်ဆင်း၍၊ ထိုအမှုအရာ ကောင်းသည် ကိုမြင်တော်မူ၏။*

*တဖန် ဘုရားသခင်က၊* ***ငါတို့ပုံသဏ္ဍာန်နှင့်တညီ တသဏ္ဍာန်တည်း လူကိုဖန်ဆင်းကြစို့။ သူသည် ပင်လယ်ငါး တို့ကို၎င်း၊ မိုဃ်းကောင်းကင်ငှက်တို့ကို၎င်း၊ သားယဉ်တို့ကို၎င်း၊ မြေတပြင်လုံးနှင့်တကွ၊ မြေပေါ်မှာ တွားတတ် သော တိရစ္ဆာန်အပေါင်းတို့ကို၎င်း၊ အုပ်စိုးစေဟု အမိန့်တော်ရှိ၏။ ထိုသို့ ဘုရားသခင်သည် မိမိ ပုံသဏ္ဍာန်နှင့်အညီ လူကိုဖန်ဆင်း တော်မူ၏။*** *ဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့်အညီ လူယောက်ျား၊ လူမိန်းမကို ဖန်ဆင်းပြီးလျှင်၊ အချင်းတို့၊* ***များပြားစွာ မွေးဘွားကြလော့။ မြေကြီးကိုပြည့်စေ၍နိုင်ကြလော့။ ပင်လယ်ငါးတို့ကို၎င်း၊ မိုဃ်းကောင်းကင်ငှက်တို့ကို၎င်း၊ အသက်ရှင်၍ မြေပေါ်မှာလှုပ်ရှားတတ်သော တိရစ္ဆာန်အပေါင်းတို့ကို၎င်း အုပ်စိုးကြလော့ဟု မိန့်တော်မူ၍၊ သူတို့ကို ကောင်းကြီးပေး တော်မူ၏။ ဘုရားသခင်ကလည်း၊ ကြည့်ရှုလော့။ မြေတပြင်လုံး၌ စပါးသီးကိုဖြစ်စေသော စပါးပင် အမျိုးမျိုးတို့ကို၎င်း၊ မျိုးစေ့ကိုဖြစ်စေသော အသီးနှင့်ပြည့်စုံသော သစ်ပင်အမျိုးမျိုးတို့ကို၎င်း၊ သင်တို့စားစရာဘို့ ငါပေး၏။ မြေသား၊*** *မိုဃ်းကောင်းကင်ငှက်၊ အသက်ရှင်၍ မြေပေါ်မှာ တွားတတ်သော တိရစ္ဆာန်မျိုးအပေါင်းတို့စားစရာဘို့၊ မြက်ပင်အမျိုးမျိုးတို့ကို*

*ငါပေးမည်ဟု မိန့်တော်မူသည် အတိုင်းဖြစ်လေ၏။ ဘုရားသခင်သည် မိမိဖန်ဆင်းသမျှသော အရာတို့ကို ကြည့်ရှုလျှင်၊ အလွန်ကောင်းသည်ကိုမြင်တော်မူ၍၊ ညဦးနှင့်နံနက်သည် ဆဋ္ဌမနေ့ရက်ဖြစ်လေ၏။*

**ဤမေးခွန်းများကို ဖြေဆိုပါ။**

- ကျမ်းစာက အရာအားလုံးကို မည်သူဖန်ဆင်းတယ်လို့ ပြောသနည်း။ ____________
- သူသည် ထိုအရာတို့ကို မည်သို့ဖန်ဆင်းခဲ့သနည်း။ ____________
- အရာအားလုံးကို ဖန်ဆင်းဘို့ရန် ရက်ပေါင်းမည်မျှကြာသနည်း။ ____________
- သင်အနှစ်သက်ဆုံးတိရိစ္ဆာန်သည် မည်သည့် တိရိစ္ဆာန် အကောင်ဖြစ်သနည်း။ ____________
- မည်သည့်အကူအညီ မျှမပါဘဲ၊ သင်၏အကြိုက်ဆုံးတိရိစ္ဆာန်ကိုဖန်ဆင်းနိုင်ပါသလား။ ____________
- ခြောက်ရက်အတွင်း ဘုရားဖန်ဆင်းခဲ့တဲ့ အရာအားလုံးကို သင်လုပ်နိုင်သလား။ ____________
- ဘုရားသခင်သည်၌ တန်ခိုးရှိသည်ဟုထင်ပါသလား။ ____________
- ထိုဖန်ဆင်းခြင်းအားလုံးကို လုပ်ဆောင်နိုင်သောဘုရားသခင်ဖြစ်သည်ဟု သင်ယုံကြည်ပါသလား။ ____________
- ကျွန်ုပ်တို့သည် ထိုကဲ့သို့သော ဘုရား၏နှုတ်ကပတ်တော်ကို နားထောင်ဘို့လိုအပ်ပါသလား။ ____________

**ယောဟန်၊ ၁း၁ – ၄၊ ၁၄ ကိုဖတ်ပါ။**

*"အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။ ထိုနှုတ်ကပတ်တော်သည် အစအဦး၌ ဘုရားသခင်နှင့်အတူရှိ၏။ ထိုနှုတ်ကပတ်တော်သည် ခပ်သိမ်းသောအရာတို့ကိုဖန်ဆင်းတော်မူ၏။ ဖန်ဆင်းတော်မူခြင်းနှင့်ကင်းလွတ်လျက်ဖြစ်သောအရာတစုံတခုမျှမရှိ။ ထိုနှုတ်ကပတ်တော်၌ အသက်ရှိ၏။ ထိုအသက်သည်လည်း လူတို့၏ အလင်းဖြစ်၏။*

*နှုတ်ကပတ်တော်သည်လည်း လူဇာတိအဖြစ်ကိုခံယူ၍၊ ကျေးဇူးတော်နှင့်ငှင်း၊ သစ္စာ တော်နှင့်ငှင်း ပြည့်စုံလျက် ငါတို့တွင် တည်နေတော်မူသည်ဖြစ်၍၊ ခမည်းတော်၌ တပါးတည်းသော သားတော်၏ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည်မြင်ရကြပြီ။"*

**ဤမေးခွန်းများကို ဖြေဆိုပါ။**

- ယောဟန်သည် နှုတ်ကပတ်တော်အကြောင်းပြောသောအခါ၊ သူသည် မည်သူကို ပြောသနည်း။ ____________
- ယေရှုက ဘယ်သူလဲ။ ____________
- လောကကိုဖန်ဆင်းသောအခါ၊ယေရှုသည်ထိုနေရာတွင်ရှိနေပါသလား၊ပါဝင်ခဲ့သလား။ ____________
- နှုတ်ကပတ်တော်သည်လည်း ________ အဖြစ်ကိုခံယူ၍၊ ________ တည်နေတော်မူ၏။ ဆိုလိုရင်းက ဘာလဲ။

____________

- ၁ယော၊ ၁း၁ တွင်၊ ကျွန်ုပ်တို့၏အသက်ရှင်သောနှုတ်ကပတ်တော်သည် အဘယ်သူနည်း။ အကယ်၍ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ယုံကြည်လျှင်၊ ထာဝရအသက်ကို မည်သူကပေးမည်နည်း။ ____________

<u>၁ယော၊ ၁း၁</u> *"ရှေဦးစွာကပင်ဖြစ်၍၊ ငါတို့သည် ကိုယ်တိုင်ကြားလျက်၊ ကိုယ်မျက်စိနှင့်မြင်လျက်၊ စေ့စေ့ကြည့်ရှု၍ လက်နှင့်စမ်းသပ်ခဲ့ပြီးသောအရာတည်းဟူသော အသက်ရှင်သော နှုတ်ကပတ်တော်နှင့် ဆိုင်သောအရာကို သင်တို့အားပြသကြ၏။"*

<u>၂တိ၊ ၃း၁၆ - ၁၇ ကိုဖတ်ပါ။</u>

*"ထိုကျမ်းစာရှိသမျှသည် ဘုရားသခင် မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်၍၊ ဘုရားသခင်၏လူသည် စုံလင်သောသူ၊ ကောင်းသောအမှု အမျိုးမျိုးတို့ကို ပြုစုခြင်း အလိုငှါ ပြင်ဆင်သောသူဖြစ်မည်အကြောင်း၊ ဩဝါဒပေးခြင်း၊ အပြစ်ကို ဘော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်း ကျေးဇူးများကိုပြုတတ်၏။"*

**<u>ဤမေးခွန်းများကို ကလေးများအားမေးမြန်းပါ။</u>**

- သမ္မာကျမ်းစာဆိုသည်မှာ အဘယ်နည်း။ ____________
- မည်သူ၏နှုတ်ထွက်စကားဖြင့်၊ သမ္မာကျမ်းစာကို ရေးသားခဲ့သနည်း။ ____________
- ၂တိ၊ ၃း၁၆ - ၁၇ တွင် ကျွန်ုပ်တို့အတွက် ကျမ်းစာက လုပ်ဆောင်ပေးသောအရာ(၄)မျိုးကို ပြောပါသည်။ သမ္မာကျမ်းစာက လုပ်ဆောင်ပေးသော အရာ (၄) မျိုးမှာ မည်သည့်အရာများဖြစ်သနည်း။

  ၁။ ____________

  ၂။ ____________

  ၃။ ____________






  ၄။ ____________

လုပ်ဆောင်ချက် (၁)၊ ဖန်းဆင်ခြင်းနေ့များ၏ရုပ်ပုံများ/လုပ်ဆောင်ချက်များ/ရောင်စုံခြယ် စာမျက်နှာ

<u>လမ်းညွှန်ချက်များ</u>

- ဖန်ဆင်းခြင်း၏ မှန်သောနေ့ရက်များကို တံဆိပ်ကပ်၍ အရောင်များကို ခြယ်ပါ။

<u>ဖန်ဆင်းခြင်း၏နေ့ရက်များ</u>


| | | |
|---|---|---|
| ____ ရက်<br>ဘုရားသခင်သည် အလင်းကို ဖန်ဆင်းတော်မူ၏။<br> | ____ ရက်<br>ဘုရားသခင်သည် ကောင်းကင်ကို ဖန်ဆင်းတော်မူ၏။<br> | ____ ရက်<br>ဘုရားသခင်သည် မြေကြီးနှင့် ပင်လယ်၊ အပင်များနှင့် သစ်ပင်များကို ဖန်ဆင်းတော်မူ၏။<br> |
| ____ ရက်<br>ဘုရားသခင်သည် နေ၊ လနှင့် ကြယ်များကို ဖန်ဆင်းတော်မူ၏။<br> | ____ ရက်<br>ဘုရားသခင်သည် ငှက်များနှင့် ငါးတို့ကို ဖန်ဆင်းတော်မူ၏။<br> | ____ ရက်<br>ဘုရားသခင်သည် တိရိစ္ဆာန်များနှင့် လူတို့ကို ဖန်ဆင်းတော်မူ၏။<br> |

လုပ်ဆောင်ချက် (၂)၊ ကွက်လပ်များကိုဖြည့်ပါ။


<u>လမ်းညွှန်ချက်များ</u>

- ကျမ်းချက်တစ်ခုစီကိုဖတ်ပါ။ ကွက်လပ်များတွင် လိုအပ်နေသောစာလုံးများကို ဖြည့်ပါ။
- ရုပ်ပုံများကို အရောင်ခြယ်နိုင်သည်။

## <u>ဘုရားသခင်၏နှုတ်ကပတ်တော်သည် အခြားမည်သည့်အရာများကိုလည်း လုပ်ဆောင်သနည်း။</u>



ဆာလံ ၁၁၉း၁၀၅၊ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် အကျွန်ုပ် ခြေရှေ့မှာ __________ ဖြစ်၍၊




ယေရမိ ၂၃း၂၉၊ ဘုရားသခင်၏နှုတ်ကပတ်တော် ကဲ့သို့သောအရာ (၂) ခုမှာ __________ နှင့် __________ ဖြစ်သည်။



ယေရမိ ၂၃း၂၉၊ ဘုရားသခင်၏နှုတ်ကပတ်တော်သည် အဘယ်အရာကို လုပ်ဆောင်သနည်း။

____________________________________



ဟေဗြဲ ၄း၁၂၊ ဘုရားသခင်၏ နှုတ်ကပတ်တရားတော်သည် __________ ထက်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍၊ အသက်နှင့်စိတ်ဝိညာဉ်ကို၎င်း၊ အရိုးဆစ်နှင့် ခြင်ဆီကို၎င်း ပိုင်းခြား၍ ထုတ်ချင်းခွင်း တတ်၏။ __________ ကိုလည်း သိမြင်တတ်၏။

# သင်ခန်းစာ – ၂
# ဝိညာဉ်တော်၏အခွင့်အာဏာနှင့်ပြည့်စုံလုံလောက်မှုရှိခြင်း
## (သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အားတန်ခိုးကိုပေးသည်။)




**ပင်တေကုတ္တေပွဲနေ့သည် ယေရှု၏နောက်လိုက်များ၏အသက်တာထဲသို့ သန့်ရှင်းသောဝိညာဉ်တော်ကြွလာခြင်း၏အမှတ်အသားဖြစ်သည်။** ခမည်းတော် ဘုရားသခင်သည် မိမိ၏သားတော်ကို ယေရှုကို နှုတ်ကပတ် တော်၌ ဖေါ်ပြသကဲ့သို့၊ လူသားအဖြစ်စေလွှတ်ခဲ့သည်။ ယေရှုသည်ကောင်းကင်သို့ ပြန်တက်ကြွသောအခါ၊ သူသည် ယုံကြည်သူများအား သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော ဥပဖ္ဈာယ်ဆရာကိုစေလွှတ်မည်ဟု ကတိပြုခဲ့သည်။ သူ၏ သန့်ရှင်းသော နှုတ်ကပတ်တော်၊ သမ္မာကျမ်းစာကိုရေးသားဘို့ရန်၊ ဘုရားသခင်သည် တမန်တော်များနှင့် ပုရောဖက်များကို မှုတ်သွင်းခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူများအား၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သိရှိနားလည်ခြင်း၊ နာခံခြင်းနှင့် အသက်ရှင်ခြင်းတည်းဟူသော ကိုယ်တော် အလိုရှိသောအသက်တာရှိဘို့ရန် တန်ခိုးကိုပေးတော်မူ၏။

**<u>ကျက်မှတ်ရန် ကျမ်းချက်များ</u>**
**ဂလာတိ၊ ၅း၁၆**

*"ငါပညတ်သည်ကား၊ ဝိညာဉ်ပကတိအတိုင်းကျင့်ကြလော့။ ထိုသို့ကျင့်လျှင် ဇာတိပကတိ၏ အလိုသို့ မလိုက်ဘဲ နေကြလိမ့်မည်။"*

**<u>တမန်၊ ၁း၆ – ၁၁ ကို ဖတ်ပါ။</u>**

*"ထိုတမန်တော်တို့သည်လည်း စုဝေး၍၊ သခင်ဘုရား၊ ယခုအခါ ကိုယ်တော်သည် ဣသရေလ အမျိုးသားတို့အား နိုင်ငံကိုပြန်ပေးတော်မူမည်လောဟု မေးလျှောက်ကြ လျှင်၊ သခင်ဘုရားက၊ ခမည်းတော်၏ တန်ခိုးအားဖြင့် စီရင်တော်မူသော အချိန်ကာလကို သိရသောအခွင့်သည် သင်တို့၌မရှိ။ ထိုသို့မရှိသော်လည်း၊ သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်သောအခါ၊ သင်တို့သည်တန်ခိုးကိုခံရ၍ ယေရုရှလင်မြို့မှစသောယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူ၏။*

*တမန်တော်တို့သည်ကြည့်ရှုလျက်နေကြစဉ်၊ သခင်ဘုရားသည် အထက်သို့ ဆောင်ယူခြင်းကို ခံတော်မူ၍၊ မိုဃ်းတိမ်သည် ကိုယ်တော်ကို မျက်ကွယ်အောင် ခံယူလေ၏။ ထိုသို့ကြွတော်မူသည်ကို တမန်တော်တို့သည် ကောင်းကင်သို့ စေ့စေ့ကြည့်မျှော် လျက်နေကြစဉ်တွင်၊ လူနှစ်ယောက်တို့သည် ဖြူစင်သောအဝတ်ကို ဝတ်ဆင်လျက် တမန်တော်တို့အနားမှာပေါ်လာ၍၊ အိုဂါလိလဲလူတို့၊ အဘယ်ကြောင့် ကောင်းကင်သို့ကြည့်မျှော်လျက် နေကြသနည်း။ သင်တို့နှင့်ခွါ၍ကောင်းကင်သို့ဆောင်ယူခြင်းကိုခံတော်မူသော ထိုယေရှုသည် သင်တို့ မျက်မှောက်၌ ကောင်းကင်သို့ ကြွသွားတော်မူသည်နည်းတူ တဖန်ကြွလာ တော်မူလတံ့ဟု ပြောဆို၏။"*

**ဤမေးခွန်းများကို ဖြေဆိုပါ။**

- ဤဇာတ်လမ်းထဲတွင် ယေရှုသည်မည်သည့်နေရာသို့သွားနေသနည်း။ ____________________
- ယေရှုတက်ကြွသွားပြီးနောက်သူနေရာသို့ စေလွှတ်မည်ဟု ကတိပေးခဲ့သောသူမှာ မည်သူဖြစ်သနည်း။

____________________

- သန့်ရှင်းသောဝိညာဉ်တော်သည် ကိုယ်တော်၏နောက်လိုက်များအား မည်သည့်အရာကို ပေးမည်နည်း။

____________________

**တမန်၊ ၂း၁ - ၄ ကို ဖတ်ပါ။**

*"ပင်တေကုတ္တေပွဲနေ့ရောက်သောအခါ၊ ထိုသူအပေါင်းတို့သည် တညီတညွတ်တည်း စည်းဝေး၍ နေကြ၏။ ထိုအခါ လေပြင်းမုန်တိုင်းကဲ့သို့သောအသံသည် တခဏခြင်းတွင် ကောင်းကင်မှလာ၍၊ ထိုသူတို့ နေထိုင်သောအိမ်ကိုဖြည့်လေ၏။ ထိုခဏခြင်းတွင် ကွဲပြားသောလျှာတို့သည် မီးလျှာကဲ့သို့ ထင်ရှား၍၊ ထိုသူအသီးအသီးတို့ အပေါ်၌ တည်နေကြ၏။ ထိုသူအပေါင်းတို့သည်လည်း သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်၍၊ ဝိညာဉ်တော်သည် ဟောပြောသောအခွင့်ကို ပေးတော်မူသည်အတိုင်း အမျိုးမျိုးသောဘာသာ စကားအားဖြင့် ဟောပြောကြ၏။"*

**ဤမေးခွန်းများကို ဖြေဆိုပါ။**

ယေရှု၏တပည့်တော်များ သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံရရှိသည့်၊ ပင်တေကုတ္တေ၏ထူးမြတ်သောနေ့ အကြောင်းစဉ်းစားကြည့်ပါ။ သင်သည်တပည့်တော်တစ်ယောက်ကဲ့သို့ခံယူကြည့်ပါ။ ထိုနေ့အကြောင်း ပြောပြ၍ရေးပါ။



- သင်သည် မည်သည့်အရာကို ကြားခဲ့သနည်း။

____________________



- သင်သည် မည်သည့်အရာ ကိုတွေ့မြင်ခဲ့သနည်း။

____________________



- သင်သည် မည်သည့်အရာကို ရရှိခဲ့သနည်း။

____________________

**ဂလာတိ၊ ၅း၁၆ – ၁၇၊ ၂၂ – ၂၅ ကို ဖတ်ပါ။**

*"ငါပညတ်သည်ကား၊ ဝိညာဉ်ပကတိအတိုင်းကျင့်ကြလော့။ ထိုသို့ကျင့်လျှင် ဇာတိပကတိ၏ အလိုသို့ မလိုက်ဘဲ နေကြလိမ့်မည်။ အကြောင်းမူကား၊ ဇာတိပကတိနှင့်ဝိညာဉ်ပကတိသည် တပါးနှင့်တပါး ဆန့်ကျင်သော အလိုရှိကြ၏။ တပါးနှင့်တပါး ဆန့်ကျင်ဘက်ဖြစ်၍၊ သင်တို့သည်ကျင့်ချင်သောအကျင့်ကို မကျင့်နိုင်ကြ။*

*ဝိညာဉ်ပကတိ၏အကျိုးမူကား၊ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းပေတည်း။ ထိုသို့သော အကျင့်ကို အဘယ်တရားမျှမမြစ်တား။ ခရစ်တော်နှင့်စပ်ဆိုင်သောသူတို့သည် ဇာတိပကတိကိုင်း၊ ဇာတိပကတိစိတ်များ နှင့် အလိုဆန္ဒများကိုင်း၊ လက်ဝါးကပ်တိုင်မှာ ရိုက်ထားကြပြီ။ သို့ဖြစ်၍၊ ငါတို့သည် ဝိညာဉ်ပကတိကြောင့် အသက်ရှင်လျှင်၊ ဝိညာဉ်ပကတိ အတိုင်း ကျင့်ကြကုန်အံ့။ "*

**ဤမေးခွန်းများကို ဖြေဆိုပါ။**

- သန့်ရှင်းသောဝိညာဉ်တော်သည် သင့်အား <u>မလုပ်ရန်</u> မည်သည့်အကူအညီပေးသနည်း။ ____________
- သန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူတို့အားပေးသော ကောင်းသောအချက် (၉) ချက်မှာ မည်သည့်အရာများဖြစ်သနည်း။ ____________________________________________
____________________________________________
____________________________________________
- ဂလာတိ၊ ၅း၂၅ *"သို့ဖြစ်၍၊ ငါတို့သည် ဝိညာဉ်ပကတိကြောင့် အသက်ရှင်လျှင်၊ ဝိညာဉ်ပကတိ အတိုင်း ကျင့်ကြကုန်အံ့။ "* ကျွန်ုပ်တို့သည် အသက်ရှင်မှုကို မည်သည့်နေရာမှ ရရှိမည်နည်း။ ____________
____________ ကျင့်ကြကုန်အံ့။

လုပ်ဆောင်ချက် (၁)၊ ရုပ်ပုံများ /ရောင်စုံခြယ်စာမျက်နှာ

သင်သည်ဤစာမျက်နှာကိုရောင်စုံခြယ်နိုင်ပါသည်။

**တက်ကြွသွားခြင်း၏မြင်ရသောပုံရိပ်**




**ပင်တေကုတ္တေနေ့၏ မြင်ကွင်းပုံရိပ်**



လုပ်ဆောင်ချက် (၂)၊ ခေါင်းစည်းလက်ရာ

## ပင်တေကုတ္တော ခေါင်းစည်း လက်ရာ



**လမ်းညွှန်ချက်များ**

- အထက်ရှိ မီးလျှံပုံစံကို သုံး၍ ခေါင်းစီးတစ်ခုလုပ်ဆောင်ရန်၊ ကလေးတစ်ဦးစီတိုင်းအား ကူညီပေးပါ။
- မီးလျှံကို ရောင်စုံခြယ်ပြီး၊ ဖြတ်ယူနိုင်ပါသည်။
- ခေါင်းစည်းပြုလုပ်ဘို့ရန်၊ ရောင်စုံစာရွက် (အကျယ် ၁လက်မ၊ အရှည် ၁၂ လက်မ) နှစ်ရွက်ကို ဖြတ်ပါ။ ကန့်လန့်ဖြတ်အစွန်းများကိုအတူတကွတိပ်ဖြင့် စည်း၍ဝိုင်းနေအောင်လုပ်ပါ။ တိပ်ဖြင့်မကပ်မီ၊ ကလေး၏ဦးခေါင်းနှင့်အံ့ကိုက်လုပ်ဆောင်ပါ။ ခေါင်းစည်း၏အရှေ့တည့်တည့်တွင် မီးလျှံကို ထားပါ။

**လုပ်ဆောင်ချက် (၃)၊ ကွက်လပ်များတွင် ဖြည့်ပါ။**


<u>လမ်းညွှန်ချက်များ</u>

- ကျမ်းချက်တစ်ခုစီကိုဖတ်ပါ။ ကွက်လပ်များတွင် လိုအပ်သောစာလုံးများကို ဖြည့်ပါ။
- သင်သည် ရုပ်ပုံများကို အရောင်ခြယ်နိုင်သည်။


**<u>သန့်ရှင်းသောဝိညာဉ်တော် လုပ်ဆောင်သော</u>**
**<u>အခြားသောအရာများသည်မည်သည့်အရာများဖြစ်မည်နည်း။</u>**



ယောဟန် ၁း၃၂-၃၃၊ ယောဟန်သည် သန့်ရှင်းသော ဝိညာဉ်တော်ကို မည်သို့နှိုင်းယှဉ်ထားသနည်း။ ________________ ထိုအချက် သည် မည်သည့်အဓိပ္ပါယ် ရှိသနည်း။ ________________________________



ယောဟန် ၇း၃၇-၃၉၊ "ငါ့ကို__________သောသူသည် ကျမ်းစာလာသည်အတိုင်း အသက် ________ ထွက်ရာ စမ်းရေတွင်းဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။" ယေရှုသည် ________ ________ အကြောင်းကို ပြောနေခြင်းဖြစ်သည်။



တ၊ ၁း၈၊ ရုပ်ပုံနှင့် ယုံကြည်သူတို့အား သန့်ရှင်းသော ဝိညာဉ်တော်ကပေးသော တန်ခိုးတော်ကို ရှင်းပြပါ။

________________________________________

________________________________________



ဂလာတိ၊ ၅း၂၂-၂၃၊ ယုံကြည်သူတို့၏အသက်တာတွင် သန့်ရှင်းသောဝိညာဉ်တော်က ကူညီပေးသောအရာများ သည် မည်သည့်အရာများဖြစ်သနည်း။ ______________၊


______________၊ ______________၊______________

______________၊ ______________၊ ______________


______________၊ ______________၊


## ၂။ တပည့်တော်များ နာခံခြင်း၊ အသင်းဝင်ဖြစ်ခြင်းနှင့် အောက်မေ့ဘွယ်ရာများ။


### သင်ခန်းစာ – ၃
### ရေနှစ်ခြင်းမင်္ဂလာ


သေခြင်း


သင်္ဂြိုလ်ခြင်း


ရှင်ပြန်ထမြောက်ခြင်း





**ယုံကြည်သူတစ်ဦးသည် ရေနစ်ခြင်းမင်္ဂလာကို ခံယူသောအခါ၊ ထိုယုံကြည်သူသည် ခရစ်တော်၏သေခြင်း၊ သင်္ဂြိုလ်ခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းတို့တွင် ပါဝင်ခဲ့သည့် ပြင်ပသင်္ကေတတစ်ခုဖြစ်သည်။**ယေရှုသည် ရေနှစ်ခြင်းမင်္ဂလာကိုခံယူခဲ့သည်။ ဘုရားသခင်သည် ယုံကြည်သူတို့အား ခရစ်တော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်သည် ထိုသူတို့အတွက် လုပ်ဆောင်ပေးခဲ့သောအရာများကိုအောက်မေ့ဘို့ရန်အတွက်၊ ရေနှစ်ခြင်းမင်္ဂလာကိုခံယူကြရန်၊ အလိုရှိတော်မူသည်။

**<u>ကျက်မှတ်ရန် ကျမ်းချက်များ</u>**
**ရောမ ၆း၄**

*“ထိုကြောင့်၊ အသေခံတော်မူခြင်း၌ ဗတ္တိဇံကို ခံသောအားဖြင့်၊ ထိုသခင်နှင့်အတူ သင်္ဂြိုဟ်ခြင်းကိုခံကြ၏။ အကြောင်းမူကား၊ ခရစ်တော်သည် ခမည်းတော်၏ ဘုန်း တန်ခိုးအားဖြင့် သေခြင်းမှ ထမြောက်တော်မူသည်နည်းတူ၊ ငါတို့သည်လည်း အသစ်သောအသက်၌ ကျင်လည်ရကြသတည်း။”*

**<u>မဿဲ ၃း၁၃ – ၁၇ ကိုဖတ်ပါ။</u>**

*“ထိုအခါယေရှုသည် ဗတ္တိဇံကိုခံအံ့သောငှါ ဂါလိလဲပြည်မှ ယောဒန်မြစ်နားယောဟန် ထံသို့ ကြွတော်မူ၏။ ယောဟန်ကလည်း၊ အကျွန်ုပ်သည် ကိုယ်တော်ထံ၌ ဗတ္တိဇံကိုခံရမည်အကြောင်းရှိပါသည်ဖြစ်၍၊ ကိုယ်တော်သည် အကျွန်ုပ်ထံသို့ ကြွလာတော်မူသလောဟု ယေရှုကို ဆီးတားလေ၏။ ယေရှုကလည်း အလုံးစုံသောတရားတို့ကို အကုန်အစင်ကျင့်သင့်သည်ဖြစ်၍၊ ယခု အခွင့်ပေးပါဟု ပြန်ပြောတော်မူ၏။ ထိုအခါ ယောဟန်သည် ဝန်ခံလေ၏။ ယေရှုသည် ဗတ္တိဇံကိုခံတော်မူပြီးလျှင်၊ ရေမှပေါ်ထစဉ်တွင်၊ ကောင်းကင်ဖွင့်လှစ်သဖြင့်၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ဆင်းသက်၍ ကိုယ်တော်အပေါ်၌ နားတော်မူသည်ကိုမြင်ရ၍၊ ဤသူကား ငါနှစ်သက်မြတ်နိုးရာ၊ ငါ၏ချစ်သားပေတည်းဟု ကောင်းကင်က အသံတော်ဖြစ်လေ၏။”*

**ဤမေးခွန်းများကို ကလေးများအား မေးမြန်းပါ။**

- ယေရှုသည် ယောဟန်အား သူ့အတွက် မည်သည့်အရာကို လုပ်ဆောင်စေလိုသနည်း။

  ________________________________________

- ရေနှစ်ခြင်းမင်္ဂလာကို ခံယူလိုကြောင်း ယေရှုသည် အဘယ်ကြောင့် ပြောသနည်း။

  ________________________________________

- ယောဟန်သည် ယေရှုကို မည်ကဲ့သို့ ရေနှစ်ခြင်းမင်္ဂလာကိုပေးသနည်း။

  ________________________________________

- ယေရှု ရေနှစ်ခြင်းမင်္ဂလာခံယူပြီးနောက်၊ ဘုရားသခင်သည် မည်သို့ပြောဆိုခဲ့သနည်း။

  ________________________________________

**ရောမ၊ ၆း၃ – ၁၁ ကိုဖတ်ပါ။**

*"ယေရှုခရစ်၌ ဗတ္တိဇံကို ခံသောသူရှိသမျှတို့သည် အသေခံတော်မူခြင်း၌ဗတ္တိဇံကို ခံကြသည်ဟု သင်တို့ မသိသလော။ ထို့ကြောင့်၊ အသေခံတော်မူခြင်း၌ ဗတ္တိဇံကိုခံသောအားဖြင့်၊ ထိုသခင်နှင့်အတူ သင်္ဂြိုဟ်ခြင်းကို ခံကြ၏။ အကြောင်းမူကား၊ ခရစ်တော်သည် ခမည်းတော်၏ ဘုန်းတန်ခိုးအားဖြင့် သေခြင်းမှ ထမြောက်တော်မူ သည်နည်းတူ၊ ငါတို့သည်လည်း အသစ်သောအသက်၌ ကျင်လည်ရကြသတည်း။ တနည်းကား၊ အသေခံတော် မူခြင်း၏ပုံသဏ္ဍာန်ကိုဆောင်၍၊ ထိုသခင်နှင့်အတူ ငါတို့သည် စိုက်ပျိုးလျက်ရှိသည်မှန်လျှင်၊ ထမြောက်တော်မူခြင်း ၏ ပုံသဏ္ဍာန်ကို ဆောင်၍ စိုက်ပျိုးလျက်ရှိကြလိမ့်မည်။*

*ထိုမှတပါး၊ ငါတို့၏ လူဟောင်းသည် ထိုသခင်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေသတ်ခြင်းကိုခံပြီဟု ငါတို့ သိကြ၏။ အကြောင်းမူကား၊ ငါတို့သည်နောက်မှ အပြစ်တရား၏ အစေကိုမခံစေခြင်းငှါ၊ အပြစ်တရား၏ ကိုယ်ကိုဖျက်ဆီးမည် အကြောင်းတည်း။ သေသောသူသည် အပြစ်တရား၏လက်မှ လွတ်လျက်ရှိ၏။*

*ခရစ်တော်သည် သေခြင်းမှထမြောက်သောအခါ၊ သေခြင်းနှင့်အစဉ် ကင်းလွတ်တော်မူ၏။ သေခြင်းတရား သည် နောက်တဖန် ကိုယ်တော်ကို မအုပ်စိုးရသည်ကို ထောက်သော်၊ ငါတို့သည် ခရစ်တော်နှင့်အတူသေလျှင်၊ ထိုသခင်နှင့်အတူ ရှင်လိမ့်မည်ဟု သဘော ရှိကြ၏။ ခရစ်တော်သည် အသေခံတော်မူရာမှာ၊ အပြစ်တရားကြောင့် တကြိမ်သာခံတော်မူ ၏။ အသက်ရှင်တော်မူရာမှာ၊ ဘုရားသခင့်အဘို့ ရှင်တော်မူ၏။ ထိုနည်းတူ သင်တို့သည် အပြစ်တရားနှင့် ဆိုင်သောအရာ၌ကား၊ အသေဖြစ်သည် ဟူ၍၎င်း၊ ဘုရားသခင်နှင့် ဆိုင်သော အရာ၌ကား၊ ငါတို့သခင်ယေရှုခရစ်အားဖြင့် အသက်ရှင်သည်ဟူ၍၎င်း၊ ကိုယ်ကိုကိုယ် ထင်မှတ်ကြလော့။"*

**ဤမေးခွန်းများကို ဖြေဆိုပါ။**

- ရေနှစ်ခြင်းမင်္ဂလာသည် ကျွန်ုပ်တို့၏အပြစ်များမှ ကယ်တင်ခြင်း ပေးနိုင်ပါသလား။ ____________________

  ________________________________________

  ________________________________________

- ရေနှစ်ခြင်းမင်္ဂလာသည် ခရစ်တော်၌ ကျွန်ုပ်တို့ဖြစ်လာမည့် ________________ အခြေအနေကို ဖော်ပြသည်။
- ယုံကြည်သူများသည် အဘယ်ကြောင့် ယေရှုကဲ့သို့ ရေနှစ်ခြင်းမင်္ဂလာကို ခံယူသင့်သနည်း။ ________________

  ________________________________________

  ________________________________________


## ယေရှု၏ရေနှစ်ခြင်းမင်္ဂလာ



လုပ်ဆောင်ချက် (၂)၊ ကွက်လပ်များကို ဖြည့်ပါ။

## <u>သေခြင်း၊ သင်္ဂြိုလ်ခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း</u>





**<u>ဤသင်ခန်းစာတွင် သင်ယူခဲ့သောအရာမှာ</u>**

- **ကျွန်ုပ်တို့၏အပြစ်အတွက်နောင်တရခြင်းသည်** လက်ဝါးကပ်တိုင်ပေါ်တွင် ယေရှု၏အသေခံခြင်းကို ပုံဆောင် (ရုပ်တည်ပေး)ပါသည်။
- ကျွန်ုပ်တို့ရေအောက်သို့ရောက်ရှိသွားခြင်းသည် ယေရှု၏သင်္ဂြိုလ်ခြင်းကို ပုံဆောင်သည်။
- ကျွန်ုပ်တို့ရေထဲမှတက်လာခြင်းသည် ယေရှု၏ရှင်ပြန်ထမြောက်ခြင်းကိုပုံဆောင်သည်။ (အသက်ပြန်ရှင်ခြင်း)

**<u>လမ်းညွှန်ချက်များ</u>**

- ရုပ်ပုံတို့၏အောက်မျဉ်းပေါ်တွင် တစ်ပုံချင်းစီနှင့်ကိုက်ညီသော အဆိုပြုချက်၏နံပါတ်များကို ချရေးပါ။

  ၁။ ကျွန်ုပ်တို့အပြစ်များအတွက် နောင်တရခြင်း

  ၂။ လက်ဝါးကပ်တိုင်ပေါ်တွင် ယေရှု၏အသေခံခြင်း

  ၃။ ကျွန်ုပ်တို့သည် ရေအောက်သို့ရောက်ရှိသွားခြင်း


  ၄။ ယေရှု၏ သင်္ဂြိုလ်ခံရခြင်း

  ၅။ ကျွန်ုပ်တို့သည် ရေထဲမှ တက်လာခြင်း

  ၆။ ယေရှု၏ရှင်ပြန်ထမြောက်ခြင်း (အသက်ပြန်ရှင်ခြင်း)

# သင်ခန်းစာ – ၄
# သင်းဝင်သူများအချင်းချင်း





ကျွန်ုပ်တို့၏အပြစ်များကို ခွင့်လွှတ်ရန် ခရစ်တော်ကိုယုံကြည်ကိုးစားပြီး၊ ကျွန်ုပ်တို့အား ကူညီရန် သန့်ရှင်းသော ဝိညာဉ်တော်အား လက်ခံရရှိသောအခါ၊ ကျွန်ုပ်တို့သည် အခြားသောအံ့သြဖွယ်လက်ဆောင်တစ်ခုကိုလည်းရရှိပါသည်။ **ကျွန်ုပ်တို့သည် ဘုရားသခင်၏မိသားစု၊ ဘုရားသခင်၏အိမ်တော် (သို့) အသင်းတော်တည်းဟူသော ခရစ်တော်၏ ခန္ဓာကိုယ်အစိတ်အပိုင်းများဖြစ်လာပါသည်။** ထိုအဖွဲ့သည် ကမ္ဘာတစ်ဝှမ်းလုံးတွင် ရှိသော ခရစ်တော်၏နောက်လိုက်ဖြစ်သောသူအားလုံးနှင့် ပေါင်းစပ်ဖွဲ့စည်းထားပါသည်။ ကျွန်ုပ်တို့သည် တစ်ဦးတည်း မဟုတ်ပါ။ ယခုတွင်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ယုံကြည်သူမိသားစုများတို့၏ အစိတ်အပိုင်းများဖြစ်ပါသည်။

## <u>ကျက်မှတ်ရန် ကျမ်းချက်များ</u>

**၁ကော၊ ၁၂း၁၂**

*"ဥပမာကား၊ ကိုယ်တခုတည်း၌ အင်္ဂါအများရှိသည်ဖြစ်၍၊ ထိုတခုတည်းသောကိုယ်၏အင်္ဂါအပေါင်းတို့သည် များလျက်နှင့် ကိုယ်တခုတည်းဖြစ်သကဲ့သို့၊ ထိုနည်းတူ ခရစ်တော်ဖြစ်၏။"*

၁ကော၊ ၁၂း၁၂ - ၂၇ ကိုဖတ်ပါ။

*"ဥပမာကား၊ ကိုယ်တခုတည်း၌ အင်္ဂါအများရှိသည်ဖြစ်၍၊ ထိုတခုတည်းသောကိုယ်၏ အင်္ဂါအပေါင်းတို့သည် များလျက်နှင့် ကိုယ်တခုတည်းဖြစ်သကဲ့သို့၊ ထိုနည်းတူ ခရစ်တော်ဖြစ်၏။ အကြောင်းမူကား၊ ယုဒလူဖြစ်စေ၊ ဟေလသလူဖြစ်စေ၊ ကျွန်ဖြစ်စေ၊ လူလွတ်ဖြစ်စေ၊ ငါတို့ရှိသမျှသည် ဝိညာဉ်တော်တပါးတည်းအားဖြင့် တကိုယ်တည်းထဲသို့ ဗတ္တိဇံကို ခံကြ၏။ ငါတို့ရှိသမျှသည် တစိတ်တဝိညာဉ်တည်းထဲသို့လည်း သောက်ကြ၏။*

*ကိုယ်သည် အင်္ဂါတခုတည်းရှိသည်မဟုတ်၊ အများရှိသည်ဖြစ်၍၊ ခြေက၊ ငါသည်လက်မဟုတ်သောကြောင့် ကိုယ်နှင့်မစပ်ဆိုင်ဟုဆိုလျှင်၊ ထိုသို့ဆို သောကြောင့် မစပ်ဆိုင်သည် မှန်သလော။ နားကလည်း၊ ငါသည် မျက်စိမဟုတ်သောကြောင့် ကိုယ်နှင့်မစပ်ဆိုင်ဟုဆိုလျှင်၊ ထိုသို့ဆိုသောကြောင့် မစပ်ဆိုင်သည်မှန်သလော။ တကိုယ်လုံးသည် မျက်စိဖြစ်လျှင် အဘယ်သို့ကြားနိုင်မည်နည်း။ တကိုယ်လုံးသည် နားဖြစ်လျှင် အဘယ်သို့ နမ်းနိုင်မည်နည်း ယခုမူကား၊ ဘုရားသခင်သည် အလိုတော်ရှိသည်အတိုင်းအင်္ဂါများ အသီးအသီးတို့ ကို ကိုယ်၌ စီရင်ခန့်ထားတော်မူ၏။ ထိုမှတပါး၊ အင်္ဂါအပေါင်းတို့သည် အင်္ဂါတခုတည်းဖြစ်လျှင် ကိုယ်သည်အဘယ်မှာ ရှိလိမ့်မည်နည်း။ ယခုတွင် အင်္ဂါအများရှိလျက်နှင့် ကိုယ်တခုတည်းရှိ၏။*

*မျက်စိက၊ သင့်ကိုငါအလိုမရှိဟု လက်ကိုမဆိုရ။ ထိုနည်းတူ၊ ဦးခေါင်းက၊ သင်တို့ ကို ငါအလိုမရှိဟု ခြေတို့ကိုမဆိုရ။ ထိုမျှမက အားနည်းဟန်ရှိသော အင်္ဂါတို့သည် သာ၍ အသုံးဝင်ကြ၏။ အသရေနည်းဟန်ရှိသော အင်္ဂါတို့အားလည်း၊ သာ၍ကြီးသော အသရေကိုပေးတတ်၏။ တင့်တယ်ခြင်းမရှိသောအင်္ဂါတို့သည် သာ၍ကြီးသော တင့်တယ်ခြင်းကို ခံရကြ၏။ တင့်တယ်လျက်ရှိသောအင်္ဂါတို့သည်အခြားသောတင့်တယ်ခြင်းကို မလိုကြ။ ကိုယ်ခန္ဓာ၌ အချင်းချင်းကွဲပြားခြင်းမရှိဘဲ၊ အင်္ဂါများတို့သည် အချင်းချင်းသူ့ကို ကိုယ်နှင့်အမျှ သတိပြုစေခြင်းငှါ၊ ဘုရားသခင်သည် ကိုယ်ခန္ဓာကိုမျှစေ၍၊ ယုတ် သောအင်္ဂါအား သာ၍များသောအသရေကို ပေးတော်မူ၏။ သို့ဖြစ်၍၊ အင်္ဂါတခုတည်းဆင်းရဲခြင်းကိုခံရလျှင်၊ အင်္ဂါအပေါင်းတို့သည် အတူခံရကြ၏။ အင်္ဂါတခုသည် ချီးမြှောက်ခြင်းကိုခံရလျှင်၊ အင်္ဂါအပေါင်းတို့သည် အတူဝမ်းမြောက်ရကြ၏။*

*သင်တို့သည် ခရစ်တော်၏ကိုယ်ဖြစ်ကြ၏။ အသီးအသီး အင်္ဂါတော်ဖြစ်ကြ၏။ "*

**ဤမေးခွန်းများကို ဖြေဆိုပါ။**

- ယုံကြည်သူတို့သည် အချင်းချင်းတစ်ယောက်ကိုတစ်ယောက်ကြည့်ရှုရမည်။ ________________ မတိုင်မီ၊ အခြားသောသူတို့၏အမှုအရာကို တွေးတောတတ်ရမည်။
- အကယ်၍ သင်၏လက်မကို တူဖြင့်ထုမိပါက၊ သင်လက်မ သက်သာဘို့ရန် အခြားသော လက်က မည်သည့် အရာကိုလုပ်ဆောင်မည်နည်း။ (နာကျင်နေသောလက်မကို အခြားသောလက်ဖြင့်၊ ပတ်တီးစည်းပေးခြင်းကို သရုပ်ပြပါ။ ကလေးတွေကို သူတို့၏ကိုယ်ပိုင်စကားလုံးများဖြင့် တုန့်ပြန်ခိုင်းပါ။) ________________
- ထိုကဲ့သို့ပင်၊ အကယ်၍လူတစ်ယောက်သည် ခန္ဓာကိုယ်တွင်နာကျင်နေပါက၊ ခန္ဓာဝင်အစိတ်အပိုင်းတို့သည် ____________________ ပြုသင့်သည်။ အကယ်၍ အသင်းဝင်တစ်ယောက်သည် ချီးမြှောက်ခြင်းခံစားရပါက၊ အခြားသောအသင်းသားအားလုံးတို့သည် ထိုပုဂ္ဂိုလ်အတွက် __________ ပြုသင့်သည်။

## ခရစ်တော်၏ခန္ဓာကိုယ်
### ကိုယ်ခန္ဓာတစ်ခု /များစွာသော သင်းဝင်သူများ



၁ကော၊ ၁၂း၁၂


*"ဥပမာကား၊ ကိုယ်တခုတည်း၌ အင်္ဂါအများရှိသည်ဖြစ်၍၊*
*ထိုတခုတည်းသောကိုယ် ၏ အင်္ဂါအပေါင်းတို့သည် များလျက်နှင့် ကိုယ်တခုတည်းဖြစ်သကဲ့သို့၊*
*ထိုနည်းတူ ခရစ်တော်ဖြစ်၏။"*

**လုပ်ဆောင်ချက် (၂)၊ ခရစ်တော်၏ကိုယ်ခန္ဓာ အလုပ်စာတမ်း**


<u>လမ်းညွှန်ချက်များ</u>

- ပုံတစ်ခုစီအောက်ရှိ၊ ကျမ်းပိုဒ်များကို ဖတ်ပါ။
- စာပိုဒ်တစ်ခုစီအတွက် မေးခွန်းများကိုဖြေပါ။

## <u>ခရစ်တော်၏ကိုယ်ခန္ဓာ စာတမ်း</u>



ဧဖက်၊ ၂း၁၂ - ၁၉ ကိုဖတ်ပါ။



၁ကော၊ ၁၂း၁၂ - ၁၄၊ ၂၇ ကိုဖတ်ပါ။

၁။ ဧဖက်၊ ၂း၁၂ - ၁၉ ထံမှ၊ <u>ခရစ်တော်၏ကိုယ်ခန္ဓာအပြင်ဘက်တွင်</u> ရှိသော ပျောက်ဆုံးသွားသောသူများအကြောင်း သင်ယူလေ့လာသောအရာများကို ကိုယ်ပိုင်စကားလုံးများဖြင့်ရေးသားပါ။

____________________

____________________

____________________

____________________

____________________

၂။ ၁ကော၊ ၁၂း၁၂ - ၁၄၊ ၂၇ ထံမှ၊ ခရစ်တော်၏ကိုယ်ခန္ဓာအကြောင်း သင်ယူလေ့လာသောအရာများကို ကိုယ်ပိုင် စကားလုံးများဖြင့် ရေးသားပါ။


____________________

____________________

____________________

____________________

# သင်ခန်းစာ – ၅
# ပွဲတော်မင်္ဂလာ



ပသခါသိုးသငယ်



အသစ်သော ပဋိညာဉ်




ရှင်ပြန်ထမြောက်ခြင်း



မုန့်



စပျစ်ရည်



ပြန်ကြွလာသည့်တိုင်အောင်

**နောက်ဆုံးသောညတွင်၊ ယေရှုသည် တပည့်တော်များနှင့်အတူနေ၍ အထူးညစာဖြင့် ဧည့်ခံတော်မူ၏။ ယင်းကို ပွဲတော်မင်္ဂလာဟု ခေါ်သည်။** ကျွန်ုပ်တို့အပြစ်အတွက် အသေခံချိန်၌ ယဇ်ပူဇော်မည့် သူ၏ကိုယ်ခန္ဓာနှင့် အသွေးကို အောက်မေ့ရန် တပည့်တော်များအား မုန့်နှင့်စပျစ်ရည်ကိုပေးတော်မူ၏။ ခရစ်တော်၏နောက်လိုက်များ ဖြစ်ကြသော ကျွန်တော်တို့သည် ပွဲတော်မင်္ဂလာကို သုံးဆောင်ရခြင်းမှာ ကိုယ်တော်ကို အောက်မေ့ ရန်နှင့် လက်ဝါး ကပ်တိုင်ပေါ်တွင် ကျွန်ုပ်တို့အတွက် ယေရှုအသေခံခြင်းကို ကိုယ်တော်မကြွလာမီတိုင်အောင် ကြွေးကြော်ရန် ဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ပသခါသိုးသငယ်ဖြစ်သည်။ သူသည် လက်ဝါးကပ်တိုင်ပေါ်တွင် အသွေးကို သွန်းလောင်းပြီး၊ အသေခံခြင်းနှင့် ထမြောက်ခြင်းတို့အားဖြင့်ကျွန်ုပ်တို့အား အသစ်သောပဋိညာဉ် (သို့) အသစ်သော ကတိတော်ကိုဘုရားသခင်ထံတော်မှ ပေးတော်မူ၏။ ထိုအရာအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၌ အသစ်သော သတ္တဝါဖြစ်လာဘို့ရန်ဖြစ်သည်။

## ကျက်မှတ်ရန် ကျမ်းချက်များ

**လုကာ၊ ၂၂း၁၉**

*"ထိုအခါ မုန့်ကိုယူ၍ ကျေးဇူးတော်ကိုချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍၊ ဤမုန့်ကား သင်တို့ အဘို့အလိုငှါ စွန့်သော ငါ၏ကိုယ်ဖြစ်၏။ ငါ့ကိုအောက်မေ့ဘို့ရာ ဤသို့ပြုကြလော့ဟု မိန့်တော်မူ၏။"*

## ထွ၊ ၁၂း၂၁ – ၃၀ ကိုဖတ်ပါ။

*"ထိုအခါမောရှေသည် ဣသရေလအမျိုးအသက်ကြီးသူအပေါင်းတို့ကိုခေါ်၍၊ သင်တို့သည် အိမ်ထောင်များ အသီးအသီး ကိုယ်စီကိုယ်စီ သိုးသငယ်တို့ကိုယူ၍ပသခါပွဲ ဘို့သတ်ကြလော့။ ဟုဿုပ်ပင်ညွန့် တစည်းကိုယူ၍ အင်တုံ၌ထည့်သော အသွေးထဲမှာနှစ်ပြီးလျှင်၊ တံခါးထုပ် တံခါးတိုင်နှစ်ဘက်တို့ကို ထိုးသုတ်ကြလော့။ ထိုနောက်မှ နံနက် တိုင်အောင် အဘယ်သူမျှ မိမိအိမ်တံခါးပြင်သို့ မထွက်မသွားရ။ အကြောင်းမူကား၊ ထာဝရဘုရားသည် အဲဂုတ္တုလူတို့ကို ဒဏ်ခတ်ခြင်းငှါ ထုတ်ချင်း ခတ်သွားတော်မူမည်။ တံခါးထုပ်နှင့်တံခါးတိုင် နှစ်ဘက်၌ရှိသော အသွေးကိုမြင်သောအခါ၊ ထာဝရဘုရားသည် တံခါးကိုလွန်သွားတော်မူမည်။ ဖျက်ဆီးသော သူသည် သင်တို့ကို ဒဏ်ခတ်ခြင်းငှါ အိမ်ထဲသို့ဝင်ရသောအခွင့်ကို ပေးတော်မမူ။*

*သင်တို့နှင့် သင်တို့၏သားများ၌ ပညတ်တော်ရှိသည်ဖြစ်၍၊ ဤအမှုကိုအစဉ်အမြဲ စောင့်ရကြမည်။ ဂတိတော်ရှိသည်အတိုင်း၊ ထာဝရဘုရားပေးတော်မူလတ့ံသောပြည်သို့ သင်တို့သည် ရောက်ကြသောအခါ ဤဝတ်ကိုပြုရမည်။ သင်တို့၏သားမြေးတို့က၊ ဤဝတ်ကိုပြု၍ အဘယ်သို့ဆိုလိုသနည်းဟု မေးမြန်းကြလျှင်၊ ထာဝရဘုရားသည် အဲဂုတ္တုလူတို့ကိုဒဏ်ခတ်၍၊ ငါတို့အိမ်များကို ချမ်းသာပေးတော် မူသောအခါ၊ အဲဂုတ္တုပြည်၌ ဣသရေလအမျိုးသားတို့၏ အိမ်များကို လွန်သွားတော် မူသော ထာဝရဘုရား၏ ပသခါယဇ်ဖြစ်သတည်းဟု*

*ပြန်ပြောရကြမည်ဟု မောရှေ ဆိုပြီးလျှင်၊ ထိုသူတို့သည်ဦးညွှတ်ချ၍ ကိုးကွယ်ကြ၏။ ထိုသို့မောရှေနှင့် အာရုန်တို့ကို ထာဝရဘုရားမှာ ထားတော်မူသည်အတိုင်း၊ ဣသရေလအမျိုးသားတို့သည် ပြုကြ၏။*

*သန်းခေါင်အချိန်၌၊ ထာဝရဘုရားသည်နန်းထိုင်သော ဖါရောဘုရင်၏သားဦးမှစ၍ ထောင်ထဲမှာ အချုပ်ခံရသောသူ၏ သားဦးတိုင်အောင်၊ အဲဂုတ္တုပြည်၌ သားဦးရှိသမျှကိုငှင်း၊ တိရစ္ဆာန်တို့၏ သားဦးရှိသမျှကိုငှင်း ဒဏ်ခတ်တော်မူ၏။ ထိုညဥ့်တွင်၊ ဖါရောဘုရင်နှင့် သူ၏ကျွန်များ၊ အဲဂုတ္တုလူများတို့သည်ထကြ၍၊ အသေ ကောင်ကင်းသောအိမ် တအိမ်မျှမရှိသောကြောင့်၊ အဲဂုတ္တုပြည်၌ ကြီးစွာသောငိုကြွေး ခြင်းဖြစ်လေ၏။"*

__ဤမေးခွန်းများကို ဖြေဆိုပါ။__

- သိုးသူငယ်၏အသွေးကို အိမ်တိုင်များပတ်လည်၌ သုတ်လိမ်းရန် ဣသရေလလူတို့ကို မောရှေသည် အဘယ် ကြောင့် ပြောသနည်း။ ထိုအရာသည် လုပ်ဆောင်ရန် ထူးဆန်းသော အရာကဲ့သို့ တွေ့မြင်ရသည်။ ____________

  ____________________________________________
- တံခါးဘောင်ပတ်လည်တွင် အသွေးမရှိသော အီဂျစ်လူမျိုးများတွင် မည်သို့ဖြစ်ပျက်ခဲ့သနည်း။

  ____________________________________________
- တံခါးဘောင်ပတ်လည်တွင်အသွေးသုတ်လိမ်းထားသော ဣသရေလလူမျိုးများတွင်လည်း မည်သို့ဖြစ်ပျက်ခဲ့ သနည်း။ ____________________________________________

__မဿဲ ၂၆း၂၆ – ၂၈ ကိုဖတ်ပါ။__

*"ထိုအခါ စားလျက်နေကြစဉ်တွင်၊ ယေရှုသည်မုန့်ကိုယူ၍ ကျေးဇူးတော်ကိုချီးမွမ်းပြီး မှမုန့်ကိုဖဲ့၍၊ ဤမုန့်ကား ငါ၏ကိုယ်ဖြစ်၏။ ယူ၍စားကြလော့ဟု မိန့်တော်မူလျက်၊ တပည့်တော်တို့အား ပေးတော်မူ၏။ ခွက်ကိုလည်းယူ၍၊ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ သူတို့အားပေးတော်မူ၍၊ သင်တို့ ရှိသမျှသည် သောက်ကြလော့။ ဤခွက်ကား ပဋိညာဉ်တရားသစ်နှင့်ဆိုင်၍ လူများတို့၏အပြစ်ကို လွှတ်စေခြင်းငှါ သွန်းသော ငါ၏အသွေးဖြစ်၏။"*

__ဤမေးခွန်းများကို ဖြေဆိုပါ။__

- မုန့်သည် အဘယ်အရာကို ကိုယ်စားပြုသည်ဟု ယေရှု ပြောခဲ့သနည်း။ ____________
- ခွက်သည် အဘယ်အရာကို ကိုယ်စားပြုသည်ဟု ယေရှုပြောခဲ့သနည်း။ ____________
- <u>လုကာ၊ ၂၂း၁၉ ကိုဖတ်ပါ။</u> သခင်ဘုရား၏ညစာစားပွဲကို ယုံကြည်သူများအား အဘယ်ကြောင့် ယူဆောင်ရန် ယေရှုပြောခဲ့သနည်း။


  *"ထိုအခါ မုန့်ကိုယူ၍ ကျေးဇူးတော်ကိုချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍၊ ဤမုန့်ကား သင်တို့ အဘို့အလို့ငှါ စွန့်သော ငါ၏ကိုယ်ဖြစ်၏။ ငါ့ကိုအောက်မေ့ဘို့ရာ ဤသို့ပြုကြလော့ဟု မိန့်တော်မူ၏"*

  ____________________________________________
- သခင်ဘုရား၏ညစာစားပွဲ စားသောက်ခြင်းက ယေရှုသည် ကျွန်ုပ်တို့၏နေရာ၌အသေခံခဲ့သော ကျွန်ုပ်တို့၏ ပဿခါသိုးသူငယ်ဖြစ်ကြောင်းကို သတိရစေပါသည်။ ရေနစ်ခြင်းမင်္ဂလာသည် ကျွန်ုပ်တို့ကို မကယ်တင်နိုင်သကဲ့ သို့ ၊ သခင်ဘုရား၏ညစာ စားပွဲသည် ကျွန်ုပ်တို့အား ကယ်တင်ခြင်းမပေးနိုင်ပါ။ မည်သည့်အရာက ကျွန်ုပ်တို့ကို ကယ်တင်နိုင်သနည်း။ ____________________________________________
- ဘုရားသခင်သည် ကျွန်ုပ်တို့ ယုံကြည်သူများအနေဖြင့် သခင်ဘုရား၏ညစာစားပွဲကို ဆက်လက် လုပ်ဆောင်စေ လိုသည်။ ထိုမှသာ ကျွန်ုပ်တို့သည် ____________________________________________ မရှိနိုင်ပါ။

လုပ်ဆောင်ချက် (၁)၊ ရုပ်ပုံများ /ရောင်စုံခြယ် စာမျက်နှာ

ဤစာမျက်နှာကို ရောင်စုံခြယ်သပေးပါ

<u>**ယေရှု၊ ကျွန်ုပ်တို့၏ပသခါသိုးသူငယ်**</u>




*ဤလောက၏အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏ သိုးသငယ်ကို ကြည့်လော့။*
ယောဟန်၊ ၁း၂၉

**လုပ်ဆောင်ချက် (၂)၊ ကွက်လပ်များကိုဖြည့်ပါ။ သခင်ဘုရား၏ညစာ စားပွဲ**

<u>လမ်းညွှန်ချက်များ</u>

- ရုပ်ပုံများအတွက် ကျမ်းပိုဒ်များကို ဖတ်ပါ။ စာပိုဒ်တစ်ခုစီအတွက် ကွက်လပ်များကိုဖြည့်ပါ။


## <u>သခင်ဘုရား၏ညစာစားပွဲ</u>



ထွ၊ ၁၂း၂၃ "အကြောင်းမူကား၊ ထာဝရဘုရားသည် အဲဂုတ္တုလူတို့ကို ဒဏ်ခတ်ခြင်းငှါ ထုတ်ချင်း ထာဝရဘုရားသည် တံခါးကို________________ တော်မူမည်။"



၁ကော၊ ၅း၇ "အကြောင်းမူကား၊ ခရစ်တော်တည်းဟူသော ငါတို့________________သည် ငါတို့အဘို့ ယဇ်ပူဇော်ရာ ဖြစ်၏။"





**၁ကော၊ ၁၁း၂၃ - ၂၄၊** "အကြောင်းမူကား၊ သင်တို့၌ ငါအပ်ပေးသောအရာကို သခင်ဘုရားထံ၌ ငါခံရပြီ။ ခံရသောအရာဟူမူကား၊ သခင်ယေရှုသည် ရန်သူလက်သို့ အပ်နှံခြင်းကို ခံသောနေ့ ညမှာ မုန့်ကိုယူ၍၊ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍၊ ဤမုန့်ကား၊ သင်တို့အဘို့အလိုငှါ ချိုးဖဲ့ သော ____________ ဖြစ်၏။ ယူ၍စားကြလော့။ ငါ့ကိုအောက်မေ့ဘို့ရာ ဤသို့ပြုကြ လော့ဟု မိန့်တော် မူ၏။"

**၁ကော၊ ၁၁း၂၅၊** "ထိုနည်းတူ၊ ညစာစားပြီးမှ ခွက်ကိုလည်းယူ၍၊ ဤခွက်ကား ငါ၏ ____________ ၌ တည်သော ပဋိညာဉ် တရားသစ် ဖြစ်၏။ ဤခွက်ကို သောက်သောအခါခါ၊ ငါ့ကို အောက်မေ့ဘို့ရာသောက်ကြလော့ဟု မိန့်တော်မူ၏။"




**၁ကော၊ ၁၁း၂၃ - ၂၅၊** "ဤမုန့်ကား၊ သင်တို့အဘို့အလိုငှါ ချိုးဖဲ့ သော ငါ၏ကိုယ်ဖြစ်၏။ ယူ၍စားကြလော့။ ငါ့ကို ____________ ဘို့ရာ ဤသို့ပြုကြ လော့ဟု မိန့်တော်မူ၏။"

# ၃။ တပည့်တော်များ သမ္မာကျမ်းစာလေ့လာမှုတွင် တည်ဆောက်ခြင်း

## သင်ခန်းစာ – ၆

## သမ္မာကျမ်းစာ လေ့လာရန် လမ်းညွှန်ချက်များ




**ဘုရားသခင်အတွက် အသက်ရှင်တဲ့အခါ ကျွန်ုပ်တို့အား ကူညီဖေးမရန်၊ သမ္မာကျမ်းစာတွင် သူ၏ နှုတ်ကပတ်တော်ကို ပေးခဲ့ကြောင်းကျွန်ုပ်တို့လေ့လာသိရှိခဲ့ပါသည်။** ထိုသို့လုပ်ဆောင်ရန် အတွက်၊ ဘုရားသခင်သည် ကျွန်ုပ်တို့အား လုပ်ဆောင်စေလိုသော အရာကို လေ့လာနိုင်ရန်၊ သမ္မာကျမ်းစာကို မည်သို့လေ့လာ ရမည်ကို ကျွန်ုပ်တို့ သိရှိဘို့လိုသည်။ သမ္မာကျမ်းစာပါ ကျမ်းပိုဒ်များကို လေ့လာရန်၊ အရေးကြီးသော အဆင့်(၄)ဆင့်ရှိသည်။ ထိုအဆင့်တို့မှာ လေ့လာသုံးသပ်ခြင်း၊ ဆင်ခြင်အောက်မေ့ခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်းနှင့် လက်တွေ့လုပ်ဆောင်ခြင်းတို့ဖြစ်သည်။

**<u>ကျက်မှတ်ရန် ကျမ်းချက်များ။</u>**

**ယောဟန် ၁၄း၂၆** – *"ခမည်းတော်သည် ငါ့အတွက်ကြောင့် စေလွှတ်တော်မူသော ဥပဒ္ဒါယ်ဆရာတည်း ဟူသော သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့အား ခပ်သိမ်းသောအရာတို့ကို ပြသသွန်သင်တော်မူ၍၊ ငါပြောခဲ့ သမျှသောစကားတို့ကို မှတ်မိသောဉာဏ်ကို သင်တို့အား ပေးတော်မူမည်။"*

**<u>တ၊ ၈း၂၆ – ၃၈ ကိုဖတ်ပါ။</u>**

*"တဖန် ထာဝရဘုရား၏ ကောင်းကင်တမန်သည် ဖိလိပ္ပုအား၊ သင်ထ၍ ယေရုရှလင်မြို့မှ ဂါဇမြို့သို့သွားရာ တောလမ်းတွင် တောင်မျက်နှာသို့သွားလော့ဟုဆိုသည်အတိုင်း၊ ဖိလိပ္ပုသည် ထ၍သွားလေ၏။ ထိုအခါအဲသယော ပိပြည်ကို အစိုးရသော မိဖုရားကန္ဒက်ထံ၌ ဘုန်းကြီးသော အမတ်ဖြစ်၍၊ ဘဏ္ဍာတော်ရှိသမျှကို အုပ်စိုးရသော အဲသယောပိပြည်သားတယောက်သည် ကိုးကွယ်ခြင်းအလို့ငှါယေရုရှလင်မြို့သို့ သွား၍ပြန်စဉ်တွင် မိမိရထားပေါ်၌ ထိုင်လျက် ပရောဖက်ဟေရှာယ၏ကျမ်းစာကို ဘတ်လေ၏။ ဝိညာဉ်တော်ကလည်း၊ ထိုရထားသို့ ချဉ်းကပ်၍ မှီဝဲလော့ဟု ဖိလိပ္ပုအားဗျာဒိတ်ပေး တော်မူသဖြင့်၊*

*ဖိလိပ္ပုသည် ရထားသို့ပြေး၍ ပရောဖက်ဟေရှာယ၏ ကျမ်းစာ၌ဘတ်သည်ကို ကြားလျှင်၊ ဘတ်သော အရာကို နားလည်ပါ၏လောဟု မေးမြန်း၏။ ထိုအမတ်ကလည်း၊ သွန်သင်ပဲ့ပြင်သောသူမရှိလျှင် အဘယ်သို့ နားလည် နိုင်မည် နည်းဟု ဆိုပြီးမှ မိမိနှင့်အတူဖိလိပ္ပုတက်၍ ထိုင်နေပါမည်အကြောင်း တောင်းပန် ၏။*

*ကျမ်းစာ၌ဘတ်သော အချက်ဟူမူကား၊ အသေသတ်ခြင်းငှါ ဆောင်သွားသောသိုးကဲ့သို့ သူ့ကိုဆောင် သွား၍၊ သိုးသငယ်သည် အမွေးညှပ်သောသူရှေ့မှာ မမြည်ဘဲနေ သကဲ့သို့ သူသည် နှုတ်ကိုမဖွင့်ဘဲနေ၏။ နှိမ့်ချ ခြင်းကိုခံစဉ်တွင် သူတပါးတို့သည် ထိုသူကို မတရားသဖြင့် စီရင်ကြ၏။ ထိုသူ၏အသက်ကို မြေကြီးက သိမ်းရုပ် သည်ဖြစ်၍၊ သူ၏အမျိုးအနွယ်ကို အဘယ် သူပြည့်နှင့်မည်နည်းဟု ကျမ်းစာလာသတည်း။*

*ထိုအမတ်ကလည်း၊ ပရောဖက်သည် အဘယ်သူကို ရည်မှတ်၍ ဤသို့ဆိုပါသနည်း။ ကိုယ်ကို တည်းဆိုလို သလော။ သူတပါးကိုတည်းဆိုလိုသလောဟု တောင်းပန်လျက်၊ ဖိလိပ္ပုအားမေးမြန်းလျှင်၊ ဖိလိပ္ပုသည် မိမိနှုတ် ကိုဖွင့်၍ ထိုကျမ်းစာချက်ကို အစပြု လျက် ယေရှု၏အကြောင်းတည်းဟူသော ဧဝံဂေလိတရားကို ဟောလေ၏။ "*

*ထိုသို့လမ်း၌ သွားကြစဉ်ရေရှိရာသို့ ရောက်၍၊ အမတ်ကလည်း ဤအရပ်တွင် ရေ ရှိပါ၏။ အကျွန်ုပ်ကို ဗတ္တိဇံမခံစေခြင်းငှါ မည်သည့်အကြောင်း ဆီးတားပါသနည်းဟုပြောဆိုလျှင်၊ ဖိလိပ္ပုက၊ သင်သည် စိတ်နှလုံး အကြွင်းမဲ့ယုံကြည်လျှင် ခံရသည်ဟု ဆိုလေ၏။ အမတ်ကလည်း၊ ယေရှုခရစ်သည် ဘုရားသခင်၏ သားတော် ဖြစ်တော်မူကြောင်းကို အကျွန်ုပ်ယုံကြည်ပါသည်ဟု ဝန်ခံ၍၊ ရထားကိုရပ်စေခြင်းငှါ စီရင်ပြီးမှ၊ ဖိလိပ္ပုသည် ထိုအမတ်နှင့်တကွ ရေထဲသို့ဆင်း၍၊ ဗတ္တိဇံကို ပေး၏”*

**<u>ဤမေးခွန်းများကို ဖြေဆိုပါ။</u>**

- ဖိလိပ္ပုသည် အီသယောပိအမတ်ကိုတွေ့သောအခါ၊ ထိုသူသည်မည်သည့်အရာကို လုပ်နေသနည်း။ ______________________________
- ထိုသူသည် မိမိဖတ်နေသောအရာကို နားလည်ပါသလား။ ______________________________
- သူသည် မိမိဖတ်နေသောအရာကို နားလည်ရန်၊ မည်သူထံ အကူအညီတောင်းခဲ့သနည်း။ ______________________________
- ဖိလိပ္ပုသည် ထိုသူအား မည်သည့်အရာကို ပြောဆိုခဲ့သနည်း။ ______________________________
- ထိုသူသည် သတင်းကောင်းကို ကြားပြီးနောက်တွင်၊ မည်သည့်အရာကို လုပ်ဆောင်သနည်း။ ______________________________

**<u>သမ္မာကျမ်းစာလေ့လာခြင်း</u>**

- သတင်းကောင်း(ယေရှုခရစ်တော်၏သတင်းကောင်း)ကို ဝေမျှခြင်းနှင့် အခြားလူတစ်ဦးကို ခရစ်တော်၌ ယုံကြည်သူတစ်ဦးဖြစ်လာအောင် ကူညီပေးခြင်း၏အံ့သြဘွယ်ကောင်းသော ဇတ်လမ်းတစ်ပုဒ်ဖြစ်သည်။

- မိတ်ဆွေ၏ကျမ်းစာကိုလေ့လာသောအခါ၊ မိတ်ဆွေအသုံးပြုနိုင်သော **<u>သမ္မာကျမ်းစာလေ့လာနည်းဆိုင်ရာ အရေးကြီးသောညွှန်ကြားချက်(၄)</u>** ခုကိုလည်း၊ ဤအကြောင်းအရာများတွင် ဖေါ်ပြထားပါသည်။ အလုပ်စာအုပ်၏ သင်ခန်းစာ(၇)တွင် ထိုသင်ခန်းစာများကို လက်တွေ့လုပ်ဆောင်ကြပါမည်။

**<u>သမ္မာကျမ်းစာ လေ့လာခြင်း အဆင့် (၄) ဆင့်</u>**

၁။ **“ထိုအချက်ကို ကြည့်ရှုမှတ်သားပါ။” (လေ့လာသုံးသပ်ခြင်း) ထိုအချက်က မည်သည့်အရာကို ပြောပြနေသနည်း။** *(အငယ်၊ ၂၈၊ “ပြန်စဉ်တွင် မိမိ(အဲသီယောပိအမတ်)ရထားပေါ်၌ထိုင်လျက် ပရောဖက်ဟေရှာယ၏ ကျမ်းစာကို ဘတ်လေ၏။”)*
**ထိုကျမ်းချက်ကို အကြိမ်ကြိမ် ဖတ်ပါ။ မိမိကိုယ်ကို မေးပါ။ မည်သည့်အရာများဖြစ်ပျက်နေသနည်း။ မည်သူများ ပါဝင်နေသနည်း။ ဤနေရာသည် မည်သည့်နေရာနှင့် မည်သည့်အချိန်တွင် ဖြစ်ပွားသနည်း။**

၂။ **“ထိုအချက်ကို စဉ်းစားတွေးတောကြည့်ပါ။” (ဆင်ခြင်အောက်မေ့ခြင်း) ထိုအချက်က မည်သည့်အဓိပ္ပါယ်ကို ဆောင်သနည်း။** (*အငယ်၊ ၃၀၊ “ဖိလိပ္ပုသည် ရထားသို့ပြေး၍ ပရောဖက်ဟေရှာယ၏ ကျမ်းစာ၌ ဘတ်သည်ကိုကြားလျှင်၊ ဘတ်သော အရာကို နားလည်ပါ၏လောဟု မေးမြန်း၏။”*)
**မိမိကိုယ်ကို မေးပါ။ ထိုကျမ်းပိုဒ်နှင့် ပတ်သက်၍၊ ဘုရားသခင်သည် ကျွန်ုပ်အား မည်သည့်အရာကို သိစေလိုသနည်း။**

၃။ **“ထိုအချက်ကို ပြောဆိုပါ။” (ဆွေးနွေးတိုင်ပင်ခြင်း) အခြားသူများက မည်သည့်အရာကို ပြောနေပါသနည်း။** (အငယ်၊ ၃၁ – ၃၅၊ *“ထိုအမတ်ကလည်း၊ သွန်သင်ပဲ့ပြင်သောသူမရှိလျှင် အဘယ်သို့ နားလည်နိုင်မည်နည်းဟု ဆိုပြီးမှ မိမိနှင့်အတူဖိလိပ္ပုတက်၍ ထိုင်နေပါမည်အကြောင်း တောင်းပန်၏။ကျမ်းစာ၌ဘတ်သောအချက်ဟူမူကား၊ အသေသတ်ခြင်းငှါ ဆောင်သွားသောသိုးကဲ့သို့ သူ့ကိုဆောင်သွား၍၊ သိုးသငယ်သည် အမွေးညှပ်သော သူရှေ့မှာ မမြည်ဘဲနေ သကဲ့သို့ သူသည် နှုတ်ကိုမဖွင့်ဘဲနေ၏။ နှိမ့်ချခြင်းကိုခံစဉ်တွင် သူတပါးတို့သည် ထိုသူကိုမတရားသဖြင့်စီရင်ကြ၏။ ထိုသူ၏အသက်ကို မြေကြီးကသိမ်းရုပ်သည်ဖြစ်၍၊ သူ၏အမျိုးအနွယ် ကို အဘယ်သူပြည့်နှင်မည်နည်းဟု ကျမ်းစာလာသတည်း။ ထိုအမတ်ကလည်း၊ ပရောဖက်သည် အဘယ်သူကို ရည်မှတ်၍ဤသို့ဆိုပါသနည်း။ ကိုယ်ကိုတည်းဆိုလိုသလော။ သူတပါးကိုတည်းဆိုလို သလောဟု တောင်းပန်လျက်၊ ဖိလိပ္ပုအားမေးမြန်းလျှင်၊ ဖိလိပ္ပုသည် မိမိနှုတ်ကိုဖွင့်၍ ထိုကျမ်းစာချက်ကို အစွဲပြု လျက် ယေရှု၏အကြောင်းတည်းဟူသော ဧဝံဂေလိတရားကို ဟောလေ၏။”*) **အခြားစိတ်ချထိုက်သော ယုံကြည်သူများနှင့်အတူ ကျမ်းပိုဒ်အကြောင်း ဆွေးနွေးပါ။**

၄။ **“ထိုအချက်ကို လုပ်ဆောင်ပါ။” (လက်တွေ့လုပ်ဆောင်ခြင်း) အကျွန်ုပ်သည် ထိုအချက်ကို မည်သို့ လက်တွေ့လုပ်ဆောင်ရမည်နည်း။** (အငယ်၊ ၃၆ – ၃၈၊ *“ထိုသို့လမ်း၌ သွားကြစဉ်ရေရှိရာသို့ရောက်၍၊ အမတ်ကလည်း ဤအရပ်တွင်ရေရှိပါ၏။ အကျွန်ုပ်ကို ဗတ္တိဇံမခံစေခြင်းငှါ မည်သည့်အကြောင်း ဆီးတားပါသနည်းဟုပြောဆိုလျှင်၊ ဖိလိပ္ပုက၊ သင်သည် စိတ်နှလုံး အကြွင်းမဲ့ယုံကြည်လျှင် ခံရသည်ဟု ဆိုလေ၏။ အမတ်ကလည်း၊ ယေရှုခရစ်သည် ဘုရားသခင်၏သားတော်ဖြစ်တော်မူကြောင်းကို အကျွန်ုပ်ယုံကြည်ပါသည်ဟု ဝန်ခံ၍၊ ရထားကို ရပ်စေခြင်းငှါ စီရင်ပြီးမှ၊ ဖိလိပ္ပုသည် ထိုအမတ်နှင့်တကွ ရေထဲသို့ဆင်း၍၊ ဗတ္တိဇံကို ပေး၏။”*)

**ထိုစာပိုဒ်ပြောဆိုသည့်အတိုင်း သင့်အသက်တာကို ပြောင်းလဲလိုက်ပါ။**

- အဆင့် (၄) ဆင့် ရွှေ့လျား လှုပ်ရှားမှုကို သတိရပါ။
  - သမ္မာကျမ်းစာလေ့လာခြင်း အဆင့် (၄) ဆင့်တိုင်းအတွက် လက်လှုပ်ရှားမှုများကို သတ်မှတ်ပါ။ ၁။ “ယင်းကြည့်ရှုမှတ်သားပါ”။ (မျက်လုံးကို ညွှန်ပါ) ၂။ “ယင်းကို တွေးတောဆင်ခြင်ပါ။” (ဦးခေါင်းကို ညွှန်ပါ) ၃။ “ယင်းကို ပြောဆိုပါ။” (နှုတ်ကို ညွှန်ပါ)၄။ “ယင်းကို လုပ်ဆောင်ပါ။“ (လက်နှစ်ဖက်ကို ဆန့်ထုတ်ပါ။)
  - လှုပ်ရှားမှုများကို အသုံးပြု၍၊ အဆင့်တိုင်းကို ရွတ်ဆိုလေ့ကျင့်ပေးပါ။

## <u>ဖိလိပ္ပုနှင့် အဲသယောပိအမတ်</u>



**တမန်၊ ၈း၃၀ – ၃၁**


*“ဖိလိပ္ပုသည် ရထားသို့ပြေး၍*
*ပရောဖက်ဟေရှာယ၏ ကျမ်းစာ၌ဘတ်သည်ကို*
*ကြားလျှင်၊ ဘတ်သောအရာကို နားလည်ပါ၏လောဟု မေးမြန်း၏။*
*ထိုအမတ်ကလည်း၊ သွန်သင်ပဲ့ပြင်သောသူမရှိလျှင်*
*အဘယ်သို့နားလည်နိုင်မည် နည်းဟု ဆိုပြီးမှ*
*မိမိနှင့်အတူဖိလိပ္ပုတက်၍ ထိုင်နေပါမည်အကြောင်း*
*တောင်းပန်၏။”*

လုပ်ဆောင်ချက် (၂) သမ္မာကျမ်းစာ လေ့လာခြင်း အဆင့် (၄) ဆင့်

<u>လမ်းညွှန်ချက်များ</u>

- သမ္မာကျမ်းစာ လေ့လာခြင်း အဆင့် (၄) ဆင့်ကို ပြန်လည်လေ့လာခြင်း
- ခွေးခြေခုံပေါ်ရှိ ကွပ်လပ်များတွင် သမ္မာကျမ်းစာလေ့လာခြင်း အဆင့် (၄) ဆင့်ကို တစ်ခုချင်းစီ ရေးသားပါ။
- အောက်ဖော်ပြပါ လမ်းညွှန်ချက်အတိုင်း ခွေးခြေခုံ အစိတ်အပိုင်းများကို ရောင်စုံခြယ်ပါ။

<u>သမ္မာကျမ်းစာလေ့လာခြင်းအဆင့်(၄)ဆင့်ကို</u>
<u>ခွေးခြေခုံပေါ်တွင် စာသားများဖြင့်ရေးသားပါ။</u>



**ခြေထောက် – ၁။ လေ့လာသုံးသပ်ခြင်း။ (ယင်းတို့ကို ကြည့်ရှုမှတ်သားပါ။)** ထိုခြေထောက်ပေါ်တွင် <u>လေ့လာသုံးသပ်ခြင်း</u> ကို ရေးပါ။ ထိုခြေထောက်ကိုလည်း <u>အပြာရောင်</u> ခြယ်ပါ။

**ခြေထောက် – ၂။ ဆင်ခြင်အောက်မေ့ခြင်း။ (ထိုအကြောင်းအရာကို စဉ်းစားတွေးတောပါ။)** ထိုခြေထောက် ပေါ်တွင် <u>ဆင်ခြင်အောက်မေ့ခြင်း</u> ကိုရေးသားပါ။ ထိုခြေထောက်ကိုလည်း <u>အနီရောင်</u> ခြယ်ပါ။

**ခြေထောက် – ၃။ ဆွေးနွေးတိုင်ပင်ခြင်း၊ (ထိုအရာကို ပြောဆိုပါ။)** ထိုခြေထောက်ပေါ်တွင် <u>ဆွေးနွေးတိုင်ပင်ခြင်း</u> ကိုရေးသားပါ။ ထိုခြေထောက်ကိုလည်း <u>အစိမ်းရောင်</u> ကို ခြယ်ပါ။

**ထိုင်ခုံသည် လက်တွေ့လုပ်ဆောင်ခြင်း ဖြစ်သည်၊ (ထိုအရာကိုလုပ်ဆောင်ပါ။)** ထိုထိုင်ခုံပေါ်တွင် <u>လက်တွေ့လုပ်ဆောင်ခြင်း</u>ကိုရေးသားပါ။ ထိုထိုင်ခုံကို <u>အဝါရောင်</u> ကို ခြယ်ပါ။

**လုပ်ဆောင်ချက် (၃)၊ သမ္မာကျမ်းစာလေ့လာခြင်း အဆင့်များ**

<u>လမ်းညွှန်ချက်များ</u>

- ရုပ်ပုံများအောက်တွင်ရှိသော ကျမ်းချက်တစ်ခုစီကို ဖတ်ပါ။ မေးခွန်းနောက်တွင်၊ ကွက်လပ်များကိုဖြည့်ပါ။


**<u>တမန်တော်ဝတ္ထု အခန်းကြီး (၈) သမ္မာကျမ်းစာလေ့လာခြင်း အဆင့်များ</u>**



**တ၊ ၈း၂၈၊ ထိုအချက်ကိုကြည့်ရှုမှတ်သားပါ။** အဲသယောပိအမတ်သည် မည်သည့်အရာ ကို ကြည့်နေသနည်း။ ____________________။



**တ၊ ၈း၃၀ - ၃၁၊ ထိုအကြောင်းကို တွေး တော စဉ်းစား ကြည့်ပါ။** အဲသယောပိအမတ် တွင် မည်သည့် အရာ လိုအပ်နေသနည်း။ __________________________။



**တ၊ ၈း၂၆ - ၃၉၊ ထိုအကြောင်းကို ပြောဆိုပါ။** အကယ်၍ကျွန်ုပ်တို့ဖြစ်နိုင်ပါက၊ ဤအကြောင်း အရာကို တစ်စုံတစ်ယောက်နှင့် ဆွေးနွေးပါ။ ထိုသူတို့၏ ထင်မြင်ချက်တို့ကို ချရေးပါ။ __________________________

__________________________________________

__________________________________________



**တ၊ ၈း၃၆ - ၃၇၊ ထိုအရာကို လုပ်ဆောင်ပါ။** ချက်ချင်းပင်၊ အဲသီယောပိအမတ်သည် ယုံကြည်ပြီး ချက်ခြင်း၊ ရေနှစ်ခြင်း ခံယူရန် ဆန္ဒရှိခဲ့သည်။ ယခု သင်အသက်တာ တွင် ထိုအကြောင်း အရာ များနှင့် ကျမ်းချက်များကို မည်သို့ အသုံးချမည်နည်း။ ______________________

__________________________________________

# သင်ခန်းစာ – ၇
# သမ္မာကျမ်းစာလေ့လာခြင်းကို လက်တွေ့အသုံးပြုခြင်း

ကျွန်ုပ်တို့၏နေ့စဉ်အသက်တာတွင် ဘုရားသခင်ကို မည်သို့ နာခံရမည်ကို သိရှိဘို့ရန် ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို လိုအပ်ပါသည်။ **ဘုရားသခင်၏နှုတ်ကပတ် တော်အားဖြင့်၊ ကျွန်ုပ်တို့အားစကားပြောသောကြောင့်၊ သမ္မာကျမ်းစာကို မည်သို့ဖတ်ရှု၍လေ့လာရမည်ကို သိရှိရန် လိုအပ်ပါသည်။**

## ကျက်မှတ်ရန် ကျမ်းချက်များ

မာကု၊ ၁း၃၅
*"နံနက်အချိန်၊ မိုဃ်းမလင်းမီ ကိုယ်တော်သည်ထပြီးလျှင် တောအရပ်သို့ထွက်ကြွ၍ ဆုတောင်းတော်မူ၏။"*

**မာကု၊ ၁း၃၅ ဖတ်ပါ။**
*"နံနက်အချိန်၊ မိုဃ်းမလင်းမီ ကိုယ်တော်သည်ထပြီးလျှင် တောအရပ်သို့ထွက်ကြွ၍ ဆုတောင်းတော်မူ၏။"*

**ဤမေးခွန်းများကို ဖြေဆိုပါ။**

- မာကု၊ ၁း၃၅(ကျက်မှတ်ရန်ကျမ်းချက်)ကိုလေ့လာရန်၊ သမ္မာကျမ်းစာလေ့လာခြင်းအဆင့်(၄)ဆင့်ကိုအသုံးပြုပါ။ သင်၏အဖြေများကိုအောက်ပါကွက်လပ်များတါင်ဖြည့်ပေးပါ။ သင့်အားလမ်းညွှန်ပေးသူက ကူညီပေးပါလိမ့်မည်။

**သမ္မာကျမ်းစာလေ့လာခြင်းအဆင့်(၄)ဆင့်**

**၁။ "ထိုအချက်ကို ကြည့်ရှုမှတ်သားပါ။" (လေ့လာသုံးသပ်ခြင်း) ထိုအချက်က မည်သည့်အရာကို ပြောပြနေသနည်း။**

- သမ္မာကျမ်းစာပြောသောအရာများကို ဖတ်ပြီး၊ သန့်ရှင်းသောဝိညာဉ်တော်သည် သင်ဖတ်နေစဉ်တွင် ဘုရားသခင်မိန့်တော်မူသောအရာတို့ကို သိမြင်နိုင်ရန်အထောက်အကူပေးဘို့ ဆုတောင်းပါ။
- **လေ့လာသုံးသပ်ခြင်း။** မာကု ၁း၃၅ ဖတ်ပါ။ မည်သည့်အရာများဖြစ်ပျက်နေသနည်း။ မည်သူများ ပါဝင်နေသနည်း။ မည်သည့်နေရာနှင့် မည်သည့်အချိန်တွင် ဖြစ်ပျက်နေတယ်ဆိုတာ ကြည့်ရှုမှတ်သား ပါ။ ယခု သင်တွေမြင်ခဲ့ရသည့်အကြောင်းအရာတို့၏ အဖြေတို့ကို အောက်တွင် ရေးသားပါ။

________________________________________

________________________________________

________________________________________

**၂။ "ထိုအချက်ကို စဉ်းစားတွေးတောကြည့်ပါ။" (ဆင်ခြင်အောက်မေ့ခြင်း) သမ္မာကျမ်းစာထဲရှိ ထိုစာပိုဒ်များက မည်သည့်အဓိပ္ပါယ်ကိုဆောင်သနည်း။**

- သမ္မာကျမ်းစာအစိတ်အပိုင်းများ၏အနက်ကို စဉ်းစားတွေးတောကြည့်ပါ။ ထိုအချက်ကို သိရှိနားလည် ဘို့ရန်၊ သန့်ရှင်းသောဝိညာဉ်တော်သည် သင့်အားအထောက်အကူပေးရန် ဆုတောင်းပါ။ (သတိပြုချက်၊ အကယ်၍သင်သည် ထိုအချက်တို့ကို အခြားသူများနှင့်အတူတူ လုပ်ဆောင်ပါ။ အဆင့် ၂ အဆင့် ၃ တို့ကိုလည်း အတူတကွ လုပ်ဆောင်ပါ။)

- **ဆင်ခြင်အောက်မေ့ခြင်း။** မာကု ၁း၃၅ ကို ဖတ်ရှု(လေ့လာသုံးသပ်ခြင်း) ခြင်းနှင့်ပတ်သက်၍၊ စာရေးသူ သည် စာဖတ်သူတို့အား မည်သည့်အရာကို သိရှိစေလိုသနည်း။ ဤကျမ်းပိုဒ်ကို အဘယ်ကြောင့် ဘုရားသခင်၏နှုတ်ကပတ်တော်၌ ရေးထားသနည်း။ ယခု ထိုမေးခွန်းများနှင့် ပတ်သက်၍၊ သင်၏ထင်မြင်ချက်ကိုအောက်တွင် ရေးသားပါ။

---

---

**၃။ "ထိုအချက်ကို ပြောဆိုပါ။" (ဆွေးနွေးတိုင်ပင်ခြင်း။) အခြားသောသူများက မည်သည့်အရာကို ပြောနေပါသနည်း။**

- ထိုစာပိုဒ်နှင့်ပတ်သက်၍ အခြားသူများ၏တွေးခေါ်ပုံနှင့် ပြောဆိုပုံကို ရှာဖွေပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်သည်သင့်အားအခြားသူထံမှ သင်ယူရန်သင့်အားအထောက်အကူပေးရန် ဆုတောင်းပါ။ (အကယ်၍သင်သည် တစ်ကိုယ်တည်း လေ့လာသူဖြစ်ပါက၊ အဆင့် (၃) အား၊ အသုံးမပြုနိုင်သည့်ကို သတိပြုပါ။ )
- **ဆွေးနွေးတိုင်ပင်ခြင်း။** မာကု ၁း၃၅ မှ သင်လေ့လာခဲ့သောအကြောင်းအရာကို သင့်ဘဝ အတွေ့အကြုံနှင့် ယနေ့ အခြားသူများနှင့် နှိုင်းယှဉ်ပါ။ သင်၏နားလည်သိရှိမှုနှင့် အခြားသူတို့၏ နားလည်သိရှိမှုတို့အကြား၊ မည်သည့်အရာများဖြစ်မည်နည်း။ သင်၏လုပ်ရပ်များနှင့်ယေရှု၏လူတို့လုပ်ဆောင်ချက်များကြား၊ တူညီသောအချက် (သို့) ကွဲပြားသောအချက်တို့သည် မည်သည့်အရာများ ဖြစ်မည်နည်း။ ဤမေးခွန်းများအတွက် အဖြေများကို အောက်တွင် ရေးပါ။

---

---

**၃။ "ထိုအချက်ကို လုပ်ဆောင်ပါ။" (လက်တွေ့လုပ်ဆောင်ခြင်း) အကျွန်ုပ်သည် ထိုအချက်ကို မည်သို့ လုပ်ဆောင်ရမည်နည်း။**

- သင့်၏ဘဝတွင်၊ ဤကျမ်းပိုဒ်ပါအကြံဉာဏ်များကို သင်မည်ကဲ့သို့ အသုံးပြုနိုင်မည်ကို ဆုံးဖြတ်ပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်က သင့်အား ထိုအချက်ကိုဆောင်ရွက်ရန်၊ အထောက်အကူပေးဘို့ ဆုတောင်းပါ။
- **လက်တွေ့လုပ်ဆောင်ခြင်း။** ခရစ်တော်နှင့် ပို၍သဏ္ဍာန်တူလာရန်၊ နေ့စဉ်အသက်ရှင် နေထိုင်ပုံကို ဘုရားသခင်၏ နှုတ်ကပတ်တော်က ကျွန်ုပ်တို့အားပြသနိုင်သည်။ သူ၏နှုတ်ကပတ်တော်ကို နားလည်သိရှိပြီး၊ ကျွန်ုပ်တို့၏အသက်တာတွင်အသုံးပြုနိုင်ရန်၊ ဘုရားသခင်သည်ကျွန်ုပ်တို့အားကူညီရန်၊ သန့်ရှင်းသောဝိညာဉ်တော်ကို အသုံးပြုသည်။ ခရစ်တော်နှင့် ပို၍သဏ္ဍာန်တူလာရန်၊ မာကု ၁း၃၅ မှ သင်ယူခဲ့သောအကြောင်းအရာများကို၊ သင်သည် မည်သို့ အသုံး ပြုမည်နည်း။ သင့်အသက်တာတွင် မည်သည့်အပြောင်းအလဲများ ပြုလုပ်ရန် လိုအပ်သနည်း။ ဤမေးခွန်းများအတွက် အဖြေများကို အောက်တွင် ရေးပါ။

---

---


**လုပ်ဆောင်ချက် (၁)၊ သင်၏သမ္မာကျမ်းစာလေ့လာခြင်းကို သင်ကိုယ်တိုင်ရေးဆွဲပါ။ / ရောင်စုံခြယ် စာမျက်နှာ**


လမ်းညွှန်ချက်များ၊ (ဤလုပ်ဆောင်ချက်ကို စတင်သောအခါတွင်၊ နည်းပြသည် ကလေးများကို ကူညီရန် လိုအပ်သည်။)

- ယေရှုခရစ်တော်၏နောက်လိုက်တစ်ဦးအနေဖြင့်၊ ကျွန်ုပ်တို့အား သမ္မာကျမ်းစာလေ့လာရန်နှင့် မည်သို့နေထိုင်ရမည်ကို သင်ယူရန်၊ အချိန်ပေးလုပ်ဆောင်ရန် ယေရှုအလိုရှိတော်မူ၏။
- သင်၏သမ္မာကျမ်းစာလေ့လာခြင်းကို သင်ကိုယ်တိုင်ရုပ်ပုံရေးဆွဲပါ။ ထိုနောက် သင်၏ရုပ်ပုံကို ရောင်စုံခြယ်ပါ။

## <u>သင်၏သမ္မာကျမ်းစာလေ့လာခြင်းကို သင်ကိုယ်တိုင်ရုပ်ပုံရေးဆွဲရန်</u>

# အပိုင်း(၂) ယေ်ရှယ်သောတပည့်တော်များအတွက် ဘုရားသခင်၏စီမံကိန်း





**အသစ်သောအပင် (သို့) အားနည်းသောအပင်**
**ယုံကြည်သူလူသစ်အတွက် တပည့်တော်သင်တန်း**

**တည်ဆောက် ခိုင်ခံသော အသီးအပင်**
**ရင့်ကျက်သော ယုံကြည်သူသည် ခိုင်ခံစွာ ရပ်တည်နိုင်သည်။**


ဓမ္မသစ်ကျမ်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့် စာစောင် (၁၃) စောင်ကိုရှင်ပေါလုသည် အသင်းတော်ငယ်များဆီသို့ ရေးသားခဲ့သည်။ သူသည် ဤအသင်းတော်များရှိ ယုံကြည်သူများ၊ ဘုရားသခင်၏အိမ်တော်သားများ ၎င်းတို့၏ယုံကြည်ခြင်း၌ခိုင်မာရန်၊ ဘုရားသခင်၏နှုတ်ကပတ်တော်၌ခိုင်မာရန်နှင့်၊ မှားယွင်းစွာသွန်သင်သောသူများကို ဆန့်ကျင်ဘို့ရန် လိုအပ်သောခိုင်ခန့်မှုရှိရန်အတွက် ဤစာစောင်များကို ရေးသားခဲ့သည်။

ပေါလုသည် သူ၏သာသနာတစ်လျှောက်လုံးတွင်၊ ခရစ်တော်အတွက် အစောပိုင်း၊ အလယ်ပိုင်းနှင့် နှောင်းပိုင်း ကာလဟူ၍ စာစောင်များကို ရေးခဲ့သည်။ ထိုစာစောင်များကို စနစ်တကျနှင့် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ရေးသားခဲ့သည်။

- အစောပိုင်းစာစောင်များကို စင်ကြယ်သောကျေးဇူးတော်၏သတင်းကောင်းအားတည်ဆောက်ခြင်းနှင့် ခုခံကာကွယ်ရန်အတွက် အသုံးပြုသည်။
  ဂလာတိဩဝါဒစာ၊ သက်သာလောနိတ်ဩဝါဒစာ (ပထမနှင့် ဒုတိယ)၊ ကောရိန္သုဩဝါဒစာ (ပထမနှင့် ဒုတိယ)၊ ရောမဩဝါဒစာ
- အလယ်ပိုင်းစာစောင်များကို အသင်းတော်များ ဘုရားသခင်၏ရည်ရွယ်ချက်နှင့် ထာဝရစီမံကိန်းတွင် တစ်စိတ်တစ်သဘောတည်းရှိရန်အတွက် အသုံးပြုသည်။
  ဖေက်ဩဝါဒစာ၊ ဖိလိပ္ပိဩဝါဒစာ၊ ကောလောသဲဩဝါဒစာ၊ ဖိလေမုန်ဩဝါဒစာ
- နှောင်းပိုင်းစာစောင်များကို ဘုရားသခင်၏အိမ်တော် စနစ်တကျထားရှိရန်အတွက် အသုံးပြုသည်။
  တိမောသေပထမစာစောင်၊ တိတုဩဝါဒစာ၊ တိမောသေဒုတိယစာစောင်

သမ္မာကျမ်းစာက ရှင်ပေါလုကို "လိမ္မာသောဗိသုကာ" ဟုခေါ်ပါသည်။ (၁ကော၊ ၃း၁၀) သူ၏စာစောင်များသည် အိမ်တစ်လုံးကို တည်ဆောက်သောသူ၏ အသုံးပြုသော တန်ဆာပလာ များကဲ့သို့ဖြစ်သည်။ ရှင်ပေါလု၏ ကိရိယာများသည် ဘုရားသခင်၏အိမ်တော်၌ ယုံကြည်သူလူသစ်များကို "တည်ဆောက်ပေးရန်" နှင့် "ခိုင်ခန့်စေရန်" အတွက်ဖြစ်သည်။ ၎င်းတို့သည် ခရစ်တော်အတွက် တပည့်တော်များကို တည်ဆောက်ရာတွင် အသုံးဝင်သည်။

ဥပမာ၊ ဂလာတိလူများထံ၊ ရှင်ပေါလု၏အစောပိုင်းစာစောင်သည် လွှတစ်ခု ဖြစ်နိုင်သည်။ ဖေက်ဩဝါဒစာ ဖြစ်သော အလယ်ပိုင်းစာစောင်သည် တူတစ်ခု ဖြစ်နိုင်သည်။ နှောင်းပိုင်းစာစောင်ဖြစ်သော တိမောသေဩဝါဒစာ ပထမနှင့်ဒုတိယစာစောင်သည် ကျင်တွယ်ထောင့်မှန် တစ်ခု ဖြစ်နိုင်သည်။




ထိုစာစောင်(သို့မဟုတ်၊ ဓမ္မသစ်စာစောင်များ) တစ်ခုစီတွင် **ဘုရားသခင်၏မိသားစုနှင့်အိမ်သူအိမ်သားများအတွက် အခြေခံအုတ်မြစ်ကိုတည်ဆောက်ရန်** ရည်ရွယ်ချက်ရှိသည်။ ယုံကြည်သူလူငယ်တစ်ဦးအနေဖြင့်၊ သင်သည် ဘုရားသခင်၏မိသားစု (သို့) အိမ်ထောင်စုဝင်တစ်ဦး ဖြစ်သည်။ လက်သမားတစ်ဦးသည် ခိုင်ခန့်သောအိမ်ကို တည်ဆောက်ရန်၊ သူ၏ကိရိယာ များကို မည်သို့အသုံးပြုရ မည့်ကိုသိထားရမည်ဖြစ်ပြီး၊ ထိုနည်းတူငယ်ရွယ်သော တပည့်တော်တစ်ဦးသည် ယုံကြည်ခြင်းတွင် ခိုင်ခံ့မြဲမြံလာစေရန်နှင့်အခြားသူများကို ကူညီရန်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်များအသုံးပြုရန်၊ သင်ယူရမည်ဖြစ်သည်။

**ဂလာတိဩဝါဒစာ** သည် **ရှင်ပေါလု၏အစောပိုင်းစာစောင်များ**ထဲမှ တစ်ခုဖြစ်ပြီး၊ တပည့်တော်များအား ယေရှုခရစ်၌ စင်ကြယ်သောကျေးဇူးတော်၏သတင်းကောင်းကို သင်ကြားရာတွင် အထောက်အကူဖြစ်စေရန် သမ္မာကျမ်းစာပါ ကိရိယာ တစ်ခုဖြစ်သည်။ (အခန်း၊ ၈ တွင်ကြည့်ပါ။) **ရှင်ပေါလု၏အလယ်ပိုင်းစာစောင်များ**ထဲမှ၊ တစ်ခုဖြစ်သော **ဖေက်ဩဝါဒစာ** သည် တပည့်တော်များအား ဘုရားသခင်၏ရည်ရွယ်ချက်နှင့်စီမံကိန်းကို သင်ကြားရာတွင် ကူညီပေးသည့် ကိရိယာ တစ်ခုဖြစ်သည်။ (အခန်း၊ ၉ တွင်ကြည့်ပါ။) **တိမောသေဩဝါဒစာ ပထမစာစောင်** သည် တပည့်တော်များအား ဘုရားသခင်၏အိမ်တော်တွင် စနစ်တကျထားရှိခြင်းတို့ကို သင်ကြားပေးမည့် **နှောင်းပိုင်းစာစောင်များ**ထဲမှ တစ်ခုဖြစ်သည်။ (အခန်း၊ ၁၀ တွင်ကြည့်ပါ။)

ဤလေ့လာမှုတွင်၊ ကျန်ရှိသောအခန်းများသည် ငယ်ရွယ်သောတပည့်တော်များ သခင်ဘုရား၌ ရင့်ကျက်ခြင်းနှင့် ကိုယ်တော်အတွက် အခြားသူများဆီသို့ အသီးသီးသော သက်သေခံသောသူများဖြစ်လာရန်အတွက်၊ အကြောင်းအရာနှင့် အရင်းအမြစ်များကို ဆက်လက်ပံ့ပိုးပေးပါသည်။

# ၄။ တပည့်တော်များ စင်ကြယ်သောကျေးဇူးတော်၏သတင်းကောင်း၌ တည်ဆောက်ခြင်း


## သင်ခန်းစာ – ၈
## တပည့်တော်တို့သည် စင်ကြယ်သောကျေးဇူးတော်၏သတင်းကောင်း၌ တည်ဆောက်ခြင်း

**ဘုရားသခင်၏အိမ်တော်**

**ဂလာတိသြဝါဒစာ**

**စင်ကြယ်သောကျေးဇူးတော်၏ သတင်းကောင်းကို သွန်သင်ခြင်း (ကနဦးစာစောင်)**





**ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏ကျေးဇူးတော်ကြောင့်သာ၊ ခရစ်တော်၌ ကျွန်ုပ်တို့၏ ကယ်တင်ခြင်းနှင့် လွတ်ခြင်းအခွင့်ကို ရရှိသည်။** ကျွန်ုပ်တို့သည် ယေရှုခရစ်တပါးတည်းကိုသာ ယုံကြည်ခြင်းဖြင့် ကယ်တင်ခြင်းကို ခံရသည်။ ကျွန်ုပ်တို့၏အပြစ်များခွင့်လွှတ်ခြင်းခံရခြင်းသည်၊ ကောင်းသောအကျင့်ကို လုပ်ဆောင်ခြင်း၊ ပညတ်တော် ကို စောင့်ထိန်းခြင်းနှင့် အခြားသောအရာတစ်စုံတစ်ခုတို့ကြောင့်မဟုတ်ပါ။ ဘုရားသခင်၏ စင်ကြယ်သော ကျေးဇူးတော် အားဖြင့်သာ ၊ ကျွန်ုပ်တို့သည် ဘုရား၏အိမ်တော်ကို ချိတ်ဆက်နိုင်ခြင်းဖြစ်သည်။ **နေ့ရက်တိုင်း ကျေးဇူးတော် အားဖြင့်သာ ကျွန်ုပ်တို့အသက်ရှင်ရခြင်းဖြစ်သည်။ လုပ်ဆောင်ချက်၊ (သို့) ပညတ်တော်များကို လိုက်လျှောက်ခြင်း များကြောင့်မဟုတ်ပေ။ ကျွန်ုပ်တို့အားပေးသော ကျေးဇူးတော်အားဖြင့်၊ ယေရှုခရစ်အတွက် အသက်ရှင်ရန် သန့်ရှင်းသောဝိညာဉ်တော်အား တောင်းလျှောက်ရမည်။**

## ကျက်မှတ်ရန် ကျမ်းချက်များ

**ဂလာတိ၊ ၄း၄ – ၅**

*"အချိန်ကာလစေ့သောအခါ၊ ငါတို့သည် သား၏အခွင့်အရာကို ခံရမည်အကြောင်း၊ ပညတ်တရားလက်၌ရှိသော ငါတို့ကိုရွေးနှုတ်စေခြင်းငှါ၊ မိန်းမဝမ်း၌ ပဋိသန္ဓေယူ၍ ပညတ်တရားအောက်၌ ဘွားမြင်ရသောသားတော်ကို ဘုရားသခင်သည် စေလွှတ်တော်မူ၏။"*

## ဂလာတိ၊ ၃း၁ – ၅ (စင်ကြယ်သော ကျေးဇူးတော်၏သတင်းကောင်း)ကိုဖတ်ပါ။

*"ပညာမဲ့သောဂလာတိလူတို့၊ လက်ဝါးကပ်တိုင်မှာ အသေခံတော်မူသော ယေရှုခရစ်ကို သင်တို့မျက်မှောက် ၌ ထင်ရှားစွာပြပြီးသည်ဖြစ်၍၊ သမ္မာတရားကို နားမထောင်စေခြင်းငှါ သင်တို့ကိုအဘယ်သူ ပြုစားသနည်း။ ပညတ်တရား၏ အကျင့်အားဖြင့် ဝိညာဉ်တော်ကို ခံရကြသလော။ သို့မဟုတ် ယုံကြည်ခြင်းတရားကို ကြားနာခြင်းအားဖြင့် ခံရကြသလောဟူသော အရာတခုကိုသာ သင်တို့၌ ငါသိလို၏။ ဤမျှလောက် ပညာမဲ့ကြသလော။ ဝိညာဉ်တော်ကို အမှီပြု၍လုပ်စရှိပြီးမှ၊ ဇာတိကို အမှီပြု၍ ပြီးစေကြသလော။ ဤမျှလောက်သော ဆင်းရဲခြင်းကို အချည်းနှီး ခံကြပြီလော။ အချည်းနှီးသက်သက် ဖြစ်ရမည်လော။ ထိုမှတပါး ဝိညာဉ်တော်ကို သင်တို့အားပေး၍၊ သင်တို့၌ တန်ခိုးများကိုပြသောသူ သည် ပညတ်တရား၏အကျင့်အားဖြင့် ပြသလော။ ယုံကြည်ခြင်းတရားကို နာခြင်းအားဖြင့် ပြသလော။"*

**ဤမေးခွန်းများကို ဖြေဆိုပါ။**

- ဂလာတိခရစ်ယာန်များ ယုံကြည်သူများသည် မည်သို့သောသူများဖြစ်သနည်း။ ________________
- ကယ်တင်ခြင်းရရှိပြီးနောက်၊ သူတို့သည် မိမိတို့၏အစွမ်းအစ နှင့်ပညတ်တော်ကို လိုက်လျှောက်၍၊ ကြိုးစားနေထိုင်ကြသလား။ ________________
- ကျွန်ုပ်တို့သည် ကိုယ်ပိုင်ခွန်အားနှင့်အစွမ်းအစ ကို အသုံးပြု၍ ယုံကြည်သူများအဖြစ် အသက်ရှင်နေထိုင်ရန် ကြိုးစားသင့်ပါသလား။ ________________

**ဂလာတိ၊ ၂း၁၆ ကိုဖတ်ပါ။ (ကျေးဇူးတော်နှင့်ပညတ်တော်)**

*"ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ကြသည်ကို၊ အပြစ်ထင် ရှားသော တပါးအမျိုးသားမဟုတ်ဘဲ၊ ဇာတိအမျိုးအားဖြင့် ယုဒလူဖြစ်သော ငါတို့ သည် အမှန်သိသည်နှင့်အညီ၊ ပညတ်တရား၏ အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့ မရောက်၊ ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ခြင်းငှါ၊ ငါတို့ပင် ယေရှုခရစ်ကို ယုံကြည်ကြပြီ။ အကြောင်းမူကား၊ ပညတ်တရား၏အကျင့်အားဖြင့် အဘယ်သူမျှ ဖြောင့်မတ်ရာသို့ မရောက်နိုင်ရာ။"*

**ဂလာတိ၊ ၃း၁၁ - ၁၂ ကိုဖတ်ပါ။ (ကျေးဇူးတော်နှင့်အကျင့်)**

*"တဖန်တုံ၊ ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်။ ပညတ်တရားမူကား ယုံကြည်ခြင်းနှင့် မစပ်ဆိုင်။ ထိုအကျင့်ကို ကျင့်သောသူသည်၊ ထိုအကျင့်အားဖြင့် အသက်ရှင်လိမ့်မည်ဟု ဆိုသတည်း။"*

**ဤမေးခွန်းများကို ဖြေဆိုပါ။**

- ကျွန်ုပ်တို့သည် ပညတ်တော်ကို လိုက်လျှောက်သောကြောင့်၊ ခရစ်တော်ထံသို့ ရောက်ပါသလား။

  ________________
- ဘုရားသခင်၏ပညတ်တော်ကို ကျွန်ုပ်တို့ ကိုယ်တိုင် လိုက်နာနိုင်ပါသလား။ ________________
- ကယ်တင်ခြင်းရရှိရန်နှင့်၊ ထာဝရအသက်ရှင်ရန်၊ ကျွန်ုပ်တို့ကိုယ်တိုင် (ကောင်းသော အကျင့်ကို ကျင့်ခြင်း) လုပ်ဆောင်နိုင်သည်ဟု ပညတ်တရားက ဆိုပါသည်။ ယင်းအချက်သည် မှန်ကန်ပါသလား။ ________________

  "ထာဝရအသက်ရှင်ခြင်း (သို့) ထာဝရအသက်ရရှိရန်" ဆိုသည်မှာ မည်သည့် အဓိပ္ပါယ်ရှိပါသနည်း။

  ________________

  ________________
- ထိုစာပိုဒ်အရ၊ ဘုရားသခင်၌ ဖြောင့်မတ်ခြင်းကို ကျွန်ုပ်တို့သည် ________________ အားဖြင့် သာရရှိနိုင်သည်။

**ဂလာတိ၊ ၄း၄ - ၇ ကိုဖတ်ပါ။ (ကျေးဇူးတော်နှင့်ကယ်တင်ခြင်း)**

*"အချိန်ကာလစေ့သောအခါ၊ ငါတို့သည် သား၏အခွင့်အရာကို ခံရမည်အကြောင်း၊ ပညတ်တရားလက်၌ ရှိသော ငါတို့ကိုရွေးနှုတ်စေခြင်းငှါ၊ မိန်းမဝမ်း၌ ပဋိသန္ဓေယူ၍ ပညတ်တရားအောက်၌ ဘွားမြင်ရသောသားတော်ကို ဘုရားသခင်သည် စေလွှတ်တော်မူ၏။ ထိုသို့ သင်တို့သည် သားဖြစ်သောကြောင့် အဗ္ဗအဘဟုခေါ်တတ်သော သားတော် ၏ ဝိညာဉ်တော်ကို သင်တို့စိတ်နှလုံးထဲသို့ ဘုရားသခင် စေလွှတ်တော်မူ၏။ သို့ဖြစ်၍ သင်တို့သည် နောက်တဖန် အစေအပါကျွန်မဖြစ်၊ သားပင်ဖြစ်ကြ၏။ သားဖြစ်လျှင် ခရစ်တော်အားဖြင့် ဘုရားသခင်၏ အမွေခံလည်းဖြစ်ကြ၏။"*

**ဤမေးခွန်းများကို ဖြေဆိုပါ။**

- ကျွန်ုပ်တို့အတွက် အပြစ်မှလွတ်မြောက်မှုကို မည်သူကဝယ်ယူခဲ့သနည်း။ ____________
- ယုံကြည်သူများသည် မည်သူ၏သားများဖြစ်သနည်း။ ____________

**ဂလာတိ၊ ၅း၁၆ – ၁၈၊ ၂၄ – ၂၅ ကိုဖတ်ပါ။ (ကျေးဇူးတော်နှင့်သန့်ရှင်းသောဝိညာဉ်တော်)**

*"ငါပြောသည်ကား၊ ဝိညာဉ်ပကတိအတိုင်းကျင့်ကြလော့။ ထိုသို့ကျင့်လျှင် ဇာတိပကတိ၏ အလိုသို့ မလိုက်ဘဲ နေကြလိမ့်မည်။ အကြောင်းမူကား၊ ဇာတိပကတိနှင့် ဝိညာဉ်ပကတိသည် တပါးနှင့်တပါး ဆန့်ကျင်သော အလိုရှိကြ၏။ တပါးနှင့်တပါး ဆန့်ကျင်ဘက်ဖြစ်၍၊ သင်တို့သည်ကျင့်ချင် သောအကျင့်ကို မကျင့်နိုင်ကြ။ သို့သော်လည်း ဝိညာဉ်ပကတိအလိုသို့လိုက်လျှင် ပညတ်တရားနှင့် လွတ်ကြ၏။*

*ခရစ်တော်နှင့်စပ်ဆိုင်သောသူတို့သည် ဇာတိပကတိကိုငှင်း၊ ဇာတိပကတိစိတ်များ နှင့် အလိုဆန္ဒများကိုငှင်း၊ လက်ဝါးကပ်တိုင်မှာ ရိုက်ထားကြပြီ။ သို့ဖြစ်၍၊ ငါတို့သည် ဝိညာဉ်ပကတိကြောင့် အသက်ရှင်လျှင်၊ ဝိညာဉ်ပကတိအတိုင်း ကျင့်ကြကုန်အံ့။"*

**ဤမေးခွန်းများကို ဖြေဆိုပါ။**

- ကျွန်ုပ်တို့သည် ခရစ်တော်၏နောက်လိုက်များဖြစ်လျှင်၊ အဘယ်အရာကို စွန့်လွှတ်ရမည်နည်း။

  ____________

- ကျွန်ုပ်တို့၏ဘဝသစ်သည် မည်သူထံမှလာသနည်း၊ ကျွန်ုပ်တို့၏ဘဝသစ်တွင် မည်သူကို လိုက်နာသင့် သနည်း။ ____________

  ____________

**ဂလာတိ၊ ၆း၁၄ ကိုဖတ်ပါ။ (ကျေးဇူးတော်နှင့်ဘုန်းတန်ခိုးတော်)**

*"ငါဖြစ်လျှင်၊ ငါတို့သခင်ယေရှုခရစ်၏ လက်ဝါးကပ်တိုင်တော်မှတပါး အဘယ်အရာ၌မျှ ဝါကြွားခြင်း မရှိပါစေနှင့်။ ထိုလက်ဝါးကပ်တိုင်တော်မှာ ဤလောကသည် ငါ့အဘို့ ရိုက်ထားခြင်းကို ခံလျက်ရှိ၏။ ငါသည်လည်း ဤလောကအဘို့ ရိုက်ထားခြင်းကို ခံလျက်ရှိ၏။"*

**ဂလာတိ၊ ၁း၅ ကိုဖတ်ပါ။ (ကျေးဇူးတော်နှင့်ဘုန်းတန်ခိုးတော်)**

*"ထိုဘုရားသခင်သည် ကမ္ဘာအဆက်ဆက် ဘုန်းကြီးတော်မူစေသတည်း။ အာမင်။"*

**ဤမေးခွန်းများကို ဖြေဆိုပါ။**


- မိမိကိုယ်ကို ကယ်တင်ဘို့ လုပ်ခဲ့တာမှန်သမျှကို ဝါကြွားလို့ရမလား။ ____________
- ကျွန်ုပ်၏အသက်တာ၌ ဘုန်းအသရေရှိသမျှကို အဘယ်သူရသင့်သနည်း။ ____________

လုပ်ဆောင်ချက် (၁)၊ စင်ကြယ်သောကျေးဇူးတော် ရုပ်ပုံ/လုပ်ဆောင်ချက်

<u>လမ်းညွှန်ချက်များ၊</u>

- စင်ကြယ်သော ကျေးဇူးတော်၏သတင်းကောင်းကို ကလေးများနားလည်ရန်နှင့်၊ အခြားသူများအား ရှင်းပြနိုင်ရန်၊ ဤရုပ်ပုံအား အသုံးပြုပါ။
- သူတို့အတွက် အထောက်အကူဖြစ်ရန်၊ စာမျက်နှာ (၇)ပါ မြင်ရသော ရုပ်ပုံကို အသုံးပြု၍ ကွက်လပ်များတွင် ဖြည့်ရန် ကလေး များ အားမေးမြန်းပါ။
- ထိုမြင်ကွင်းရုပ်ပုံကို ကလေးတစ်ဦးချင်းစီမှ သင့်ထံသို့ရှင်းပြရမည်။
- ဤလုပ်ဆောင်ချက်၏အောက်ခြေတွင် စင်ကြယ်သော ကျေးဇူးတော်အကြောင်း ပြောပြမည့် သူငယ်ချင်း တစ်ဦး၏ အမည်ကိုရေးသားရန် ကလေးများအား တောင်းဆိုပါ။

## <u>စင်ကြယ်သောကျေးဇူးတော်</u>




ဂလာတိ ၃း၁–၅

သူငယ်ချင်း၏အမည် ______________________

လုပ်ဆောင်ချက် (၂)၊ စင်ကြယ်သောကျေးဇူးတော် - ကွက်လပ်များကို ဖြည့်ပါ/ ရောင်စုံခြယ် စာမျက်နှာ

<u>လမ်းညွှန်ချက်များ၊</u>

- အောက်ပါမေးခွန်းတစ်ခုစီကိုဖတ်ပါ။ ပေးထားသောကွက်လပ်များတွင် မေးခွန်းတစ်ခုစီ၏အဖြေကို ရေးပါ။
- သင့်သည် ရုပ်ပုံများကို ရောင်စုံခြယ်နိုင်ပါသည်။

## <u>စင်ကြယ်သော ကျေးဇူးတော်၊ ကွက်လပ်များကိုဖြည့်ပါ။</u>

ပညတ် တော် (၁၀) ပါး




ပညတ်တော် (၁၀) ပါးကို တစ်ခုစီလိုက်လျှောက်လျှင်၊ သင်၏အပြစ်များခွင့်လွှတ်ဘို့ရန်၊ လုံလောက်ပါသလား။

________________________________

________________________________


အဘယ်ကြောင့်နည်း (သို့) အဘယ်ကြောင့် မဟုတ်သနည်း။


________________________________

________________________________

________________________________

________________________________





ကျွန်ုပ်တို့သည် အပြစ်၏ကျေးကျွန်မဖြစ်လိုလျှင်၊ ကျွန်ုပ်တို့ကို လွတ်မြောက်ခြင်းခွင့် ပေးမည့်တစ်ဦးတည်း သောသူသည် မည်သူဖြစ်သနည်း။

________________________________

________________________________

ခရစ်တော်နောက်သို့လိုက်သောအခါ၊ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား မည့်သည့်ကောင်းသော အရာများကို ပေးသနည်း။

________________________________

________________________________

# ၅။ တပည့်တော်များ ဘုရားသခင်၏ထာဝရစီမံကိန်း၌ တည်ဆောက်ခြင်း

## သင်ခန်းစာ – ၉
## တပည့်တော်များ ဘုရားသခင်၏ထာဝရစီမံကိန်း၌ တည်ဆောက်ခြင်း

**ဘုရားသခင်၏အိမ်တော်**

**ဂလာတိဩဝါဒစာ**

စင်ကြယ်သောကျေးဇူးတော်၏
သတင်းကောင်းကို
သွန်သင်ခြင်း
(ကနဦးစာစောင်)





**ဧဖက်ဩဝါဒစာ**

ဘုရားသခင်၏ရည်ရွယ်ချက်
နှင့် စီမံကိန်းကို
သွန်သင်ခြင်း
(အလယ်ပိုင်းစာစောင်)



**ဘုရားသခင်သည် သူ၏နောက်လိုက်များကို သူ၏ထာဝရစီမံကိန်း၏တစ်စိတ်တစ်ပိုင်းအဖြစ် ရွေးချယ်ခဲ့သည်။ ထိုအရာမှာ၊ ဦးခေါင်းတည်းဟူသော ခရစ်တော်နှင့်အတူ ယုံကြည်သူများ၏အသင်းတော်ဖြစ်သည်။** ဘုရားသခင်သည် ကျွန်ုပ်တို့အား ကိုယ်တော်၏နောက်လိုက်များအဖြစ်၊ ကိုယ်တော်၌နေရာသစ်တစ်ခုနှင့်၊ အံ့ဩဖွယ်ကောင်းသော ပိုင်ဆိုင်မှုတို့ဖြင့် ကျွန်ုပ်တို့ကို ကောင်းချီးပေးခဲ့သည်။ ကျွန်ုပ်တို့သည် မည်သို့ ပြုမူနေထိုင်ရမည်ကို သူ၏နှုတ်ကပတ်တော်အားဖြင့်၊ ကျွန်ုပ်တို့အားဖေါ်ပြထားသည်။

## ကျက်မှတ်ရန် ကျမ်းချက်များ

**ဧဖက်၊ ၁း၂၂-၂၃**

*"ခြေဘဝါးတော်အောက်သို့ အလုံးစုံတို့ကို ချထားသဖြင့်၊ အသင်းတော်အဘို့အလိုငှါ၊ သူ့ကို အလုံးစုံတို့၏ အချုပ်အခြာ ဦးခေါင်းဖြစ်စေတော်မူ၏။ ထိုအသင်းတော်ကား၊ အလုံးစုံတို့ကို အလုံးစုံတို့နှင့် ပြည့်စုံစေတော်မူသောသူ၏ပြည့်စုံခြင်းတည်းဟူသော ခရစ်တော်၏ ကိုယ်ဖြစ်သတည်း။"*

## ဧဖက်၊ ၁း၇-၁၀၊ ၁၉-၂၃ ကိုဖတ်ပါ။ (ဘုရားသခင်၏ထာဝရစီမံကိန်း)

*"ခပ်သိမ်းသောသတိပညာတော်နှင့်လျော်စွာ ငါတို့၌ အတိုင်းထက်အလွန် များလှစွာ သော ကျေးဇူးတော်သည် ကြွယ်ဝပြည့်စုံသည်နှင့်အညီ၊ ထိုသားတော်၏ အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်း တည်းဟူသော ရွေးနှုတ် တော်မူခြင်းကျေးဇူးကို ငါတို့သည်ခံရကြ၏။ ဘုရားသခင်သည် နှလုံးသွင်းတော်မူသော စေတနာတော်နှင့် လျော်သော အလိုတော်၏နက်နဲသောအရာကို ငါတို့အားပြတော်မူ၏။ ထိုနက်နဲသော အရာဟူမူကား၊ ကာလ အချိန်စေ့စပ်ခြင်း၏ သာသနာတွင် ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာ ရှိရှိသမျှတို့ကိုပေါင်း၍ ခရစ်တော်၌ ချုပ်ခြာစေတော်မူလိမ့် သတည်း။"*

*ယုံကြည်သောငါတို့၌ ပြတော်မူသော အလွန်ကြီးလှစွာသော တန်ခိုးတော်ကား အဘယ်မျှလောက်ကြီးသည်ကိုငှင်း၊ သင်တို့သည်သိစေခြင်းငှါ၊ သင်တို့၏ ဉာဏ် မျက်စိကို လင်းစေပါမည်အကြောင်း ဆုတောင်းပဌနာပြု၏။ ထိုတန်ခိုးတော်ကား၊ ခရစ်တော်ကို သေခြင်းမှ ထမြောက်စေတော်မူ၍ ခရစ်တော်၌ ပြုပြင်သော မဟာတန်ခိုးအာနုဘော် အရှိန်ကဲ့သို့ဖြစ်၏။ခပ်သိမ်းသောအထွဋ်အမြတ်၊ အာဏာစက်၊ တန်ခိုး၊ အစိုးရခြင်းမှစ၍၊ ယခုဘဝ နောင်ဘဝ၌ ခေါ်ဝေါ်သမုတ်သော ဘွဲ့နာမအလုံးစုံတို့အထက်၊ ကောင်းကင်အရပ်၌ မိမိလက်ျာတော်ဘက်မှာ အလွန်မြင့်မြတ်သောနေရာကို ခရစ်တော်အားပေးတော်မူ ၍၊ ခြေဘဝါးတော်အောက်သို့ အလုံးစုံတို့ကို ချထားသဖြင့်၊ အသင်းတော်အဘို့အလိုငှါ၊ သူ့ကို အလုံးစုံတို့၏ အချုပ်အခြာ ဦးခေါင်းဖြစ်စေတော်မူ၏။ ထိုအသင်းတော်ကား၊ အလုံးစုံတို့ကို အလုံးစုံတို့နှင့် ပြည့်စုံစေတော်မူသောသူ၏ပြည့်စုံခြင်းတည်းဟူသော ခရစ်တော်၏ကိုယ်ဖြစ်သတည်း။ ”*

## ဤမေးခွန်းများကို ဖြေဆိုပါ။

- ထိုခရစ်တော်၏ အသွေးတော်နှင့် ဘုရားသခင်၏ကျေးဇူးတော်ကြောင့်၊ ငါတို့သည် ____________________
  နှင့် ________________________ ကိုခံရကြ၏။
- ဘုရားသခင်၏စီမံကိန်းမှာ ကောင်းကင်နှင့် မြေကြီးပေါ်ရှိ အရာခပ်သိမ်းကို ဦးခေါင်းအဖြစ် ______________ ၌ တစ်ပေါင်းတစ်စည်းတည်းဖြစ်စေရန်ဖြစ်သည်။
- ခရစ်တော်၏ခန္ဓာကိုယ်သည် မည်သည့်အုပ်စုဖြစ်သနည်း။ ____________________________________
- ကိုယ်တော်၏အသင်းတော်ဟုခေါ်သော၊ ယုံကြည်သူများ၏ ခရစ်တော်ခန္ဓာကိုယ်တွင် မည်သူများ ပါဝင်နိုင်မည်နည်း။ ____________________________________________________________

## ဧဖက်၊ ၁း၃ – ၁၄ ကိုဖတ်ပါ။ (ခရစ်တော်၏စီမံကိန်းထဲရှိကောင်းကြီးမင်္ဂလာများနှင့် ပိုင်ဆိုင်မှုများ)

*“ငါတို့သည် ဘုရားသခင့်ရှေ့တော်၌ မေတ္တာအားဖြင့် သန့်ရှင်းလျက်၊ အပြစ်ကင်းလွတ်လျက် ဖြစ်မည်အကြောင်း၊ **ဤကမ္ဘာမတည်မရှိမှီ ငါတို့ကို ခရစ်တော်၌ ရွေးကောက်တော်မူသည်နှင့်အညီ၊ ကောင်းကင်ဘုံနှင့်ဆိုင်သော အရာတို့၌ ခပ်သိမ်းသောဝိညာဉ်မင်္ဂလာတို့ကို** ခရစ်တော် အားဖြင့် ငါတို့အား ပေးသနားတော်မူသော ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော် ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း။ ထိုဘုရားသခင်သည် ချစ်တော်မူသောသားတော်ကြောင့်၊ ငါတို့အားပေးတော်မူသော ကျေးဇူးတော်၏ ဘုန်းအသရေကို ချီးမွမ်းစေခြင်းငှါ၊ ငါတို့သည် **ယေရှုခရစ်အားဖြင့် သားအရာကိုရမည်အကြောင်း**၊ အလိုတော်ရှိသော စေတနာအတိုင်း ရှေးမဆွက ခွဲခန့်မှတ်သားတော်မူ၏။ ခပ်သိမ်းသောသတိပညာတော်နှင့်လျော်စွာ ငါတို့၌အတိုင်းထက်အလွန် များလှစွာ သော ကျေးဇူးတော်သည် ကြွယ်ဝပြည့်စုံသည်နှင့်အညီ၊ ထို**သားတော်၏ အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနုတ်တော်မူခြင်း**ကျေးဇူးကို ငါတို့သည် ခံရကြ၏။ ဘုရားသခင်သည် နှလုံးသွင်းတော်မူသော စေတနာတော်နှင့်လျော်သော အလိုတော်၏ နက်နဲသောအရာကို ငါတို့အားပြတော်မူ၏။ **ထိုနက်နဲသော အရာဟူမူကား၊ ကာလအချိန်စေ့စခြင်း၏ သာသနာတွင် ကောင်းကင် ပေါ်၊ မြေကြီးပေါ်မှာ ရှိရှိသမျှတို့ကိုပေါင်း၍ ခရစ်တော်၌ ချုပ်ခြာစေတော်မူလိမ့် သတည်း။***

*မိမိစေတနာ၏ အလိုတော်သို့လိုက်၍ အလုံးစုံတို့ကို စီရင်ပြုပြင်တော်မူတတ်သော သူ၏ကြံစည်ခြင်းရှိသည်အတိုင်း၊ ရှေးမဆွက ခွဲခန့်မှတ်သားတော်မူသည်နှင့်အညီ၊ ငါတို့သည် ထိုခရစ်တော်အားဖြင့် အမွေခံဖြစ်ကြ၏။ အကြောင်းမူကား၊ **ခရစ်တော်ကို မြော်လင့်နှင့်သော ငါတို့အားဖြင့် ဘုန်းတော်ကို ချီးမွမ်းစေခြင်းအကြောင်းဖြစ်သတည်း။** သင်တို့သည်လည်း **ကယ်တင်တော်မူခြင်းအကြောင်းနှင့် ယှဉ်သောဧဝံဂေလိတရား** တည်းဟူသော **သမ္မာတရားကို** ကြားနာရ၍ ထိုခရစ်တော်ကို ယုံကြည်ပြီးမှ၊ **ဂတိတော်နှင့်ယှဉ်သော သန့်ရှင်းသောဝိညာဉ်တော်၏ တံဆိပ်ခတ်ခြင်းကို** ခံရကြပြီ။ ပိုင်ထိုက်တော်မူသော သူတို့သည် ဘုန်းတော်ကို ချီးမွမ်းခြင်းအကြောင်းနှင့် **ရွေးနှုတ်တော်မူခြင်းသို့ မရောက်မီကာလပတ်လုံး** ထိုဝိညာဉ်တော်သည် ငါတို့အမွေ၏စားရန်ဖြစ်တော်မူ၏။ ”*

**ဤမေးခွန်းများကို ဖြေဆိုပါ။**

- ခရစ်တော်၌၊ ဘုရားသခင်သည် ______________________ တို့ကို ငါတို့အား ပေးသနားတော်မူ၏။
- ဘုရားသခင်၏ထာဝရစီမံကိန်းတွင် ကျွန်ုပ်တို့ရရှိထားသော ကောင်းကြီး မင်္ဂလာများနှင့် ပိုင်ဆိုင်မှုများကို (အထက်တွင် စာလုံးအထူ)သင်၏ခေါင်းဆောင်နှင့်အတူ ပြန်လည်သုံးသပ်ပါ။ ကွက်လပ်ထဲတွင် ထိုအချက်များထဲမှ အချက်(၃)ခုကို ရေးပါ။

______________________________________________

______________________________________________

______________________________________________

**ဧဖက်၊ ၂း၁ – ၆ ကိုဖတ်ပါ။ (ခရစ်တော်၏စီမံကိန်း၌ အသစ်သောနေရာ)**

*"သင်တို့သည် အထက်ကလောကီတရားသို့လိုက်၍ အာကာသကောင်းကင်၏ တန်ခိုးကို အစိုးရသော မင်းတည်းဟူသောငြင်းဆန်သောသူတို့၌ပြုပြင်သော ဝိညာဉ်၏အလိုနှင့်အညီ၊ ဒုစရိုက်အပြစ်တို့၌ ကျင်လည်ကြ၍၊ ထိုဒုစရိုက်အပြစ်၌ သေလျက်ရှိနေသော သင်တို့ကိုပင် ဘုရားသခင်သည် အသက်ရှင်စေတော်မူပြီ။ ထိုငြင်းဆန်သော သူတို့နှင့်တကွ၊ ငါတို့ရှိသမျှသည် အထက်ကကိုယ်ကာယ၏အလို သို့၎င်း၊ စိတ်၏အလိုသို့၎င်း၊ လိုက်သဖြင့်၊ ကာမဂုဏ်တို့၌ ကျင်လည်သည်ဖြစ်၍၊ ကြွင်းသောသူတို့ကဲ့သို့ပင် ပကတိအတိုင်း အမျက်တော်ကို ခံရသောသူ ဖြစ်ကြ၏။*

*သို့သော်လည်း ကရုဏာတော်နှင့် ကြွယ်ဝတော်မူသောဘုရားသခင်သည် ငါတို့ကို ချစ်တော်မူသော မဟာမေတ္တာတော်အားဖြင့်၊ ဒုစရိုက်အပြစ်၌ သေလျက်ရှိနေသော ငါတို့ကို ခရစ်တော်နှင့်အတူ အသက်ရှင်စေတော်မူပြီ။ ကျေးဇူးတော်ကြောင့်သာ ကယ်တင်ခြင်းသို့ ရောက်ရ၏။ ယေရှုခရစ်အားဖြင့် ငါတို့ကို ထမြောက်စေ၍ ကောင်းကင်အရပ်၌ နေရာပေးတော်မူပြီ။ "*

**ဤမေးခွန်းများကို ဖြေဆိုပါ။**

- ခရစ်တော်နောက်သို့လိုက်လျှောက်ခြင်းမရှိမှီ၊ မိမိတို့၏အပြစ်များထဲ၌ အသေဖြစ်ကြသည်။ ယခုအချိန်တွင် ကျွန်ုပ်တို့သည် မည်သည့်အခြေအနေ၌ ရှိသနည်း။ ______________________
- တစ်နေ့ ကျွန်ုပ်တို့သေဆုံးသောအခါ၊ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ မည့်သည့် နေရာတွင် အတူစိုးစံရမည်နည်း။ ______________________

**ဧဖက်၊ ၃း၁၆ – ၁၉ ကိုဖတ်ပါ။ (ခရစ်တော်၏ထာဝရစီမံကိန်းအတွက် ဆုတောင်းချက်)**

*"ဆုတောင်းသောအချက်ဟူမူကား၊ ဝိညာဉ်တော်အားဖြင့် သင်တို့၏ အတွင်းလူကို ခွန်အားနှင် မြဲမြံခိုင်ခံ့စေ၍ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်သည် သင်တို့၏ စိတ်နှလုံးအထဲ၌ ကျိန်းဝပ်တော် မူမည်အကြောင်း၊ ဘုန်းတော်ကြွယ်ဝပြည့်စုံခြင်းနှင့် ညီလျော်စွာ သင်တို့အားပေး သနားတော်မူ၍၊ မေတ္တာ၌စိုက်ပျိုးခြင်း၊ တိုက်မြစ်လည်းကျတည်ခြင်းရှိသဖြင့်၊ သင်တို့သည် သန့်ရှင်းသူအပေါင်းတို့၏နည်းတူ၊ အနံ့အလျားအနက်အမြင့် တို့ကို ပိုင်းခြား၍သိခြင်းငါ၎င်း၊ ကိုယ်ဉာဏ်နှင့် မသိနိုင်သော ခရစ်တော်၏ မေတ္တာတော်ကို သိနားလည်ခြင်းငါ၎င်း၊ သင်တို့သည် တတ်စွမ်းနိုင်သဖြင့် ဘုရားသခင်၏ ပြည့်စုံတော်မူခြင်းရှိသမျှနှင့်အညီ ပြည့်စုံကြပါမည်အကြောင်း၊ ငါသည်ဆုတောင်းလေ့ရှိ၏။ "*

**ဤမေးခွန်းများကို ဖြေဆိုပါ။**

- ဘုရားသခင်သည် သူ၏ယုံကြည်သူများကို ပေးတော်မူမည်အရာတွက်၊ ရှင်ပေါလု၏ဆုတောင်းသော အချက်များသည် မည်သည့်အရာဖြစ်မည်နည်း။ ________________________________________

________________________________________________________________

________________________________________________________________

________________________________________________________________

## လုပ်ဆောင်ချက် (၁)၊ တွဲဖက်စေခြင်း – ဘုရားသခင်၏ထာဝရစီမံကိန်းထဲရှိ သင်းဝင်သူတို့၏ ဝိသေသလက္ခဏာများ

လမ်းညွှန်ချက်များ၊

- အောက်ပါစာပိုဒ်တစ်ခုစီကို ဖတ်ပါ။ အောက်တွင်ရှိသော ဘုရားသခင်၏ထာဝရစီမံကိန်းထဲရှိ သင်းဝင်သူတို့၏ ဝိသေသလက္ခဏာများကို ပြန်၍သုံးသပ်ပါ။
- ဝိသေသလက္ခဏာတစ်ခုစီကို ဖော်ပြသော စာပိုဒ်နှင့် တွဲဖက်ပေးပါ။
- ကွက်လပ်တစ်ခုစီတွင် ကိုက်ညီသော ဝိသေသလက္ခဏာ တို့ကို ရေးပါ။

### ဘုရားသခင်၏ထာဝရစီမံကိန်းထဲရှိ သင်းဝင်သူတို့၏ ဝိသေသ လက္ခဏာများ

ခရစ်ယာန်ယုံကြည်သူတို့သည် ဘုရားသခင်၏ ထာဝရစီမံကိန်းနှင့် ရည်ရွယ်ချက်တွင် မည်သို့ပြုမူနေထိုင်ရမည်ကို ဖေက်၊ အခန်းကြီး (၄၊၅)နှင့် (၆) တို့က ကျွန်ုပ်တို့အား ပြောပြပါသည်။ **ဤဝိသေသလက္ခဏာများထဲမှ အချို့မှာ –**

**စင်ကြယ်ခြင်း အလင်း မေတ္တာ စည်းလုံးခြင်း တစ်လုံးတစ်ဝတည်းရှိခြင်း အောင်မြင်ခြင်း စောင့်ရှောက်ခြင်း**

- __________________နှင့် လျှောက်ပါ။ (ဖေက်၊ ၄း၁၆)
  *"ထိုဦးခေါင်းမှ၊ အဆစ်အပိုင်းများတို့သည် အားဖြည့်သဖြင့်၊ တကိုယ်လုံးသည် စေ့စပ် ထုံးဖွဲ့လျက်၊ အသီး အသီးအင်္ဂါများ ကိုယ်နေ့ကိုယ်တာအတိုင်း ပြုပြင်သည်နှင့်အညီ၊ မိမိကိုယ်ကို မေတ္တာ၌ တည်ဆောက် ခြင်းငှါ ကြီးပွါးစေတတ်၏။"*

- __________________နှင့် လျှောက်ပါ။ (ဖေက်၊ ၄း၂၂ – ၂၄)
  *"လှည့်ဖြားတတ်သော လောဘစိတ်တို့ဖြင့် ပုပ်ပျက်သော၊ လူဟောင်းကို ချွတ်ပယ်၍စိတ်နှလုံးသဘောသစ် ကိုရပြီးလျှင်၊ မှန်သောဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းပါရမီအားဖြင့် ဘုရားသခင်နှင့်အတူအမျှ ဖန်ဆင်းသော လူသစ်ကို ယူတင်ဝတ်ဆောင်မည်အကြောင်း၊ ခရစ်တော်၏စကားကို ကြားနာရသည်ဖြစ်၍၊ ယေရှု၌ သမ္မာတရားရှိသည်နှင့်အညီ၊ ထိုသခင်ထံ၌ နည်းခံ ကြပြီသတည်း။"*

- __________________နှင့် လျှောက်ပါ။ (ဖေက်၊ ၅း၁ – ၂)
  *"ထိုသို့သင်တို့သည် ဘုရားသခင်၏ ချစ်သားဖြစ်ကြသည်နှင့်အညီ၊ ဘုရားသခင်ကျင့် တော်မူသည်နည်းတူ ကျင့်ကြလော့။ ခရစ်တော်သည် ငါတို့ကိုချစ်တော်မူသောအားဖြင့်၊ ဘုရားသခင့်ရှေ့တော်၌ မွှေးကြိုင် သော အနံ့ရှိစေခြင်းငှါ၊ ကိုယ်ကိုကိုယ် ဆက်ကပ်၍ ယဇ်ပူဇော်လျက်၊ ငါတို့ အတွက် စွန့်တော်မူသည်နည်းတူ၊ သင်တို့သည် မေတ္တာတရား၌ ကျင်လည်ကြ လော့။"*

- ________________နှင့် လျှောက်ပါ။ (ဖေက်၊ ၅း၈ - ၁၁)
*“အထက်ကာလ၌ သင်တို့သည် မှောင်မိုက်အတိဖြစ်ကြ၏။ ယခုမူကား၊ သခင်ဘုရား ၌ အလင်းဖြစ်ကြ၏။ သို့ဖြစ်၍ အလင်း၏သားကဲ့သို့ ကျင့်နေကြလော့။ အလင်းတော်၏အကျိုးမူကား၊ အလုံးစုံသော ကောင်း မွန်ခြင်း၊ ဖြောင့်မတ်ခြင်း၊ သစ္စာ စောင့်ခြင်းဖြစ်သတည်း။ သခင်ဘုရား နှစ်သက်တော်မူသောအရာသည် အဘယ်အရာဖြစ်သည်ကို သင်ကြ လော့။ အကျိုးမဲ့သော မှောင်မိုက်အမှုတို့နှင့် မဆက်ဆံသည်သာမက၊ ထိုအမှုတို့၏ အပြစ် ကို ပြကြလော့။ ”*

- ________________နှင့် လျှောက်ပါ။ (ဖေက်၊ ၅း၁၅ - ၁၇)
*“ထိုကြောင့် ပညာမဲ့ကဲ့သို့မဟုတ်၊ ပညာရှိကဲ့သို့ စေ့စေ့မြေ့မြေ့ ကျင့်ဆောင်မည်အကြောင်း သတိပြုကြ လော့။ ယခုနေ့ရက်ကာလတို့သည် ဆိုးယုတ်သောကြောင့် ကာလအချိန်ကို ရွေးနှုတ်ကြ လော့။ ထိုကြောင့် သတိမရှိသောသူမဖြစ်၊ သခင်ဘုရား၏ အလိုတော်ရှိရာကို ပိုင်းခြား၍ သိသောသူဖြစ်ကြလော့။ ”*

- ________________နှင့် လျှောက်ပါ။ (ဖေက်၊ ၅း၃၃၊ ၆း၁ - ၂)
*“သို့ရာတွင် သင်တို့သည် အသီးအသီး ကိုယ်ကိုကိုယ်ချစ်သကဲ့သို့ ကိုယ်ခင်ပွန်းကို ချစ်ကြလော့။ မိန်းမသည်လည်း ကိုယ်ခင်ပွန်းကို ရှိသေခြင်းရှိစေလော့။ ”*

*“သားသမီးတို့၊ သခင်ဘုရား၏ အလိုတော်နှင့်အညီ မိဘစကားကို နားထောင်ကြ လော့။ မိဘစကားကို နားထောင်ခြင်းအမှုသည် တရားသောအမှုဖြစ်၏။ မိဘကို ရိုသေစွာပြုလော့။ ဤပညတ်တော်ကား၊ သင်သည် ပြည်တော်၌ ကောင်းစား၍ အသက်တာရှည်မည်အကြောင်းဟူ၍ ဂတိတော်နှင့်ဆိုင်သော ပဌမ ပညတ်ဖြစ်၏။ ”*


- ________________နှင့် လျှောက်ပါ။ (ဖေက်၊ ၆း၁၀ - ၁၃)
*“ကြွင်းသေးသောစကားဟူမူကား၊ ညီအစ်ကိုတို့၊ သခင်ဘုရားအားဖြင့်၎င်း၊ တန်ခိုး တော်အရှိန်အားဖြင့်၎င်း၊ ခိုင်ခံ့ခြင်းရှိကြလော့။ မာရ်နတ်၏ ပရိယာယ်တို့ကို ဆီးတားနိုင်မည်အကြောင်း၊ ဘုရားသခင် ပြင်ဆင် တော်မူသော လက်နက်စုံကို ဝတ်ဆောင်ကြလော့။ အကြောင်းမူကား၊ ငါတို့သည် အသွေးအသားရှိသော ရန်သူတို့နှင့် ဆိုင်ပြိုင်တိုက် လှန်ရကြသည်မဟုတ်။ အထွဋ်အမြတ်တို့နှင့်၎င်း၊ အာဏာစက်တို့နှင့်၎င်း၊ လောကီမှောင်မိုက်၌ အစိုးတရပြုလုပ်သော မင်းတို့နှင့်၎င်း၊ မိုဃ်းကောင်းကင်၌နေသော နတ်ဆိုး တို့နှင့်၎င်း၊ ဆိုင်ပြိုင်တိုက်လှန်ရကြ၏။ ထိုကြောင့်၊ ခဲယဉ်းဆိုးယုတ်သော နေ့ရက်ကာလ၌ ဆီးတားနိုင် သဖြင့်၊ ကိစ္စအလုံးစုံ တို့ကို ပြီးစီး၍ ခံရပ်နိုင်မည်အကြောင်း၊ ဘုရားသခင်ပြင်ဆင်တော်မူသော လက်နက်စုံ ကို ယူဆောင်ကြလော့။ ”*

**လုပ်ဆောင်ချက် (၂)၊ ကွက်လပ်များတွင် ဖြည့်ပေးပါ။ ဘုရားသခင်၏ထာဝရစီမံကိန်း ကောင်းကြီး မင်္ဂလာများ**

<u>လမ်းညွှန်ချက်များ၊</u>

- ပုံရိပ်များအတွက် ကျမ်းပိုဒ်များကို ဖတ်ပါ။ ကွက်လပ်များထဲတွင် လိုအပ်နေသော စာသားများကို ဖြည့်ပေးပါ။
- ကလေးများသည် ရုပ်ပုံများကို ရောင်စုံခြယ်နိုင်ပါသည်။


## ဘုရားသခင်၏ထာဝရစီမံကိန်းကောင်းကြီးမင်္ဂလာ



ဧဖက်၊ ၁း၇ တွင်၊ ဘုရားသခင်ထံမှ ကောင်းကြီးမင်္ဂလာ (၂)ခုမှာ ________________နှင့် ________________ ဖြစ်သည်။



ဧဖက်၊ ၃း၁၄ – ၂၁တွင် ခြောက်ကြိမ်တိတိဖော်ပြထားသော ကောင်းကြီးမင်္ဂလာ (၁) မျိုးမှာ ______________ ဖြစ်သည်။




ဧဖက်၊ ၃း၁၈ – ၁၉ နှင့် ၅း၈ – ၁၀ တို့တွင်၊ ထပ်ခါထပ်ခါ ဖော်ပြထားသော ကောင်းကြီးမင်္ဂလာ (၂)မျိုးမှာ ____________________ နှင့် ____________________ ဖြစ်ပါသည်။

**လုပ်ဆောင်ချက် (၃) ဘုရားသခင်၏လက်နက်စုံ**

<u>လမ်းညွှန်ချက်များ၊</u>

- ဧဖက်၊ ၆း၁၁ – ၁၈ တွင်၊ ဘုရားသခင်၏လက်နက်စုံသည် နတ်ဆိုးတို့အား တိုက်ဖျက်ရန် ကျွန်ုပ်တို့ အတွက် အထောက်အကူပေးသော ကောင်းကြီးတစ်ခုဖြစ်ပါသည်။ ၎င်းတွင် အစိတ်အပိုင်း(၇)ခုရှိပါသည်။ ဧဖက်၊ ၆း၁၁ – ၁၈ ကို ဖတ်ပါ။
- လက်နက်စုံကို အသုံးပြုလိုသော စစ်သား၏မှန်သောနေရာများတွင် အရေအတွက်လိုက် ထားပါ။

# ဘုရားသခင်၏လက်နက်စုံ



## ဧဖက်၊ ၆း၁၁ – ၁၈

၁။ သစ္စာတည်းဟူသောခါးပန်း

၂။ ဖြောင့်မတ်ခြင်း ရင်အုပ်တန်ဆာ

၃။ ငြိမ်သက်ခြင်းနှင့်ယှဉ်သော ဧဝံဂေလိတရားတည်းဟူသော ခြေစွပ်

၄။ ယုံကြည်ခြင်းတည်းဟူသော ဒိုင်းလွှား

၅။ ကယ်တင်ခြင်းတည်းဟူသော သံခမောက်

၆ နှင့် ၇။ နှုတ်ကပတ်တော်တည်းဟူသော ဝိညာဉ်တော်၏ထားနှင့် ဆုတောင်းပဌနာပြုခြင်းအမျိုးမျိုး

# ၆။ တပည့်တော်များ ဘုရားသခင်၏အိမ်တော်၌ တည်ဆောက်ခြင်း


## သင်ခန်းစာ – ၁၀
## တပည့်တော်တို့သည် ဘုရားသခင်၏အိမ်တော်၌ တည်ဆောက်ခြင်း

### ဘုရားသခင်၏အိမ်တော်

**<u>တိမောသေသြဝါဒစာ ပထမစာစောင်</u>**
**စနစ်တကျရှိသော ဘုရားသခင်၏အိမ်တော်**
**အကြောင်းကို သွန်သင်ခြင်း**
**(နှောင်းပိုင်းစာစောင်)**

**<u>ဂလာတိသြဝါဒစာ</u>**
**စင်ကြယ်သော ကျေးဇူးတော်၏သတင်းကောင်း**
**အကြောင်းကို သွန်သင်ခြင်း**
**(အစောပိုင်းစာစောင်)**

**<u>ပေတရုသြဝါဒစာ</u>**
**ဘုရားသခင်၏ရည်ရွယ်ချက်နှင့်စီမံကိန်း**
**အကြောင်းကို သွန်သင်ခြင်း**
**(အလယ်ပိုင်းစာစောင်)**




**ဘုရားသခင်၏အိမ်တော်၊ ယုံကြည်သူနှင့် ယေရှုခရစ်၏နောက်လိုက်များအားလုံးဖြင့် ဖွဲ့စည်းထားသော အသင်းတော်သည် ကောင်းကောင်းမွန်မွန် လုပ်ဆောင်သင့်သည်။** ပေါလုသည် ငယ်ရွယ်သောမိတ်ဆွေ တိမောသေအား အသင်းတော်မည်သို့လည်ပတ်ရမည်ကို သိရှိနားလည်စေလိုသည်။ မှန်ကန်သော သွန်သင်မှု၏အရေးပါပုံ၊ ရောင့်ရဲခြင်းနှင့် ဘုရားဝတ်ကို ပြုခြင်း၊ ဝိညာဉ်ရေးရာခေါင်းဆောင်များကို ရွေးချယ်ခြင်း နှင့် မှန်ကန်သောမိသားစုစနစ်အကြောင်းစသည် ဘုရားသခင်ထံမှသူ၏အသိပညာတို့ကို တိမောသေနှင့် ကနဦးအသင်းတော်များထံသို့ သူသည် ပေးအပ်ခဲ့သည်။ ယနေ့ ဘုရားသခင်၏အိမ်တော်တွင် ရှင်ပေါလု၏သွန်သင်ချက်များသည် ကျွန်ုပ်တို့အတွက် အရေးကြီးသည်။ ကျွန်ုပ်တို့သည် ထိုအရာတို့ကို သင်ယူခဲ့သည့်အခါ၊ ထိုအကြောင်းအရာတို့အားသွန်သင်ခြင်းနှင့်တပည့်တော်ဖြစ်စေခြင်းမှတဆင့် အခြားသူများထံသို့ လွှဲပြောင်းရပါမည်။

<u>**ကျက်မှတ်ရန် ကျမ်းချက်များ**</u>
၁တိ၊ ၄း၁၂
*"သင်၏အသက်အရွယ်နုပျိုသည်ကို အဘယ်သူမျှ မထီမဲ့မြင်မပြုစေနှင့်။ စကားပြောခြင်း၊ ကျင့်ကြံပြုမူခြင်း၊ သူတပါးကိုချစ်ခြင်း၊ ဝိညာဉ်သဘောရှိခြင်း၊ သစ္စာစောင့် ခြင်း၊ စင်ကြယ်ခြင်းအရာမှာ၊ ယုံကြည်သောသူတို့အား ပုံသက်သေကိုပြလော့။"*

**၁တိ၊ ၃း၁၄ – ၁၅ ကိုဖတ်ပါ။**

*"သင်ရှိရာသို့ ငါမြန်မြန်လာမည်ဟု မြော်လင့်ခြင်းရှိသော်လည်း၊ တာရှည်စွာနေလျှင်၊ သင်သည် ဘုရားသခင်၏ အိမ်တော်၌ အဘယ်သို့ကျင့်ကြံပြု မူရမည်ကို သိစေခြင်းငှါ ဤသို့ငါရေး၍ ပေးလိုက်၏။ ထိုအိမ်တော်ကား၊ အသက် ရှင်တော်မူသော ဘုရားသခင်၏ အသင်းတော်ဖြစ်၏။ ထိုအသင်းတော်ကား၊ သမ္မာတရား၏ အမှီတကဲဖြစ်၏။ သမ္မာတရား၏ တည်ရာလည်းဖြစ်၏။"*

**၁တိ၊ ၂း၄ – ၆ ကိုဖတ်ပါ။**

*"လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်၍ သမ္မာတရားကို သိစေခြင်းငှါ၊ ဘုရားသခင် အလိုတော်ရှိ၏။ ဘုရားသခင်တဆူတည်း ရှိတော်မူ၏။ ဘုရားသခင်နှင့် လူတို့၏စပ်ကြားမှာ၊ လူဖြစ်သော ယေရှုခရစ်တည်းဟူသော အာမခံတဦးတည်းရှိ၏။ ထိုအာမခံသည် လူအပေါင်းတို့ကို ရွေးအံ့သောငှါ ကိုယ်ကိုကိုယ် စွန့်တော်မူပြီ။ ကာလအချိန်တန်မှ သက်သေခံခြင်းရှိ၏။"*

**ဤမေးခွန်းများကို ဖြေဆိုပါ။**

- ရှင်ပေါလုသည် ဘုရားသခင်၏မိသားစုကို ____________________ ဟုခေါ်သည်။ (ထိုအရာကို ဘုရား၏အိမ်တော်ဟုလည်း ခေါ်သည်။)
- ဘုရားသခင်သည် မည်သူကို ကယ်တင်ခြင်းသို့ ရောက်စေလိုသနည်း။ ____________________
- ရှင်ပေါလုသည် လူတို့ကို မည်သို့ကယ်တင်ခြင်းသို့ရောက်ရှိနိုင်ကြောင်းကို ရှင်းလင်းစွာ ဖော်ပြခဲ့သည်။ (မိသားစုဝင်ဖြစ်ဘို့ သို့မဟုတ် ဘုရားသခင်၏အိမ်တော်သားဖြစ်ရန်) ထိုအချက်တွင် နည်းလမ်းတစ်ခုသာ ရှိသည်။ ထိုအရာက မည်သည့်အရာ ဖြစ်မည်နည်း။ ____________________

  ____________________

**၁တိ၊ ၂း၁ – ၃ ကိုဖတ်ပါ။ (ဆုတောင်းခြင်း)**

*"ငါတို့သည် ဘုရားဝတ်၌ မွေ့လျော်ခြင်း၊ လျောက်ပတ်စွာကျင့်ခြင်း အမျိုးမျိုးကိုပြု၍၊ ငြိမ်ဝပ်ဆိတ်ညံစွာ နေရမည်အကြောင်း၊ ရှင်ဘုရင်မှစ၍ မင်းအာဏာရှိသော သူအပေါင်းတို့နှင့် လူအမျိုးမျိုးတို့အဘို့ ဆုတောင်း ပဌနာပြုခြင်း၊ မေတ္တာပို့ခြင်း၊ ကျေးဇူးတော်ကို ချီးမွမ်းခြင်းကို ရှေဦးစွာ ပြုစေခြင်းငှါ ငါတိုက်တွန်းသွေးဆောင်၏။ အကြောင်းမူကား၊ ထိုသို့သောအမှုသည် ကောင်းသောအမှုဖြစ်၏။ ငါတို့ကို ကယ်တင်တော်မူသောအရှင် ဘုရားသခင်နှစ်သက်တော်မူသော အမှုလည်းဖြစ်၏။"*

**ဤမေးခွန်းများကို ဖြေဆိုပါ။**

- တိမောသေဆီသို့ ရှင်ပေါလု၏အကြံပေးချက်ကအဘယ်နည်း။ ____________________
- ရှင်ပေါလု၏အကြံပေးမှုကို မလိုက်နာခြင်း၏ အန္တရာယ်မှာ အဘယ်နည်း။ ____________________
- ရှင်ပေါလုသည် တိမောသေအား ဦးစွာပထမ အရေးကြီးဆုံးသောအရာသည်၊ ____________________
- ရှင်ပေါလုသည် တိမောသေကို ဆုတောင်းဖို့ ပြောခဲ့တဲ့သူတို့၏စာရင်းကို သင်ပြုလုပ်နိုင်ပါသလား။

  ၁။ ____________________

  ၂။ ____________________

  ၃။ ____________________

  ၄။ ____________________

**၁တိ၊ ၄း၁ – ၁၆ ကိုဖတ်ပါ။ (ဘုရားသခင်၏အိမ်တော်တွင် ဘုရားကို ကြောက်ရွံ့ခြင်းအသက်တာအတွက် လေ့ကျင့်ခြင်း)**

*"ဝိညာဉ်တော်သည် အတည့်အလင်း ဗျာဒိတ်ထားတော်မူသည်ကား၊ နောင်ကာလ၌ ဩတ္တပ္ပစိတ်တွင် သံပူနှင့် ခတ်ခြင်းကိုခံပြီး လျှင်၊ မုသာစကားကို ပြောတတ်သော သူတို့၏ လျှို့ဝှက်ခြင်းအားဖြင့်၊ လူအချို့ တို့သည် ယုံကြည်ခြင်းကို စွန့်ပယ်၍၊ လှည့်ဖြားတတ်သော စိတ်ဝိညာဉ်တို့၌၄င်း၊ နတ်ဘုရားတို့နှင့် စပ်ဆိုင်သော ဩဝါဒတို့၌၄င်း မှီဝဲဆည်းကပ်ကြလိမ့်မည်။ မင်္ဂလာဆောင်ခြင်းအမှုကို မပြုရဟူ၍၄င်း၊ ယုံကြည်၍ သမ္မာတရားကို သိသောသူတို့ သည် ကျေးဇူးတော်ကို သိသောစိတ်နှင့်တကွ သုံးဘို့ရာ၊ ဘုရားသခင်ဖန်ဆင်းတော်မူသော အစာမျိုးကို ရှောင်ရမည်ဟူ၍၄င်း ပညတ်ထားကြလိမ့်မည်။ ဘုရားသခင်ဖန်ဆင်းတော်မူသမျှသည် သုံးစရာ ကောင်း၏။ ကျေးဇူးတော်ကိုသိသောစိတ်နှင့် ခံယူလျှင်၊ အဘယ်အရာကိုမျှ မပယ်မရှောင်ရ။ အကြောင်းမူကား၊ ဘုရားသခင်၏ နှုတ်ကပတ်တရားတော်အားဖြင့်၄င်း၊ ဆုတောင်းခြင်းအားဖြင့်၄င်း၊ အရာရာတို့သည် စင်ကြယ် လျက်ရှိကြ၏။*

*ဤစကားများကို သင်သည် ညီအစ်ကိုတို့အား ကြားပြောလျှင်၊ ယုံကြည်ချက် စကား၊ ကိုယ်တိုင် ရှာဖွေ လေ့ကျက်သော သမ္မာဩဝါဒစကားနှင့် မွေးမြူခြင်း ကိုခံသော ယေရှုခရစ်၏ဓမ္မဆရာကောင်းဖြစ်လိမ့်မည်။ မိန်းမအိုပြောတတ်သော တရားမဲ့ဖြစ်သောဒဏ္ဍာရီစကားကိုပယ်ရှား၍ ဘုရားဝတ်၌ မွေ့လျော်ခြင်းအားဖြင့် ကိုယ်ကိုကိုယ်ဆုံးမလော့။ ကိုယ်ကာယကို ဆုံးမခြင်းသည် များစွာသော အကျိုးကိုမပေးတတ်။ ဘုရားဝတ်၌ မွေ့လျော်ခြင်းမူကား၊ ယခုဘဝ၊ နောင်ဘဝနှင့်စပ်ဆိုင်သော ဂတိတော်ကိုရသည်ဖြစ်၍၊ အရာရာ၌အကျိုးကို ပေးတတ်သည်ဟူသောစကားသည် သစ္စာစကားဖြစ်၏။ အကြွင်းမဲ့ခံယူအပ်သော စကားလည်းဖြစ်၏။ ထိုကြောင့်၊ အသက်ရှင်တော်မူထသော၊ လူအပေါင်းတို့ကို ကယ်မတော်မူ၍၊ ယုံကြည်သော သူတို့ကို အထူးသဖြင့် ကယ်မတော်မူသော ဘုရားသခင်၌ ငါတို့သည် ကိုးစားသည်နှင့်အညီ၊ ပင်ပန်းစွာအမှု ဆောင်ရွက်ကြ၏။ ကဲ့ရဲ့ခြင်းကိုလည်း ခံရကြ၏။*

*ယခုဆိုခဲ့ပြီးသည်အတိုင်း ပညတ်ထားခြင်း၊ ဆုံးမဩဝါဒပေးခြင်းကိုပြုလော့။ သင်၏အသက်အရွယ် နုပျိုသည်ကို အဘယ်သူမျှ မထီမဲ့မြင်မပြုစေနှင့်။ စကားပြော ခြင်း၊ ကျင့်ကြံပြုမူခြင်း၊ သူတပါးကိုချစ်ခြင်း၊ ဝိညာဉ် သဘောရှိခြင်း၊ သစ္စာစောင့်ခြင်း၊ စင်ကြယ်ခြင်းအရာမှာ၊ ယုံကြည်သောသူတို့အား ပုံသက်သေကိုပြုလော့။ ငါမလာမှီတိုင်အောင်၊ ကျမ်းစာကို ဘတ်ခြင်း၊ တိုက်တွန်းသွေးဆောင်ခြင်း၊ ဆုံးမဩဝါဒပေးခြင်းကို ကြိုးစား၍ ပြုလော့။ ဗျာဒိတ်တော်ကိုခံ၍၊ သင်းအုပ်များတို့သည် လက်တင်ခြင်းနှင့်တကွ၊ သင်၌အပ်ပေးသော ဆုကျေးဇူးကိုမပြုစုဘဲ မနေနှင့်။ သင်၏တိုးပွါးခြင်းကို လူအပေါင်းတို့အား ထင်ရှားစေခြင်းငှါ၊ ဤအရာများကို စိတ်စွဲလမ်း၍ ကြိုးစားအားထုတ်လော့။ ကိုယ်ကို၄င်း၊ ကိုယ်ဆုံးမဩဝါဒကို၄င်း သတိပြု၍ အမြဲတည်နေလော့။ ထိုသို့ပြုလျှင်၊ ကိုယ်ကို၄င်း၊ နားထောင်သောသူတို့ကို၄င်း ကယ်တင်လိမ့်မည်။"*

**ဤမေးခွန်းများကို ဖြေဆိုပါ။**

- ဤကျမ်းပိုဒ်မှ ရှင်ပေါလုက လုပ်ဆောင်ရန် ပြောသောအချက် (၃) ချက်ကို ဖေါ်ပြပါ။ ____________________
______________________________________________________________
______________________________________________________________
- ဤကျမ်းပိုဒ်မှ ရှင်ပေါလုက မလုပ်ဆောင်ရန် ပြောသောအချက် (၃) ချက်ကို ဖေါ်ပြပါ။ ____________________
______________________________________________________________
______________________________________________________________
- သင်သည် ငယ်ရွယ်သူဖြစ်သောကြောင့်၊ ဘုရားသခင်၏မိသားစု(သို့) အိမ်တော်တွင် အရေးပါသောသူ ဖြစ်ပါသလား။ ______________________________________________________________
- " ____________________ အားဖြင့် ကိုယ်ကိုကိုယ်ဆုံးမလော့။ ____________________
အရာရာ၌ အကျိုးကို ပေးတတ်သည်။" (၁တိ၊ ၄း၇ – ၈)

- သင်သည် အရေးပါသောသူ ဖြစ်သောကြောင့်၊ အခြားသောသူတို့ကို ခရစ်တော်အတွက် မှန်သောလမ်းဖြင့် သက်ရှင်ရန်၊ သင့်အား ________________________ အဖြစ်၊ ဘုရားသခင် အလိုရှိသည်။ (၁တိ၊ ၄း၁၂)

## <u>၁တိ၊ ၅း၁ – ၃၊ ၈ ကိုဖတ်ပါ။</u>

*"အသက်ကြီးသောသူကို ကျပ်တည်းစွာ မဆုံးမနှင့်။ အဘကဲ့သို့မှတ်၍ တောင်းပန် လော့။ လူပျိုတို့ကို ညီအစ်ကိုကဲ့သို့၎င်း၊အသက်ကြီးသောမိန်းမတို့ကို အမိကဲ့သို့၎င်း၊ မိန်းမပျိုတို့ကို အလွန်စင်ကြယ်သော အခြင်းအရာနှင့်တကွ၊ နှမကဲ့သို့၎င်း မှတ်၍ကျင့်လော့။*

*မုဆိုးမအမှန်ဖြစ်သော မိန်းမတို့ကို မစလုပ်ကျွေးလော့။*

*မိမိလူတို့ကိုမပြုစု၊ ထိုမျှမက၊ မိမိအိမ်သူအိမ်သားတို့ကို မပြုစုသောသူမည်သည် ကား၊ ယုံကြည်ခြင်းတရားကို ငြင်းပယ်၏။ မယုံကြည်ဘူးသောသူထက် သာ၍ယုတ်မာ၏။"*

## <u>၁တိ၊ ၆း၈ – ၁၀ ကိုဖတ်ပါ။</u>

*"သို့ဖြစ်၍၊ စားရန်၊ ဝတ်ရန်ရှိသမျှနှင့် ရောင့်ရဲလျက်နေကြကုန်အံ့။ ငွေရတတ်ခြင်းငှါ အလိုရှိသော သူတို့သည် အပြစ်သွေးဆောင်ခြင်း၊ ဘမ်းမိခြင်း၊ မိုက်မဲဖျက်ဆီးတတ်သော တပ်မက်ခြင်းများထဲသို့ ကျရောက်တတ်ကြ၏။ ထိုသို့ သောအားဖြင့် လူတို့သည် အကျိုးနည်းခြင်း၊ ပျက်စီးခြင်း၌ နစ်မွန်းတတ်ကြ၏။ အကြောင်းမူကား၊ ငွေကိုတပ်မက်ခြင်းသည် မကောင်းသောအမှုအပေါင်းတို့တွင် မူလအမြစ်ဖြစ်သတည်း။ လူအချို့တို့သည် ငွေကို တပ်မက်သောကြောင့် ယုံကြည်ခြင်း တရားလမ်းမှ လွဲသွား၍၊ ပူပန်ခြင်းဝေဒနာများနှင့် ကိုယ်ကိုကိုယ် ထုတ်ချင်းခပ် အောင်ထိုးကြပြီ။"*

## <u>ဤမေးခွန်းများကို ဖြေဆိုပါ။</u>

- ၁တိ၊ ၅း၁ – ၂ တွင် "သန့်ရှင်းသောနည်းလမ်းဖြင့်" ကျွန်ုပ်တို့ဆက်ဆံသင့်သော အဖွဲ့(၄) ဖွဲ့ရှိပါသည်။ ထိုအဖွဲ့ တစ်ခု ချင်းစီအတွက်၊ သူတို့ကို ဘယ်လို ဆက်ဆံသင့်တယ်ဆိုတာကို ရေးပါ။

| <u>အဖွဲ့</u> | <u>ပြုမူဆက်ဆံခြင်း</u> |
|---|---|
| အသက်ကြီးသော ယောကျ်ားများ | ________________ |
| လူပျိုများ | ________________ |
| အသက်ကြီးသော မိန်းမများ | ________________ |
| မိန်းမပျိုများ | ________________ |

- ကြည့်ရှုသူမရှိသော မုဆိုးမများကို အဘယ်သူပြုစုရမည်နည်း။ ________________________
- ယုံကြည်သူများ၏ဆွေမျိုးများကို မည်သူ စောင့်ရှောက်သင့်သနည်း။ ________________________
- ငွေကိုတက်မက်ခြင်းသည် အကောင်း/အဆိုး မည်သည့်အရာဖြစ်သနည်း။ ________________________
- ၁တိ၊ ၆း၈ – ၁၀ တွင်၊ ကျွန်ုပ်တို့ ဝမ်းမြောက်ခြင်းငှာ၊ စည်းစိမ်ဥစ္စာကို ရှာဖွေရန်မပြုသင့်၊ ကျွန်ုပ်တို့တွင် ရှိသမျှသော အရာနှင့် ________________________ ဖြစ်သည်။

**ဖေက်၊ ၅း၂၂ – ၂၅ ကိုဖတ်ပါ။** (ဘုရားသခင်၏အိမ်တော်၌ မိသားစုကိုစနစ်တကျ တည်ဆောက်ခြင်း)

*"အချင်းမိန်းမတို့၊ သခင်ဘုရား၏ အုပ်စိုးတော်မူခြင်းကို ဝန်ခံသကဲ့သို့၊ ကိုယ်ခင်ပွန်း ၏အုပ်စိုးခြင်းကို ဝန်ခံကြလော့။ အကြောင်းမူကား၊ ခရစ်တော်သည် အသင်းတော်၏အပေါ်မှာ ခေါင်းဖြစ်တော်မူ သကဲ့သို့၊ ယောကျ်ားသည် မိမိခင်ပွန်း၏အပေါ်မှာ ခေါင်းဖြစ်၏။ ခရစ်တော်သည် လည်း မိမိကိုယ်ကို ကယ်တင်သော သူဖြစ်တော်မူ၏။ အသင်းတော်သည် ခရစ်တော်၏ အုပ်စိုးတော်မူခြင်းကို ဝန်ခံသကဲ့သို့၊ မိန်းမတို့ လည်း ကိုယ်ခင်ပွန်း၏ အုပ်စိုးခြင်းကို အရာရာ၌ ဝန်ခံရကြမည်။*

*အချင်းယောကျ်ားတို့၊ ခရစ်တော်သည် အသင်းတော်ကို ချစ်တော်မူသကဲ့သို့၊ သင် တို့လည်း ကိုယ်ခင်ပွန်းကို ချစ်ကြလော့။"*

**ဖေက်၊ ၆း၄ ကိုဖတ်ပါ။**

*"အဘတို့၊ ကိုယ်သားသမီးကို စိတ်ဆိုးစေခြင်းငှါ မပြုကြနှင့်။ သခင်ဘုရား၏ အလို တော်နှင့်ညီသော ဆုံးမသွန်သင်ခြင်းကို ပြုလျက်ကျွေးမွေးကြလော့။"*

**တိတု၊ ၂း၄ ကိုဖတ်ပါ။**

*"ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို ကဲ့ရဲ့ခြင်းနှင့် ကင်းလွတ်စိမ့်သောငှါ၊ အသက်ပျိုသောမိန်းမတို့ သည် ကိုယ်ခင်ပွန်းကိုချစ်သောသူ၊ သားသမီးကိုချစ်သောသူ၊"*

**ကောလောသဲ၊ ၃း၂၀ – ၂၁ ကိုဖတ်ပါ။**

*"သားသမီးတို့၊ မိဘစကားကိုအရာရာ၌ နားထောင်ကြလော့။ မိဘစကားကို နား ထောင်ခြင်း အမှုသည် သခင်ဘုရား နှစ်သက်တော်မူသောအမှုဖြစ်၏။ အဘတို့၊ ကိုယ်သားသမီးကို စိတ်ဆိုးစေခြင်းငှါ မပြုကြနှင့်။ ထိုသို့ပြုလျှင်၊ သူတို့ သည် အားလျော့စိတ်ပျက်ခြင်းသို့ ရောက်ကြလိမ့်မည်။"*

**ဤမေးခွန်းများကို ဖြေဆိုပါ။**

- အသင်းတော်၏ဦးခေါင်းသည် မည်သူဖြစ်သနည်း။ ____________________
- မိသားစု၏ဦးခေါင်းသည် မည်သူဖြစ်သင့်သနည်း။ ____________________
- ခင်ပွန်းတို့သည် မိမိတို့၏ဇနီးသည်များကို မည်သို့ ချစ်သင့်သနည်း။ ____________________
- မိဘများသည် မိမိတို့၏သားများကို မည်သို့ ပြုစုသင့်သနည်း။ ____________________
- သား၊ သမီးတို့သည် မိမိတို့၏မိဘများကို မည်သို့ ဆက်ဆံသင့်သနည်း။ ____________________

# ရှင်ပေါလုနှင့်တိမောသေ



## လုပ်ဆောင်ချက် (၂) ဘုရားသခင်၏အိမ်တော်ကို တည်ဆောက်ခြင်း



<u>လမ်းညွှန်ချက်များ၊</u>

- ၁ကော၊ ၃း၁၀ တွင်၊ ရှင်ပေါလုကို လိမ္မာကျွမ်းကျင်သော ဗိသုကာဆရာဟု ခေါ်သည်။ သူသည် ဘုရားသခင်၏ အိမ်တော် (ဘုရားသခင်၏အသင်းတော်) ကို "တည်ဆောက်" လိုသောသူဖြစ်ပြီး၊ ထိုသင်းဝင်သူများကို သခင်ဘုရား၌ ခိုင်ခံ့ရန် မစလိုသောသူ ဖြစ်သည်။
- စာစောင်များတွင်၊ သူ၏ဟောပြောချက်များနှင့် ရေးသားချက်တို့သည် ဘုရားသခင်၏အိမ်တော်၌ ယုံကြည်သူလူသစ်များကို "တည်ဆောက်" ဘို့ရန်၊ ဆောက်လုပ်ရေးသမားအသုံးပြုမည့်၊ လုပ်ငန်းသုံး ပစ္စည်းများနှင့်တူသည်။
- အောက်ပါဇယားတွင် ပြသထားသော ဓမ္မသစ်စာစောင်တစ်ခုစီအတွက်၊ ရှင်ပေါလုသည် သူ၏စာစောင်တွင်၊ ပြီးမြောက်စေလိုသော ကိုက်ညီမှုရှိသည့် ရည်ရွယ်ချက်တို့ကို ရေးပါ။ (သင့်အား အထောက်အကူဖြစ်ရန်၊ သင်ခန်းစာ ၈ - ၁၀ အတွင်းရှိ ရုပ်ပုံများကို အသုံးပြုနိုင်သည်။)

**ဤရည်ရွယ်ချက်များကို အောက်တွင်ရှိသော ရှင်ပေါလု၏စာစောင်များဆီသို့ တွဲဖက်ပေးပါ။**

- ကနဦး စာစောင် <u>စင်ကြယ်သော ကျေးဇူးတော်၏ သတင်းကောင်းကို သွန်သင်ခြင်း</u>
- အလယ်ပိုင်း စာစောင် <u>ဘုရားသခင်၏အကြံအစည်တော်နှင့် စီမံကိန်းကို သွန်သင်ခြင်း</u>
- နှောင်းပိုင်း စာစောင် <u>ဘုရားသခင်၏အိမ်တော်၌ စနစ်တကျစီမံထားရှိခြင်းကို သွန်သင်ခြင်း</u>

### ဘုရားသခင်၏အိမ်တော်ကို တည်ဆောက်ခြင်း

| | | |
|---|---|---|
|   |   |   |
| စာစောင်၊ <u>ဂလာတိသြဝါဒစာ</u> | စာစောင်၊ <u>ဖေက်သြဝါဒစာ</u> | စာစောင်၊ <u>၁ တိမောသေသြဝါဒစာ</u> |
| ရည်ရွယ်ချက်<br>____________ | ရည်ရွယ်ချက်<br>____________ | ရည်ရွယ်ချက်<br>____________ |

## လုပ်ဆောင်ချက် (၃) ဘုရားသခင်၏အိမ်တော်၌ မိသားစုစနစ်ကို တည်ဆောက်ခြင်း

<u>လမ်းညွှန်ချက်များ၊</u>

- **ဖေက်၊ ၅း၂၂ – ၂၄ ၊ ၆း၄၊ တိတု၊ ၂း၄၊ ကောလောသဲ၊ ၃း၂၀ – ၂၁ နှင့် ၁တိ၊ ၅း၁ – ၃** တို့ကို ပြန်၍ဖတ်ကြည့်ပါ။ ဤကျမ်း ပိုဒ်များသည် သမ္မာကျမ်းစာအရ ဘုရားသခင်၏အိမ်တော်ရှိ မိသားစု၏ မှန်ကန်သော စနစ်ကို ဖော်ပြထားသည်။ ခေါင်းဆောင်မှုနှင့် လေးစားမှုရှိစေရန်၊ ဘုရားသခင်သည် မိမိအိမ်သူအိမ်သားများကိုဖွဲ့စည်းထားသည်။ ဥပမာအားဖြင့်၊ ကျွန်ုပ်တို့၏မိဘများ(သို့)စောင့်ထိန်းသောသူများနှင့် အသင်းတော်ခေါင်းဆောင်များကဲ့သို့သော ကျွန်ုပ်တို့အပေါ် ဘုရားသခင်ထားရှိသည့် ခေါင်းဆောင်မှုကို ကျွန်ုပ်တို့လေးစားရမည်။
- အောက်ပါ **ဘုရားသခင်၏အိမ်တော်မိသားစုစနစ်** စက်ဝိုင်း သည် ဘုရားသခင်၏အိမ်တော်၌ မိတ်ဆွေ၏ နေရာကို နားလည်ရန်၊ ကူညီပေးနိုင်ပါသည်။
- **ကွက်လပ်များကိုဖြည့်ပြီး၊ အောက်ပါစက်ဝိုင်းများကို အရောင်ခြယ်ပါ။ သင့်အဖွဲ့ (သို့) သက်ဆိုင်ရာ ခေါင်းဆောင်တစ်ဦးခြင်းနှင့် လုပ်ဆောင်ချက်များကို ဆွေးနွေး တိုင်ပင်ပါ။**


၁။ အလယ်ဗဟို စက်ဝိုင်းထဲရှိ လက်ဝါးကပ်တိုင်သည် ခရစ်တော်ကို ပြောခြင်းဖြစ်သည်။ တစ်ဦးချင်း အသက်တာ နှင့်မိသားစုတိုင်း၏ ဗဟိုမှာမည်သူရှိသင့်သနည်း။ ယေရှုခရစ်ကို ယုံကြည်သူလူငယ်တစ်ဦး၊ သားသမီးတစ်ဦးအနေဖြင့်၊ သင်သည်ခရစ်တော်နှင့်အတူ စက်ဝိုင်း၏ အလယ်တွင် တည်ရှိနေသည်။ လက်ဝါးကပ်တိုင်နှင့်အတူ သင်၏အမည်ကိုအလယ်စက်ဝိုင်းအငယ်တွင် ထည့်ပါ။ ထိုစက်ဝိုင်းကို <u>**အဝါရောင်**</u> ခြယ်ပါ။ **ယေရှုခရစ်တော်နှင့် သင်၏ ဆက်ဆံရေးသည် အလွန် အရေးကြီးသည်။ အဘယ်ကြောင့် ဆိုသော် ခရစ်တော်ကို သိရှိခြင်းနှင့် နာခံခြင်းသည် သင့်အားကောင်းသော မိသားစုဝင်တစ်ဦးနှင့် အသင်းသားတစ်ဦး ဖြစ်လာရန် ကူညီပေးသောကြောင့်ဖြစ်သည်။**

၂။ အလယ်ဗဟိုမှ ဒုတိယစက်ဝိုင်းသည် ယောကျာ်းတစ်ဦး(ခင်ပွန်းသည်)နှင့် မိန်းမတစ်ဦး (ဇနီးသည်) တို့အကြား **လက်ထပ်ထိမ်းမြားခြင်း**ကို ဆိုလိုသည်။ ဤစက်ဝိုင်းတွင် သင့်၏ မိခင်နှင့် ဖခင်တို့၏ အမည်များကို ရေးပါ။ အကယ်၍မိဘနှစ်ပါး၏အမည်များကို မသိပါက၊ သင်သိသော တစ်ဦး၏အမည်ကိုရေးပါ (သို့) ဤစက်ဝိုင်းကို ကွက်လပ်ထားနိုင်သည်။ လက်ထပ်ထိမ်းမြားခြင်း စက်ဝိုင်းကို <u>**အပြာရောင်**</u> ခြယ်ပါ။

၃။ အလယ်ဗဟိုမှ တတိယစက်ဝိုင်းသည် **မိသားစုတစ်စု** တစ်စုဖြစ်သည်။ ဤစက်ဝိုင်းတွင် မိသားစုအတွင်းရှိ မိဘများ နှင့် ကလေးများပါဝင်သည်။ ဤစက်ဝိုင်းတွင်၊ သင်အမည်နှင့် သင်တွင်ရှိသည့် ညီအစ်ကို မောင်နှမများ၏အမည်များကို ထပ်မံရေးပါ။ မိသားစုအားလုံး မတူညီနိုင်ပါ။ သင်သည် အတူနေသော မိဘများအစား၊ သင်တွင် ဘိုးဘွားများ၊ အခြားအရွယ်ရောက်ပြီးသူ၊ မိသားစုဝင်များ (သို့) သင့်အား **ကြည့်ရှုပြုစုသော အခြားအသက်ကြီးသောသူများ** လည်း ရှိနိုင်ပါသည်။ သင်သည် ဤလူများ၏အမည်များကို ဤစက်ဝိုင်းထဲတွင်လည်း ရေးနိုင်ပါသည်။ ဤမိသားစုစက်ဝိုင်းကို <u>**အစိမ်းရောင်**</u> ခြယ်ပါ။

၄။ အလယ်ဗဟိုမှ စတုတ္ထစက်ဝိုင်းသည် **အသင်းတော်၊ ဘုရားသခင်၏အိမ်တော်** ဖြစ်သည်။ စက်ဝိုင်းထဲတွင် အသက်ကြီးသော အမျိုးသားများ၊ အသက်ငယ်သော အမျိုးသားများနှင့် အသက်ကြီးသော အမျိုးသမီးများ၊ အသက်ငယ်သော အမျိုးသမီးများ အပါအဝင် ကမ္ဘာတစ်ဝှမ်းရှိ ယုံကြည်သူများအားလုံး ပါဝင်ပါသည်။ ယေရှုခရစ်တော်၌ ယုံကြည်သော လူငယ်များလည်း ဤစက်ဝိုင်းတွင်ရှိကြပါမည်။ သင်ထက် အသက်ကြီးသောယုံကြည်သူတစ်ဦး (သို့) သင်၏အသင်းတော်အမည်ကို ရေးပါ။ ဤအသင်းတော်၏ စက်ဝိုင်းကို <u>**ခရမ်းရောင်**</u> ခြယ်ပါ။


## <u>ဘုရားသခင်၏အိမ်တော်၌မိသားစုစနစ်</u>



# ၇။ တပည့်တော်များ ခရစ်တော်၌ (သို့) ခရစ်တော်နှင့်အတူ တည်ဆောက်ခြင်း

## သင်ခန်းစာ – ၁၁
## ခရစ်တော်၌သင့်၏အသက်တာ




**ကျွန်ုပ်တို့၏နားလည်နိုင်စွမ်းထက်ကျော်လွန်ပြီး၊ ထာဝရတည်မြဲ၍ အံ့သြဘွယ်ကောင်းသော သူ၏သားတော်ကို ယုံကြည်ခြင်း အားဖြင့်၊ <u>ခရစ်တော်၌ရှိသော စည်းစိမ်ကို ဘုရားသခင်သည် သူ၏နောက်လိုက်များအား ပေးတော်မူ၏။</u>** ကျွန်ုပ်တို့တွင် ကယ်တင်ခြင်းနှင့် ထာဝရအသက် ရရှိရုံသာမက၊ ငြိမ်သက်ခြင်း၊ အသက်တာသစ်၊ ဘုရားသခင် နှင့်နီးကပ်စွာရှိခြင်း နှင့် အခြားများစွာသော ကောင်းကြီးများကိုလည်း ကျွန်ုပ်တို့ရရှိပါသည်။

**<u>ကျက်မှတ်ရန် ကျမ်းချက်များ</u>**

**ဖိလိပ္ပိ၊ ၄း၁၉**

*"ငါ၏ဘုရားသခင်သည် ဘုန်းအာနုဘော်၌ စံပယ်တော်မူသောစည်းစိမ်ရှိသည်အတိုင်း၊ သင်တို့အလိုရှိသမျှ တို့ကို ယေရှုခရစ်အားဖြင့် ပြည့်စုံစေတော်မူလိမ့်မည်။"*

**<u>မဿဲ၊ ၁၃း၄၄ – ၄၆</u>**

*"တနည်းကား၊ ကောင်းကင်နိုင်ငံတော်သည် လယ်၌ဝှက်ထားသောဘဏ္ဍာနှင့်တူ၏။ ထိုဘဏ္ဍာကို တွေ့သောသူသည် တဖန်ဖုံးအုပ်၍၊ ဝမ်းမြောက်သောစိတ်နှင့် သွားပြီး လျှင်၊ ရတတ်သမျှကိုရောင်း၍ ထိုလယ်ကို ဝယ်တတ်၏။ တနည်းကား၊ ကောင်းကင်နိုင်ငံတော်သည် မြတ်သောပုလဲတို့ကိုရှာသော ကုန်သည် နှင့်တူ၏။*

*ထိုကုန်သည်သည် အလွန်အဘိုးထိုက်သော ပုလဲကိုတွေ့သောအခါ၊ သွား၍မိမိ၌ ရတတ်သမျှကို ရောင်းပြီး လျှင် ထိုပုလဲကိုဝယ်လေ၏။"*

**<u>ဤမေးခွန်းများကို ဖြေဆိုပါ။</u>**

- ရှင်မဿဲသည် ကောင်းကင်နိုင်ငံတော်ကို အဘိုးထိုက်သော အရာနှစ်ခုဖြင့် နှိုင်းယှဉ်ထားပါသည်။ ယင်းတို့မှာ ____________________၊ ____________________

- အောက်တွင် ဘဏ္ဍာနှင့်တွဲဖက်သော လုပ်ရှားမှုတွင်၊ ကျမ်းပိုဒ်အခန်းငယ်များထံမှ ဖေါ်ပြထားသော "ခရစ်တော်၌ ရှိသောဘဏ္ဍာ" သို့တိုက်ရိုက် မျဉ်းကြောင်းဆွဲရန် ဖြစ်သည်။

| အခန်းငယ်များ | | ခရစ်တော်၌ဘဏ္ဍာများ |
|---|---|---|
| ဖေက်သြဝါဒစာ | ၁း၅ | ချစ်ခြင်း |
| | ၁း၇ | မျှော်လင့်ခြင်းနှင့် နစ်သိမ့်ခြင်း |
| | ၁း၁၃ | ပြည့်စုံခြင်းနှင့် စစ်မှန်သောအသက်တာ |
| | ၁း၁၉ | အပြစ်များကို ခွင့်လွှတ်ခြင်း |
| | ၂း၅ | ငြိမ်သက်ခြင်း |
| | ၂း၆ | အသစ်သော အသက်တာ |
| | ၂း၇ | ကယ်တင်ခြင်း |
| | ၂း၁၃ | ကြီးမြတ်သောတန်ခိုး/ဝိညာဉ်ရေးရာခွန်အား |
| | ၂း၁၄ | ကောင်းကင် |
| | ၃း၁၉ | ဘုရားသခင်နှင့်နီးကပ်ခြင်း |
| ကောလောသဲ | ၂း၉ - ၁၀ | ကျေးဇူးတော် |
| ၂သက်၊ | ၂း၁၆ - ၁၇ | ဘုရားသခင်၏သားဖြစ်ခြင်း |

- ကောလောသဲ၊ ၂း၉ - ၁၀ တွင်၊ *"အကြောင်းမူကား၊ ဘုရားသခင်၏ ဇာတိအဖြစ်တော်၏ ပြည့်စုံခြင်း အပေါင်းသည် ခရစ်တော်၌ ကိုယ်ထင်ရှား၍ ကျိန်းဝပ်တော်မူ၏။ အထွဋ်အမြတ် အာဏာစက်ရှိသမျှကို အုပ်စိုးတော်မူသော ထိုသခင်၌ သင်တို့သည် စုံလင်ခြင်းရှိကြ၏။"* ခရစ်တော်သည် သင့်အထဲ၌ အသက်ရှင်ခြင်းသည် မည်သည့်အဓိပ္ပါယ်ရှိသနည်း။ ______________________________________

 _______________________________________________________

- ၂ သက်၊ ၂း၁၆ တွင်၊ *"ငါတို့ကိုချစ်တော်မူ၍၊ ထာဝရသက်သာခြင်းအကြောင်းကိုငှင်း၊ ကျေးဇူးတော်အားဖြင့် ကောင်းသောမြော်လင့်ခြင်းအကြောင်းကိုငှင်း ပေးတော်မူသော ငါတို့အဘတည်းဟူ သောဘုရားသခင်နှင့်၊ ငါတို့သခင်ယေရှုခရစ်သည် ကိုယ်တော်တိုင်"* ကျွန်ုပ်တို့၏သခင်ယေရှုခရစ်နှင့် အဘဘုရားသခင်သည် ကျွန်ုပ်တို့အား အဘယ်အရာကို ပေးသနည်း။ ______________________________________


 _______________________________________________________

**လုပ်ဆောင်ချက် (၁) ရတနာသေတ္တာကို ရေးဆွဲပါ။**

<u>လမ်းညွှန်ချက်များ၊</u>

- နံပါတ်အစဉ်အတိုင်းလိုက်၍ ရတနာသေတ္တာကို ရေးဆွဲပါ။


**ရတနာသေတ္တာကို ရေးဆွဲပါ။**



လုပ်ဆောင်ချက် (၂) "ခရစ်တော်၌" လက်ဖွဲ့ရာ


<u>လမ်းညွှန်ချက်များ၊</u>

- **လက်ဝါးကပ်တိုင်သည် ယေရှုခရစ်တော်ကို ပုံဆောင်သည်။ သင်၏အပြစ်များကို ခွင့်လွှတ်ဘို့ရန် ခရစ်တော်ကို သင်သည် ကိုးစားသောအခါ "ခရစ်တော်၌" အသစ်သောအသက်တာနှင့်အတူ များစွာသော ကောင်းကြီးများကိုလည်း ခံစားရသောသူဖြစ်လာသည်။** ခရစ်တော်ကို ယုံကြည်စိတ်ချပါက၊ သင်သည် ယခုပင် ခရစ်တော်၏မိသားစုနှင့် ခန္ဓာကိုယ်တွင် မိသားစုဝင်တစ်ဦးဖြစ်သည်။ သင်၏အသစ်သော ရပ်တည်ချက်ကို ဖော်ပြရန် အောက်တွင်ရှိသော ပုံကို ပြီးဆုံးအောင် လုပ်ဆောင်ပါ။
- **ပေးထားသော မင်အိုးတွင် လက်ညှိုးကိုစွတ်ဆိုစေကာ၊ လက်ဝါးကပ် တိုင်ပေါ်တွင် ဖိ၍နှိပ်ပါ။**



(ဥပမာအားဖြင့်     )

<u>"ခရစ်တော်၌" လက်ဖွဲ့ရာ</u>



# သင်ခန်းစာ – ၁၂
# ခရစ်တော် <u>နှင့်အတူရှိသော</u> သင့်အသက်တာ



ယုံကြည်သူတစ်ဦး၏ အကြီးမြတ်ဆုံး အခွင့်အရေးများထဲမှ တစ်ခုသည် အသက်ရှင်သောဘုရားသခင်၏ မျက်မှောက်တော်တွင် တစ်ဦးချင်းလျှောက်လှမ်းသော အသက်တာဖြစ်သည်။ **ဘုရားသခင်နှင့်အတူ နေ့စဉ် အချိန်ယူခြင်းသည် သင့်၏ဝိညာဉ် ရေးရာအသက်တာနှင့် <u>ခရစ်တော်နှင့်အတူ</u> လျှောက်လှမ်းသော အသက်တာအတွက် အလွန်အရေးကြီးပါသည်။** အကောင်းဆုံးသောအရာမှာ **ဘုရားသခင်သည် ကျွန်ုပ်တို့အား သူနှင့်အတူ အချိန်ယူခြင်းနှင့် ဆက်ဆံခြင်းတို့ဖြစ်သည်။** ၁ကော ၁း၉ တွင်၊ *"ငါတို့သခင်တည်းဟူသော သားတော်မြတ်သခင်ယေရှုခရစ်နှင့် ဆက်ဆံခြင်းကျေးဇူးတော်ကိုသင်တို့အားပေးတော်မူသောဘုရားသခင်သည် သစ္စာနှင့်ပြည့်စုံတော်မူ၏။"* အသက်တာကို ခရစ်တော်နှင့်အတူမျှဝေခံစားခြင်း ဆိုသည်မှာ ကိုယ်တော်နှင့် **မိတ်ဆွေဖြစ်လာခြင်း** ကိုခေါ်သည်။ သင်သည် သခင်ဘုရားနှင့်အတူ တစ်ဦးချင်းအချိန်ယူသောအခါ၊ သင်သည် အရေးကြီးသောသူ တစ်ဦးနှင့် ဆက်သွယ်နေခြင်း ဖြစ်သည်။

## <u>ကျက်မှတ်ရန် ကျမ်းချက်များ</u>

**ဗျာ၊ ၃း၂၀**

*"ငါသည်တံခါးရှေ့မှာရပ်၍ ခေါက်လျက်နေ၏။ အကြင်သူသည် ငါ၏အသံကိုကြား၍ တံခါးကိုဖွင့်အံ့ ထိုသူရှိရာ သို့ငါဝင်၍ သူနှင့်အတူစားသောက်မည်။ သူသည်လည်းငါနှင့်အတူ စားသောက်ရလိမ့်မည်။"*

## <u>လုကာ၊ ၂၄း၁၃ – ၃၂ ကိုဖတ်ပါ။</u>

*"ထိုမှတပါး၊ တပည့်တော်နှစ်ယောက်တို့သည် ယေရုရှလင်မြို့နှင့် ခရီးလေးတိုင်ကွာသော ဧမောက်အမည်ရှိ သောရွာသို့ ထိုနေ့၌သွားကြစဉ်တွင်၊ ဖြစ်ခဲ့ပြီးသော အကြောင်းအရာအလုံးစုံတို့ကို အချင်းချင်း ဆွေးနွေး ပြောဆို ကြ၏။ ထိုသို့ ဆွေးနွေးပြောဆိုကြစဉ်တွင်၊ ယေရှုသည်ချဉ်းကပ်၍ သူတို့နှင့်အတူကြွတော်မူ၏။ ထိုသူတို့သည် မျက်စိ ချုပ်လျက်ရှိ၍၊ ကိုယ်တော်ဖြစ်သည်ကို မသိကြ။ ကိုယ်တော်ကလည်း၊ သင်တို့သည် ခရီးသွားလျက်အချင်းချင်း ဆွေးနွေးသောစကား ကား၊ အဘယ်သို့သောစကားနည်း။ အဘယ်ကြောင့် မျက်နှာညှိုးငယ်ကြသနည်းဟု မေးတော် မူလျှင်၊ သူတို့တွင် ကလောဖအမည်ရှိသောသူက၊ သင်သည်ယေရုရှလင်မြို့၌ ဧည့်သည်ဖြစ်လျက်သာ ယခုအခါ ထိုမြို့၌ဖြစ်ခဲ့ပြီးသော အကြောင်းအရာတို့ကို မသိသလောဟု ပြောဆို၏။*

*ကိုယ်တော်ကလည်း၊ အဘယ်အကြောင်းအရာနည်းဟု မေးတော်မူလျှင်၊*

*ထိုသူတို့က၊ နာဇရက်မြို့သား ယေရှု၏အကြောင်းအရာပေတည်း။ ထိုသူသည် ဘုရားသခင်ရှေ့၊ လူအပေါင်းတို့ ရှေ့မှာ၊ နှုတ်သတ္တိ၊ လက်သတ္တိနှင့် ပြည့်စုံသောပရောဖက်ဖြစ်၏။ ထိုသူကို ယဇ်ပုရောဟိတ်အကြီးနှင့် ငါတို့မင်းများသည် အသေသတ်ခြင်းကိုခံစေခြင်းငှါအပ်နှံ၍ လက်ဝါးကပ်တိုင်မှာ ကွပ်မျက်ကြပြီ။ ထိုသူသည် ဣသရေလအမျိုးကို ရွေးနှုတ်အံ့သောသူဖြစ်သည်ဟု ငါတို့သည်အထက်ကမြော်လင့်ကြပြီ။ ထိုမျှမက ဤအကြောင်းအရာဖြစ်၍ ယခုသုံးရက် ရှိပြီ။ ငါတို့၏အပေါင်းအဘော် မိန်းမအချို့တို့သည်လည်း သင်္ချိုင်းတော်သို့ စောစောသွား၍၊ အလောင်းတော်ကိုမတွေ့လျှင်၊ သခင်ယေရှုသည် အသက်ရှင်တော်မူသည်ဟု ပြောသော ကောင်းကင်တမန် ထင်ရှားရာရူပါရုံကို မိမိတို့မြင်ကြောင်းကိုပြန်လာ၍ ပြောဆိုသဖြင့်၊ ငါတို့သည် မိန်းမောတွေဝေခြင်းရှိကြ၏။ ထိုအခါ ငါတို့တွင် အချို့သောသူတို့သည် သင်္ချိုင်းတော်သို့ သွား၍ မိန်းမတို့ ပြောဆို သည်အတိုင်းတွေ့သော်လည်း၊ ကိုယ်တော်ကိုမမြင်ရဟုပြောဆိုကြ၏။*

*ကိုယ်တော်ကလည်း၊ ပရောဖက် ဟောပြောသောစကားများကို ယုံနိုင်အောင်ဉာဏ်မရှိ၊ စိတ်နိုင်မာသောသူတို့၊ ခရစ်တော်သည် ဤသို့ပင်အသေခံ၍ မိမိဘုန်းစည်းစိမ်တော်ကို ဝင်စားရမည်မဟုတ် လောဟု မိန့်တော်မူ၏။ ထိုအခါ မောရှေ၏ကျမ်းစာမှစ၍ ပရောဖက်တို့၏ကျမ်းစာများ၌ ကိုယ်တော်ကိုရည်မှတ်၍ ရေးထားသမျှသောကျမ်းစာချက် အနက်ကို ရှင်းလင်းစွာ ဘော်ပြတော်မူ၏။*

*ထိုတပည့်တော်တို့သည် သွားသောရွာအနီးသို့ ရောက်သောအခါ၊ ကိုယ်တော်သည် ထိုရွာကိုလွန်၍ သွားအံ့သောအခြင်းအရာကို ပြတော်မူလျှင်၊ထိုသူတို့က အကျွန်ုပ်တို့နှင့်အတူ ဝင်၍နေပါ။ ညဦးယံအချိန်ရှိပြီ။ မိုဃ်းလည်းချုပ်ပါသည်ဟူ၍ ကိုယ်တော်ကိုကျပ်ကျပ်သွေးဆောင်ကြ၏။ ထိုကြောင့် သူတို့နှင့်အတူနေခြင်းငှါ ဝင်တော်မူ၏။*

*စားပွဲ၌သူတို့နှင့်အတူ လျောင်းတော်မူစဉ်၊ မုန့်ကိုယူ၍ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍ သူတို့အားပေးတော်မူသည်တွင်၊သူတို့သည် မျက်စိပွင့်လင်း၍ ကိုယ်တော်ဖြစ်သည်ကိုသိကြ၏။ ထိုအခါကိုယ်တော် သည် ကွယ်တော်မူ၏။ တပည့်တော်တို့ကလည်း၊ လမ်းခရီး၌ငါတို့နှင့်ဟောပြော၍ ကျမ်းစာအနက်ကို ဖွင့်ပြတော်မူသောအခါ၊ ငါတို့စိတ်နှလုံးသည် ယိုဖိတ်မတတ်ဖြစ်သည်မဟုတ်လောဟု အချင်းချင်း ပြောဆိုကြ၏။ "*

**ဤမေးခွန်းများကို ဖြေဆိုပါ။**

- ကလောဖနှင့်သူ၏မိတ်ဆွေတို့သည် ဧမောက်သို့သွားရာလမ်းတွင် အဘယ်ကြောင့် စိတ်ညိုးငယ်ကြသနည်း။

  ______________________________________________

- ထိုသူတို့ (၂) ယောက်နှင့်အတူ ခရီးသွားသော သူစိမ်း သည် မည်သူဖြစ်သနည်း။ ____________________
- ထိုနေ့တွင်၊ သူစိမ်းသည် သူတို့ (၂) ယောက်အား မည်သည့်အရာကို ပြောသနည်း။ ____________

  ______________________________________________

- ထိုသူစိမ်းသည် အမှန်စင်စစ် မည်သူဖြစ်ကြောင်းကို မည်သည့်အချိန်တွင် သိရှိခဲ့သနည်း။ __________

  ______________________________________________

**ဂလာတိ၊ ၅း၁၆ ကိုဖတ်ပါ။**

*" ငါပညတ်သည်ကား၊ ဝိညာဉ်ပကတိအတိုင်းကျင့်ကြလော့။ ထိုသို့ကျင့်လျှင် ဇာတိ ပကတိ၏ အလိုသို့မလိုက်ဘဲ နေကြလိမ့်မည်။"*

| |
|---|
| ယခုကျွန်ုပ်တို့အထဲ၌ရှိသော ဝိညာဉ်တော်အတိုင်းလိုက်လျှောက်ပါက၊ ကျွန်ုပ်တို့သည် မဆိုင်တော့ပါ |
| ____________ စာတန်နှင့်သက်ဆိုင်သူ |
| ____________ အပြစ်၏လမ်းသို့ လိုက်လျှောက်လိုသောသူ |
| ____________ ဘုရားသခင်သည် အလိုတော်ရှိသောအရာကို နားထောင်လိုသောသူ |

**ကောလောသဲ၊ ၂း၆ - ၇ ကိုဖတ်ပါ။**

*"ထိုကြောင့် သင်တို့သည် သခင်ယေရှုခရစ်ကို ခံယူပြီးသည်ဖြစ်၍၊ ထိုသခင်၌ စိုက်ပျိုးခြင်း၊ တည်ဆောက်ခြင်းရှိလျက်၊ နည်းဥပဒေသကို ခံပြီးသည် အတိုင်းယုံကြည်ခြင်း၌မြဲမြံစွာစွဲလမ်းလျက်၊ ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့်တကွ ယုံကြည်ခြင်းတိုးပွါးပြည့်စုံလျက်၊ ထိုသခင်၌ ကျင်လည်ကြလော့။"*

ခရစ်တော်ကို လက်ခံရရှိပြီးနောက်တွင်၊ ကျွန်ုပ်တို့သည် မည်သူ၏အထဲ၌ ကျင်လည်ရသနည်း။

______________ စာတန်

______________ မိမိကိုယ်ကို

______________ ခရစ်တော်

**ရောမ၊ ၆း၄ ကိုဖတ်ပါ။**

*"ထိုကြောင့်၊ အသေခံတော်မူခြင်း၌ ဗတ္တိဇံကို ခံသောအားဖြင့်၊ ထိုသခင်နှင့်အတူ သင်္ဂြိုဟ်ခြင်းကိုခံကြ၏။ အကြောင်းမူကား၊ ခရစ်တော်သည် ခမည်းတော်၏ဘုန်း တန်ခိုးအားဖြင့် သေခြင်းမှ ထမြောက်တော်မူသည်နည်းတူ၊ ငါတို့သည်လည်း အသစ်သောအသက်၌ ကျင်လည်ရကြသတည်း။"*

ဘုရားသခင်သည် ကျွန်ုပ်တို့အား ခရစ်တော်၌အသက်ရှင်ရန်၊ မည်သည့်အသက်တာမျိုးကို အလိုရှိသနည်း။

______________ ခရစ်တော်ကို ကျွန်ုပ်တို့မသိရှိမှီအခြေအနေကဲ့သို့

______________ ခရစ်တော်၌ အသစ်သောအသက်တာ

______________ မိမိလုပ်ချင်လိုသောအရာကို လုပ်ဆောင်သော တစ်ကိုယ်ကောင်းဆန်သူ

**ဧဖက်၊ ၅း၂ ကိုဖတ်ပါ။**

*"ခရစ်တော်သည် ငါတို့ကိုချစ်တော်မူသောအားဖြင့်၊ ဘုရားသခင့်ရှေ့တော်၌ မွှေးကြိုင်သော အနံ့ရှိစေခြင်းငှါ၊ ကိုယ်ကိုကိုယ် ဆက်ကပ်၍ ယဇ်ပူဇော်လျက်၊ ငါတို့ အတွက် စွန့်တော်မူသည်နည်းတူ၊ သင်တို့သည် မေတ္တာတရား၌ ကျင်လည်ကြ လော့။"*

ခရစ်တော်၌ ရှိသော ဤအသက်တာသစ်သည်၊ ကျွန်ုပ်တို့အား အသက်တာတွင်၊ ရွေးချယ်စေသော အသက်ရှင်မှုမှာ -

______________ မေတ္တာရှိခြင်း

______________ ကြောက်ရွံ့ခြင်း

______________ သံသယရှိခြင်း

**ယောရှု၊ ၁း၈ ကိုဖတ်ပါ။**

*"ထိုပညတ္တိကျမ်းစာ၌ ရေးထားသမျှအတိုင်းကျင့်မည်ဟု စောင့်ရှောက်ခြင်းအလိုငှါ ကျမ်းစာကို မဘတ်မရွတ်ဘဲမနေ၊ နေ့ညဉ့်မပြတ် ကြည့်ရှုဘတ်ရွတ်ရမည်။ သို့ပြု လျှင် သင်သည် အကြံထမြောက်၍ အောင်မြင်လိမ့်မည်။"*

ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို မည်မျှ မကြာခဏ တွေးတော ဆင်ခြင်သင့်သနည်း။

______________ ကျွန်ုပ်တို့နှစ်သက်သောအချိန်

______________ တစ်ခါတစ်ရံ

______________ အချိန်တိုင်း (နေ့နှင့်ညမပြတ်)

**မဿဲ၊ ၆း၃၃ ကိုဖတ်ပါ။**

*"ဘုရားသခင်၏နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားတော်ကို ရှေဦးစွာရှာကြလော့။ နောက်မှ ထိုအရာများကိုထပ်၍ ပေးတော်မူလတံ့"*

| |
|---|
| ယုံကြည်သူတို့၏အသက်တာတွင် အထူးအရေးကြီးဆုံးသောအရာမှာ - <br> ______________ ဘုရားသခင်၏နိုင်ငံတော် <br> ______________ ဘုရားသခင်အလိုတော်ရှိသောအရာ <br> ______________ ပျော်ရွှင်သောအချိန်တွေကို ပိုင်ဆိုင်ဖို့ |

**ယောဟန်၊ ၁၅း၄ - ၆၊၁၀ ကိုဖတ်ပါ။**

*"ငါ၌တည်နေကြလော့။ ငါသည်လည်း သင်တို့၌တည်နေမည်။ စပျစ်ခက်သည်အပင် ၌ မတည်လျှင်၊ ကိုယ်အလိုအလျောက် အသီးမသီးနိုင်သကဲ့သို့၊ သင်တို့သည် ငါ၌ မတည်လျှင် အသီးမသီးနိုင်ကြ။*

*ငါသည် စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည် အခက်များဖြစ်ကြ၏။ အကြင်သူသည် ငါ၌တည်၍ ငါသည်လည်း သူ၌တည်၏။ ထိုသူသည်များစွာသော အသီးကို သီး တတ်၏။ ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှ မတတ်နိုင်ကြ။ ငါ၌မတည်သောသူသည် သွေ့ခြောက်သောအခက်ကဲ့သို့ ပြင်သို့ပစ်လိုက်ခြင်းကို ခံရ၏။ ထိုသို့သော အခက်များကို လူတို့သည်စုသိမ်း၍ မီးထဲသို့ချလိုက်ကြသဖြင့် မီးလောင်ခြင်းသို့ ရောက်ကြ၏။*

*ငါသည် ငါ့ခမည်းတော်၏ ပညတ်တို့ကို စောင့်ရှောက်၍ ခမည်းတော်၏ မေတ္တာ၌ တည်နေသကဲ့သို့၊ သင်တို့သည် ငါ့ပညတ်တို့ကို စောင့်ရှောက်လျှင်၊ ငါ့မေတ္တာ၌ တည်နေကြလိမ့်မည်။"*

ခရစ်တော်၌ တည်နေခြင်းဆိုသည်မှာ မည်သည့်အဓိပ္ပါယ်ရှိသနည်း။

______________ မိမိအကောင်းဆုံးထင်သောအရာကို လုပ်ဆောင်ခြင်း

______________ ဘုရားသခင်၏အမိန့်တော်ကို နာခံခြင်း

______________ ခရစ်တော်၏ မေတ္တာ၌ အသက်ရှင်ခြင်း

## ဧမောက်လမ်းပေါ်က ယေရှု



လုပ်ဆောင်ချက် (၂) ခရစ်တော်နှင့်အတူရှိ သင်၏အသက်တာ လုပ်ဆောင်ချက်

လမ်းညွှန်ချက်များ၊

- ဘုရားသခင်သည် ကျွန်ုပ်တို့အား သူနှင့်အတူ ရင်းနှီးသော ဆက်ဆံရေးရှိဘို့ရန် အလိုရှိတော်မူသည်။ အောက်ဖေါ်ပြပါ ပုံတစ်ပုံချင်းစီအတွက်၊ ကျမ်းချက်များကို ဖတ်ရှုပါ။ အတွဲတစ်ခုစီအတွက်၊ အခန်းငယ်များ/ပုံရိပ်များသည် ကျွန်ုပ်တို့၏ကောင်းကင်ဘုံအရှင်အဘ၊ ဘုရားသ ခင်ထံသို့ မည်သို့ အဓိပ္ပါယ်ရှိကြောင်းပြသပုံကို ရေးသား ပြောဆိုထားပါသည်။
- ဝက်ပါကို ဖြည့်ပြီး၊ ပုံများကို အရောင်ခြယ်နိုင်သည်။

## ခရစ်တော်နှင့်အတူရှိသော သင်အသက်တာ

### ၁။ လုကာ၊ ၁၅း၃ – ၇ ကိုဖတ်ပါ။ ပျောက်သောသိုး



________________________________

________________________________

________________________________

________________________________

________________________________

________________________________

________________________________

________________________________

### ၂။ လုကာ၊ ၁၅း၈ – ၁၀ ကိုဖတ်ပါ။ ပျောက်သောငွေဒင်္ဂါး



________________________________

________________________________

________________________________

________________________________

________________________________


________________________________

________________________________

________________________________

၃။ လုကာ၊ ၁၅း၁၁ – ၃၂ ကိုဖတ်ပါ။ အိမ်ကိုထွက်သွားသောသား


ပျက်ဆီးနေသောသား အိမ်ရောက်ဘို့ရန် ကူညီပါ



၄။ လုကာ၊ ၁၅း၄ – ၁၀ ကိုဖတ်ပါ။ စပျစ်ပင်နှင့်အကိုင်းအခက်များ



# သင်ခန်းစာ – ၁၃
# သခင်ဘုရားနှင့်အတူ နေ့စဉ် တိတ်ဆိတ်စွာ အချိန်ယူခြင်း



**နေ့စဉ်တိတ်ဆိတ်စွာအချိန်ယူ၍၊သခင်ဘုရားနှင့်အတူအသုံးပြုခြင်းသည်** ကောင်းသောအလေ့အကျင့်ဖြစ်ရုံသာမက၊ ထိုအရာသည် ခရစ်တော်၌ ကြွယ်ဝခြင်း၊ ပြည့်စုံခြင်း နှင့် ပျော်ရွှင်သော အသက်တာရှိရန် အရေးကြီးသော အရာဖြစ်သည်။ သင်ခန်းစာ (၁၂) တွင် ကျွန်ုပ်တို့ သင်ယူခဲ့သည့်အတိုင်း၊ ကျွန်ုပ်တို့သည် ခရစ်တော်နှင့် ရင်းနှီးရန်၊ ကိုယ်တော်နှင့် မိတ်ဆွေ ဖြစ်ရန်၊ လိုအပ်သည်။ (၁ကော၊ ၁း၉) ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် နေ့စဉ် အတူ စစ်မှန်သော အချိန်ကို အသုံးပြုခြင်း အားဖြင့် ဤအရာကို လုပ်ဆောင်ပါ။

## <u>ကျက်မှတ်ရန် ကျမ်းချက်များ</u>

**ဆာလံ၊ ၁၁၉း၉ – ၁၁**

*"လူပျိုသည် မိမိသွားသောလမ်းကိုအဘယ်သို့သန့်ရှင်းစေနိုင်ပါမည်နည်းဟူမူကား၊ နှုတ်ကပတ်တော်အတိုင်းသတိပြုရမည်။ အကျွန်ုပ်သည် ကိုယ်တော်ကို စိတ်နှလုံးအကြွင်းမဲ့ရှာပါ၏။ ပညတ်တော်လမ်းမှလွဲစေတော်မမူပါနှင့်။ ကိုယ်တော်ကို မပြစ်မှားဘဲနေနိုင်မည်အကြောင်း၊ ဗျာဒိတ်တော်ကို နှလုံးထဲမှာသိုထား ပါပြီ။"*

## တိတ်ဆိတ်စွာ အချိန်ယူခြင်း ဆိုသည်မှာ <u>အဘယ်နည်း။</u>

<u>**ပြောပါ။**</u>

- တိတ်ဆိတ်စွာ အချိန်ယူခြင်း ဆိုသည်မှာ သမ္မာကျမ်းထဲရှိ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဖတ်ရှုလေ့လာခြင်းနှင့် ကိုယ်တော်ထံသို့ ဆုတောင်းခြင်းတို့ကို သင်သည် နေ့တိုင်း လုပ်ဆောင်ခြင်းဖြစ်သည်။

### <u>ယာကုပ်၊ ၄း၈ (က) ကိုဖတ်ပါ။</u>

*"ဘုရားသခင်၌ ချဉ်းကပ်ကြလော့။ သို့ပြုလျှင်၊ သင်တို့၌ ချဉ်းကပ်တော်မူလိမ့်မည်။"*

### <u>ဖေက်၊ ၆း၁၈ ကိုဖတ်ပါ။</u>

*"ကာလအစဉ်စိတ်နှလုံးပါလျက် ဆုတောင်းပဌနာပြုခြင်းအမျိုးမျိုးတို့ဖြင့် ဆုတောင်းကြလော့။ ထိုသို့ ဆုတောင်းခြင်းငှါ အားမလျော့ဘဲလျက်၊ ငါမှစ၍ သန့်ရှင်းသူ အပေါင်းတို့အဘို့ ဆုတောင်းလျက် စောင့်ရှောက်ကြလော့။"*

### <u>ယေရမိ၊ ၂၉း၁၂ ကိုဖတ်ပါ။</u>

*"တဖန်မိန့်တော်မူသည်ကား၊ သင်တို့သည်ငါ့ကိုခေါ်၍ သွားလာကြလိမ့်မည်။ ဆုတောင်းသောအခါ သင်တို့စကားကိုငါနားထောင်မည်။"*

**<u>ကောလောသဲ၊၄း၂ ကိုဖတ်ပါ။</u>**

*"ဆုတောင်းပဌနာပြုခြင်းအမှုကို အမြဲပြု၍၊ ကျေးဇူးတော်ကို ချီးမွမ်းလျက် စောင့်ရှောက်ကြလော့။"*

**<u>ဆာလံ၊ ၁း၂ - ၃ ကိုဖတ်ပါ။</u>**

(အကယ်၍လူတစ်ယောက်ပျော်နေပါက) *"ထာဝရဘုရား၏ တရားတော်၌ မွေ့လျော်၍၊ တရားတော်ကို နေ့ညဉ့်မပြတ် ဆင်ခြင်အောက်မေ့သော သူသည် မင်္ဂလာရှိ၏။ အကြောင်းမူကား၊ ထိုသူသည်မြစ်နားမှာစိုက်လျက် မိမိအချိန်တန်မှအသီးကိုသီး၍၊ အရွက်မညှိုးနွမ်းတတ်သော အပင်နှင့်တူ၏။ ပြုလေသမျှတို့၌ အောင်လိမ့်သတည်း။ "*

**<u>ဤမေးခွန်းများကို ဖြေဆိုပါ။</u>**

- ယာကုပ်၊ ၄း၈ ကျွန်ုပ်တို့အတွက် ဖိတ်ခေါ်သံမှာ ____________________။ ထိုသို့လုပ်ဆောင်ပါက၊ ဘုရားသခင်သည် မည်သို့လုပ်ဆောင်မည်နည်း။ ____________________
- နှုတ်ကပတ်တော်၌ သခင်ဘုရား၏သွန်သင်ချက်များကို တွေးတောရန်နှင့် ကျွန်ုပ်တို့အား သွန်သင်ပေးသည့်အရာများကို ဆင်ခြင်အောက်မေ့ရန် အကောင်းဆုံးအချိန်ကို ဆာလံ အခန်းကြီး (၁)က မည်သည့်အချိန်ဟု ပြောသနည်း။ ____________________
- ကျွန်ုပ်တို့သည် ဘုရားသခင်ထံသို့ မည်သို့ ချဉ်းကပ်ပြီး၊ ကိုယ်တော်၏သွန်သင်ချက်အကြောင်းများကို မည်သို့ နေ့စဉ်လေ့လာသင်ယူနိုင်မည်နည်း။ ____________________

________________________________________

________________________________________

________________________________________

**<u>အဘယ်ကြောင့်</u> တိတ်ဆိတ်စွာ အချိန်ယူခြင်းကို ကျွန်ုပ်တို့အသုံးပြုသင့်သနည်း။**

**<u>ပြောပါ။</u>**

**<u>ယောရှု၊ ၁း၈ ကိုဖတ်ပါ။</u>**

*"ထိုပညတ္တိကျမ်းစာ၌ ရေးထားသမျှအတိုင်းကျင့်မည်ဟု စောင့်ရှောက်ခြင်းအလိုငှါ ကျမ်းစာကို မဘတ်မရွတ်ဘဲမနေ၊ နေ့ညဉ့်မပြတ် ကြည့်ရှုဘတ်ရွတ်ရမည်။ သို့ပြုလျှင် သင်သည် အကြံထမြောက်၍ အောင်မြင် လိမ့်မည်။"*

**<u>ယောဟန်၊ ၁၅း၁၄ - ၁၅ ကိုဖတ်ပါ။</u>**

*"သင်တို့သည် ငါပညတ်သမျှတို့ကို ကျင့်ဆောင်လျှင် ငါ၏အဆွေဖြစ်ကြ၏။ ယခုမှစ၍ ငါသည်သင်တို့ကို ကျွန်ဟူ၍မခေါ် ကျွန်မူကား၊ ကိုယ်သခင်ပြုသော အမှုကို မသိ။ သင်တို့ကို အဆွေဟူ၍ ငါခေါ်၏။ အကြောင်းမူကား၊ ငါသည် ခမည်းတော်ထံ၌ ကြားသမျှသောအရာတို့ကို သင်တို့အား ငါပြသ၏။"*

**<u>လုကာ၊ ၆း၁၂ ကိုဖတ်ပါ။</u>**

*"ထိုနေ့ရက်ကာလ၌ ကိုယ်တော်သည် ဆုတောင်းပဌနာပြုခြင်းငှါ တောင်ပေါ်သို့ကြွ၍ ဘုရားသခင်အား ဆုတောင်းပဌနာပြုလျက် တညဉ့်လုံးနေတော်မူ၏။"*

**<u>ဤမေးခွန်းများကို ဖြေဆိုပါ။</u>**

- မောရှေသည် ယောရှုအား နှုတ်ကပတ်တော်နှင့်ပတ်သက်၍ အချက် (၃) ချက်ကို လုပ်ဆောင်ရန် အလိုရှိသည်။ ထိုအချက် (၃) ချက်တို့မှာ မည်သည့်အရာများဖြစ်သနည်း။ ____________၊ ____________၊ ____________ ထိုအရာတို့ကို ဘုရားသခင်သည် ကျွန်ုပ်တို့အားလည်း လုပ်ဆောင်စေလိုသည်။
- ယောဟန် ၁၅း၁၄ တွင်၊ အကယ်၍ ကျွန်ုပ်တို့သည် ခရစ်တော်၏ "အဆွေ" ဟုခေါ်ခြင်းခံရပါက၊ ကျွန်ုပ်တို့ လုပ်ဆောင် သင့်သောအရာမှာ ____________________
  တိတ်ဆိတ်စွာအချိန်ယူခြင်းသည် ဘုရားသခင်သည် ကျွန်ုပ်တို့အား သိစေလိုသောအရာများနှင့် လုပ်ဆောင်စေလိုသောအရာတို့ကို ကျွန်ုပ်တို့အား သိစေလိုခြင်းဖြစ်သည်။

- ယေရှုသည် တိတ်ဆိတ်သောနေရာသို့သွား၍ဆုတောင်းခြင်းကို သမ္မာကျမ်းစာတွင် အနည်းဆုံး(၆) ကြိမ် ဖေါ်ပြထားသည်။ ယေရှုသည် ဘုရားဖြစ်လျှက်ပင်၊ သူသည် ကောင်းကင်အဖနှင့် အတူ အချိန်ယူရန် လိုအပ်ပါ က၊ ကျွန်ုပ်တို့လည်း ဘုရားသခင်နှင့်အတူ အချိန်ယူရန် လိုအပ်ပါသလား၊ အဘယ်ကြောင့် လိုအပ်ပါသနည်း၊ အဘယ်ကြောင့်မလိုအပ်ပါသနည်း။ (ကလေးများနှင့်တိုင်ပင်ဆွေးနွေးပါ။) ______________________________

______________________________

______________________________

- အဘယ်ကြောင့် ယေရှုသည် ကောင်းကင်အဖနှင့်အတူ အချိန်ယူရန်လိုအပ်ပါသနည်း။ ______________

______________________________

**မဿဲ၊ ၄း၄ ကိုဖတ်ပါ။**

*"ယေရှုကလည်း၊ လူသည်မုန့်အားဖြင့်သာ အသက်ကိုမွေးရမည်မဟုတ်။ ဘုရားသခင် မိန့်တော်မူသမျှအားဖြင့် အသက်ကိုမွေးရမည် ကျမ်းစာလာသည်ဟု ပြန်ပြောတော်မူ၏။"*

**၁ပေ၊ ၂း၂ - ၃ ကိုဖတ်ပါ။**

*"ကျေးဇူးတော်ကို မြည်းစမ်းကြသည်ဖြစ်၍၊ အမျိုးမျိုးသောမနာလိုခြင်း၊ လှည့်ဖြားခြင်း၊ လျှို့ဝှက်ခြင်း၊ ငြူစူခြင်း၊ ကဲ့ရဲ့ခြင်းရှိသမျှကို ပယ်ရှား၍၊ ကယ်တင်ခြင်းအလိုငှါ နူတ်ကပတ်တရား၏ နို့စစ်အားဖြင့်ကြီးပွါးမည်အကြောင်း၊ ဘွားစသောသူငယ်ကဲ့သို့၊ ထိုတရားနို့ကို အလွန်လိုချင်သော စိတ်ရှိကြလော့။"*

**ဤမေးခွန်းများကို ဖြေဆိုပါ။**

- အသက်ရှင်ဘို့ အစာလိုအပ်ကြောင်း ကျွန်ုပ်တို့သိတယ်။ နည်းမှန်လမ်းမှန် အသက်ရှင်ရန်၊ အစာထက် ပို၍လိုအပ်သောအရာ တစ်စုံတစ်ခုရှိကြောင်းကို ယေရှုသည် မိန့်တော်မူခဲ့သည်။ ကျွန်ုပ်တို့အသက်ရှင်ဘို့ရန်သည် ______________________________

  ______________________________

- သမ္မာကျမ်းစာမှ သန့်ရှင်းရိုးရှင်းသော သွန်သင်ချက်ကို သင်ယူခြင်းဖြင့်၊ သင့်အားမည်သည့်အထောက်အကူ ပေးသနည်း။ ______________________________

  ______________________________

**မည်သည့်အချိန်တွင် ကျွန်ုပ်တို့သည် တိတ်ဆိတ်စွာအချိန်ယူခြင်းကို လုပ်ဆောင်သင့်သနည်း။**

**မဿဲ၊ ၆း၁၁ ကိုဖတ်ပါ။**

*"အသက်မွေးလောက်သောအစာကို အကျွန်ုပ်တို့အား ယနေ့ပေးသနားတော်မူပါ။"*

**ဆာလံ၊ ၅း၃ ကိုဖတ်ပါ။**

*"အိုထာဝရဘုရား၊ နံနက်အခါ အကျွန်ုပ်စကားသံကို ကြားတော်မူရပါ၏။ နံနက်အခါ ကိုယ်တော်ကို မျက်မှောက်ပြု၍ မြော်လင့်ပါမည်။"*

**မာကု၊ ၁း၃၅ ကိုဖတ်ပါ။**

*"နံနက်အချိန်၊ မိုဃ်းမလင်းမှီ ကိုယ်တော်သည်ထပြီးလျှင် တောအရပ်သို့ထွက်ကြွ၍ ဆုတောင်းတော်မူ၏။"*

**မဿဲ၊ ၁၄း၂၃ ကိုဖတ်ပါ။**

*"စည်းဝေးသောသူတို့ကိုလွှတ်ပြီးမှ ဆုတောင်းပဌနာပြုအံ့သောငှါ တောင်ပေါ်သို့ ဆိတ်ကွယ်ရာအရပ်သို့ တက်ကြွသဖြင့်၊ ညအချိန်ရောက်သောအခါ၊ တယောက်တည်း ရှိနေတော်မူ၏။"*

**ဤမေးခွန်းများကို ဖြေဆိုပါ။**

- ကျွန်ုပ်တို့သည် အသက်တာအတွက် ရုပ်ပိုင်းဆိုင်ရာ အစာကို နေ့စဉ် စားသုံးကြသည်။ နည်းလမ်းမှန်ကန်စွာ အသက်ရှင်နိုင်ရန်၊ ကျွန်ုပ်တို့သည် ဝိညာဉ်အစာ၊ နှုတ်ကပတ်တော်မှ အသက်မုန့်ကို ကျွန်ုပ်တို့လိုအပ် ပါသည်။ ကျွန်ုပ်တို့သည် ဝိညာဉ်အစာကို (ဘုရားသခင်၏နှုတ်ကပတ်တော်ကို လေ့လာခြင်းနှင့် ဆုတောင်းခြင်း) မကြာခဏ မည်သို့ "စားသုံး" သင့်သနည်း။ ____________________
- ဓမ္မဟောင်းရှိ ဘုရင်ဒါဝိဒ်သည် နံနက်အချိန်၌ ဘုရားသခင်နှင့် စကားပြောခြင်းကို နှစ်သက်သည်။ သခင်ယေရှုသည် တစ်ခါတစ်ရံ နံနက်ပိုင်းတွင် ခမည်းတော်နှင့်စကားပြောဆိုပြီး၊ တစ်ခါတစ်ရံ ညနေပိုင်းတွင်လည်း ခမည်းတော်နှင့်စကားပြောဆိုခဲ့ကြောင်း ကျွန်ုပ်တို့သိရှိကြပါသည်။ သင်၏တိတ်ဆိတ်စွာအချိန်ယူခြင်းသည် တစ်နေ့တာ၏အချိန်တွင် အရေးကြီးဆုံးဖြစ်ပါသလား။ __________ သင့်အတွက် အရေးကြီးဆုံးသောအရာမှာ ____________________

____________________

**မည်သည့်နေရာတွင် ကျွန်ုပ်တို့သည် တိတ်ဆိတ်စွာအချိန်ယူခြင်းကို လုပ်ဆောင်သင့်သနည်း။**

**ပြောပါ။**

**မဿဲ၊ ၆း၆ ကိုဖတ်ပါ။**

*"သင်သည် ဆုတောင်းသောအခါ ဆိတ်ညံရာအခန်းသို့ဝင်၍ တံခါးကိုပိတ်ပြီးမှ၊ မထင်ရှားသောအရပ်၌ ရှိတော်မူသော သင်၏အဘကို ဆုတောင်းလော့။ မထင်ရှား သောအရာကိုမြင်တော်မူသော သင်၏အဘသည် အကျိုးကိုထင်ရှားစွာပေးတော်မူလတံ့။"*

**လုကာ၊ ၅း၁၆ ကိုဖတ်ပါ။**

"ကိုယ်တော်သည် တောအရပ်သို့ကြွ၍ ဆုတောင်းလေ့ရှိတော်မူ၏။"

**ဤမေးခွန်းများကို ဖြေဆိုပါ။**

- ယခုသင်ရှိနေသောနေရာကို စဉ်းစားပါ။ တိတ်ဆိတ်စွာ အချိန်ယူခြင်းရနိုင်တဲ့ ဆိတ်ငြိမ်တဲ့ သီးသန့်နေရာတွေ ဘယ်မှာရှိသလဲ။ ____________________

____________________

**မည်ကဲ့သို့ ကျွန်ုပ်တို့သည် တိတ်ဆိတ်စွာအချိန်ယူခြင်းကို လုပ်ဆောင်သင့်သနည်း။**

- လုပ်ဆောင်ချက် (၃)ဆီသို့သွားပါ။ ထိုမေးခွန်းအတွက် အဖြေကို သင်ခန်းစာ(၁၃) တိတ်ဆိတ်စွာအချိန်ယူခြင်း စီမံချက်၏အဆုံးပိုင်းတွင် တွေ့ရပါမည်။

## ယေရှုသဲကန္တာရတောထဲတွင် ဆုတောင်းခြင်း



ကျက်မှတ်ရန်ကျမ်းချက် ဆာလံကျမ်း ၁၁၉း၉ – ၁၁

*လူပျိုသည် မိမိသွားသောလမ်းကိုအဘယ်သို့သန့်ရှင်းစေနိုင်ပါမည်နည်း ဟူမူကား၊ နှုတ်ကပတ်တော်အတိုင်းသတိပြုရမည်။ အကျွန်ုပ်သည် ကိုယ်တော်ကို စိတ်နှလုံးအကြွင်းမဲ့ရှာပါ၏။ ပညတ်တော်လမ်းမှလွဲ စေတော်မမူပါနှင့်။ကိုယ်တော်ကို မပြစ်မှားဘဲနေနိုင်မည်အကြောင်း၊ ဗျာဒိတ်တော်ကို နှလုံးထဲမှာသိုထား ပါပြီ။*

**လုပ်ဆောင်ချက် (၂)၊ တိတ်ဆိတ်စွာ အချိန်ယူခြင်းအတွက် ကျွန်ုပ်တွင် ဘာလိုအပ်မလဲ။**

## <u>လမ်းညွှန်ချက်များ၊</u>

အောက်တွင် အချို့ရှင်းနိုးပြီးသောအရာများကို စာရင်းပြုစုထားပါသည်။ အကြောင်းအရာ တစ်ခုချင်းစီကို ဖတ်ပါ။

- တိတ်ဆိတ်စွာ အချိန်ယူသောအခါ၊ သင့်အတွက် ထိုအချက်များက အထောက်အကူဖြစ်စေခြင်းနှင့် သင်နှင့်အတူရှိရန် ကောင်းသောအချက်များဖြစ်နေပါက၊ ထိုအချက်တို့၏ဘေးတွင် (✓) ခြစ်ပေးပါ။
- တိတ်ဆိတ်စွာ အချိန်ယူသောအခါ၊ သင့်အတွက် ထိုအချက်များက အထောက်အကူဖြစ်စေခြင်းနှင့် သင်နှင့်အတူရှိရန် မကောင်းသောအချက်များဖြစ်နေပါက၊ ယင်းတို့၏ဘေးတွင် (X) ခြစ်ပေးပါ။

---

သင်၏ကျမ်းစာအုပ် ____________________

ကွတ်ကီးနှင့်ကိတ်မုန့်များ ____________________

ခဲတံ၊ ဘောပင်၊ စာစောင် ____________________

မှတ်စုစာအုပ်၊ စာရွက် ____________________

အရုပ်များ ____________________

ဗီဒီယို ဂိမ်းများ၊ တယ်လီဖုန်း ____________________

ကိုယ်ပိုင်ဆုတောင်းစာရင်း ____________________

ညီငယ်၊ ညီမငယ်များ ____________________

ကျမ်းစာလေ့လာခြင်းလမ်းညွှန် ____________________

## <u>သင်၏အဖြေများကို ရှင်းပြနိုင်ရန် အသင့်ဖြစ်ပါစေ။</u>

**လုပ်ဆောင်ချက် (၃)၊ တိတ်ဆိတ်စွာ အချိန်ယူခြင်း၏စီမံချက်**

<u>လမ်းညွှန်ချက်များ၊</u>

- အောက်တွင် တိတ်ဆိတ်စွာ အချိန်ယူခြင်း၏ စီမံချက်ကို သေချာစွာ ဖတ်ရှုပါ။ ခရစ်တော်နှင့် အတူ တိတ်ဆိတ်စွာအချိန်ယူခြင်းကို မည်သို့စတင်ဘို့ရန် ထိုအချက်သည် စိတ်ကူစိတ်သန်း တစ်ခုဖြစ်သည်။
- အချိန်ပိုင်းတစ်ခုစီအတွက် သုံးစွဲရမည့်အချိန် သတ်မှတ်ထားခြင်းမရှိပါ။ သင့်အတွက် သင့်လျှော်သော်အရာကိုသင် ဆုံးဖြတ်ရပါမည်။ လိုအပ်သလို ပြောင်းလဲမှုတွေ ပြုလုပ်နိုင်ပါသည်။

## <u>တိတ်ဆိတ်စွာ အချိန်ယူခြင်း၏စီမံချက်</u>

**<u>အဖွင့်ဆုတောင်းခြင်း</u>** – သင်၏တိတ်ဆိတ်စွာ အချိန်ယူခြင်းကို ကောင်းကြီးပေးရန် နှင့် သန့်ရှင်းသောဝိညာဉ်တော် သွန်သင်လိုသည့်အတိုင်းနားလည်နိုင်ရန် ဘုရားသခင်ထံ ဆုတောင်းပါ။

**<u>ကျမ်းစာဖတ်ခြင်း</u>** – – သင်ခန်းစာ (၁၄) တွင် ဖော်ပြထားသော၊ **ယေရှုနှင့် ရင်းနှီးကျွမ်းဝင်ခြင်း (၃၁)ရက်** ကဲ့သို့ စီမံချက် တစ်ခုအရ ကျမ်းစာ၏သတ်မှတ်ထားသော အစိတ်အပိုင်းများကို ဖတ်ပါ။

**<u>ကျမ်းစာလေ့လာခြင်း</u>** – သင်ခန်းစာ (၆ နှင့် ၇) တွင် ဖော်ပြထားသော၊ **သမ္မာကျမ်းစာလေ့လာခြင်း အဆင့် (၄)ဆင့်**ကို အသုံးပြုပါ။ ထိုအချက်သည် သင်ဖတ်ရှုနေသောအရာကို နားလည်ရန်နှင့် လက်တွေ့အသုံးပြုရန် ကူညီပေးပါမည်။ နေ့စဉ် မှတ်တမ်းတွင် သင်လေ့လာခဲ့သမျှကို ရေးသားပါ သင်တွင်ရှိ နေသော မေးခွန်းများကို ရေးချပါ။

**<u>ဆုတောင်းချိန်</u>** – – – ဘယ်အရာမဆို ဘုရားသခင်နဲ့ မကြာခဏ စကားပြောပါ။ သင်၏လိုအပ်ချက်များနှင့် အခြား သူများအတွက် ဆုတောင်းပါ။ သူတို့၏လိုအပ်ချက်များအတွက် ဆုတောင်းပါ။ ကိုယ်တော် သည် သင့်အား နားထောင်တော်မူ၍ ကိုယ်တော်သို့ လာရန်လည်း အလိုရှိတော်မူ၏။ ကိုယ်တော် လုပ်ဆောင်ပေးခဲ့သမျှအတွက်၊ ချီမွမ်းရန်နှင့် ကျေးဇူးတင်ရန် မေ့လျော့ခြင်းမရှိပါနှင့်။

(ACTS သရုပ်ဖော်ခြင်း နှင့် သင်ခန်းစာ (၁၄) တွင် ဖော်ပြထားသော ကိုယ်ရေးကိုယ်တာ ဆုတောင်းစာရင်းသည် ဘုရားသခင်ထံ ဆုတောင်းသောအခါ၊ သင့်အား ပိုမို လမ်းညွှန်ပေး လိမ့်မည်။)

**<u>အကူအညီရယူခြင်း</u>** – သင်ဖတ်ရှုနေသောအကြောင်းအရာနှင့်ပတ်သက်ပြီး၊ သင့်တွင် ရှိသောမေးခွန်းများကိုစဉ်းစားပါ။ အဓိပ္ပါယ်ကို သင့်အားဖော်ပြရန်၊ သန့်ရှင်းသောဝိညာဉ်တော်အား တောင်းခံပါ။ သင်တွင် မေးခွန်းများရှိ နေသေးပါက၊ သင်သည် နောက်ထက် အချက်အလက်များကို ရှာဖွေရန်၊ ကျမ်းစာလေ့လာခြင်း လမ်းညွှန်များ (သို့) အနက်ဖွင့်ကျမ်းများကို အသုံးပြုရန် ရွေးယူပြီး၊ (သို့မဟုတ်) သင့်အား ကူညီရန် စိတ်ချပြီးအရွယ်ရောက်သော လူကြီးများကိုမေးမြန်းနိုင်ပါသည်။

**<u>သတိပြုပါ။</u>**

- လမ်းကြောင်းမှန်ပေါ် အမြဲရှိနေပါ။သင်၏နေ့စဉ်အချိန်ဇယားကို လိုက်လျှောက်ပါ။ တသမတ်တည်း ဖြစ်ပါစေ။
- သင့်လေ့လာခဲ့သောအရာကို မကြာခဏ ပြန်လည် သုံးသပ်ပါ။
- သင့်လေ့လာထားသည့်ကို နားလည်ရန် လိုအပ်သည့်အခါ အကူအညီတောင်းပါ။
- သင်ဖတ်ရှုခြင်းနှင့်လေ့လာခြင်းများအတွက် ဉာဏ်ပညာနှင့်နားလည်နိုင်စေရန် ဆုတောင်းပါ။
- ထိုသို့လုပ်ဆောင်ဘို့ရန်၊ ဘုရားသခင်သည် သင့်အားတွန်းပို့သည့်အခါ သင့်ဘဝမှာအပြောင်းအလဲ လုပ်ဆောင်ပါ။
- အကယ်၍ တစ်ရက်ပျက်ကွက်ခဲ့လျှင်လည်း လက်မလျှော့ပါနှင့်။

# သင်ခန်းစာ ၁၄
# ဆုတောင်းခြင်းနှင့်ကိုးကွယ်ခြင်းအတွက် လက်တွေ့အထောက်အကူများ



**ကျွန်ုပ်တို့ ဆုတောင်းခြင်းနှင့် ကိုးကွယ်ခြင်း လုပ်ဆောင်သောအခါ၊ အရာခပ်သိမ်းကို ဖန်းဆင်းခဲ့သော ဘုရားသခင်နှင့် တိုက်ရိုက်ဆက်သွယ်နေခြင်းဖြစ်သည်။** ဘုရားသခင်ကို တိုက်ရိုက်ပြောဆိုခြင်း၊ ကိုယ်တော်အား ကျေးဇူးတင်ခြင်း၊ ချီးမွမ်းခြင်းနှင့် တောင်းလျှောက်ခြင်းတို့ကိုလုပ်ဆောင်နိုင်မည်ဟုစိတ်ကူးကြည့်ပါ။ ကိုယ်တော်သည် ကျွန်ုပ်တို့အားထိုကဲ့သို့လုပ်ဆောင်စေလိုသည်။ ကျွန်ုပ်တို့၏ကောင်းကင်အဘအဖြစ်၊ ကိုယ်တော်သည်ကျွန်ုပ်တို့နှင့်ရင်းနှီးစွာ မိဿဟာယဖွဲ့လိုသည်။ သင်ခန်းစာ (၁၃)တွင်၊ နေ့စဉ် တိတ်ဆိတ်စွာအချိန်ယူခြင်း အရေးပါပုံကို ပြောဆိုထားသည်။ ထိုအချက်တွင် ကျမ်းစာလေ့လာခြင်းနှင့် ဆုတောင်းခြင်းတို့ပါဝင်သည်။ ဤသင်ခန်းစာသည်ကျွန်ုပ်တို့၏ တိတ်ဆိတ်စွာ အချိန်ယူခြင်း၏ အစိတ်အပိုင်းဖြစ်သော ဆုတောင်းခြင်းနှင့်ဝတ်ပြုကိုးကွယ်ခြင်းတို့ကို ပို၍ပြောဆိုထားသည်။ ထိုအချက်တို့သည်လည်း အချိန်မရွေး ဖြစ်ပျက်နိုင်သောအရာများဖြစ်သည်။

**<u>ကျက်မှတ်ရန် ကျမ်းချက်များ</u>**

**ဆာလံ၊ ၇း၁၇**

*"ငါမူကား၊ ထာဝရဘုရား၏ တရားသော အမှုတော်ကို ချီးမွမ်း၍၊ အမြင့်ဆုံးသော ထာဝရဘုရား၏ နာမတော်ကို ထောမနာသီချင်းဆိုပါမည်။"*

**<u>၁သက်၊ ၅း၁၇ ကိုဖတ်ပါ။</u>**

*"မပြတ်မလပ် ဆုတောင်းပဌနာပြုကြလော့။"*

**<u>ဖိ၊ ၄း၆ ကိုဖတ်ပါ။</u>**

*"အဘယ်အမှုကိုမျှစိုးရိမ်ခြင်းမရှိဘဲ အရာရာ၌ကျေးဇူးတော်ကိုချီးမွမ်းခြင်းနှင့်တကွ ဆုတောင်း ပဌနာပြုသောအားဖြင့်၊ သင်တို့တောင်းပန်လိုသော အရာများတို့ကို ဘုရားသခင် အားကြားလျှောက်ကြလော့။"*

**<u>ဤမေးခွန်းများကို ဖြေဆိုပါ။</u>**

- မည်သည့်အချိန်သည် ဆုတောင်းဘို့အကောင်းဆုံးဖြစ်သလဲ။(<u>အောက်ပါအဖြေတစ်ခုကို ရွေးပါ။ ဝိုင်းပြပါ။</u>)
  တစ်လတစ်ကြိမ်/ တစ်ရက်တစ်ကြိမ်/ အချိန်တိုင်း
- အကျွန်ုပ်တို့သည် ဘုရားသခင်ထံ အဘယ်အရာကိုပြောဆိုနိုင်သနည်း။ (<u>အောက်ပါအဖြေတစ်ခုကိုရွေးပါ။ ဝိုင်းပြပါ။</u>)
  အရာခပ်သိမ်း/ ကျွန်ုပ်<u>လိုချင်</u>သောအရာ/ "ကျွန်ုပ်စိုးရိမ်သောအရာများသာ

တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် မည်သို့ဆုတောင်းရမည်ကို သိရှိဘို့ရန် အကူအညီလိုအပ်သည်။ သင်သည် ပို၍ကောင်းသော ဆုတောင်းသူဖြစ်ရန် အထောက်အကူပေးနိုင်သည့် အချက်(၄)ချက်ကို ပြုစုထားပါသည်။

**A- ADORATION ချီးမွမ်းခြင်း – တန်ခိုးတော်၊ ကြီးမြတ်ခြင်းနှင့် ဘုရားသခင်၏ဘုန်းတော်ကို စဉ်းစားတွေးတောပါ။**
ပလ္လင်တော်ပေါ်မှာ ထိုင်တော်မူသောသူနှင့် သိုးသ ငယ်သည် ကမ္ဘာအဆက်ဆက် ကောင်းကြီးမင်္ဂလာ၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော်၊ အစွမ်းသတ္တိရှိတော်မူစေသတည်းဟု ပြောဆိုကြသည်ကို ငါကြားလေ၏။ (ဗျာ၊ ၅း၁၃)

**C- CONFESSION ဝန်ချတောင်းပန်ခြင်း – သင်နောက်ဆုံးပြုမိခဲ့သောအပြစ်များအတွက် ဝမ်းနည်းကြောင်း ဘုရားသခင်အား ပြောပါ။**
ကိုယ်အပြစ်တို့ကို ဘော်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကို လွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်၄င်း၊ ဖြောင့်မတ် ခြင်းတရားနှင့်၄င်း၊ ပြည့်စုံတော်မူ၏။ (၁ယော၊ ၁း၉)

**T- THANKSGIVING ကျေးဇူးတော်ချီးမွမ်းခြင်း – ဘုရားသခင်သည် သင့်အတွက် နေ့တိုင်းပြုလုပ် ပေးခဲ့သော အရာနှင့် သူပြုလုပ်ခဲ့ပေးသောအရာအားလုံးအတွက် ကျေးဇူးတင်ပါ။**
ကျေးဇူးတော်ကို ချီမွမ်းလျက် ရှေ့တော်သို့ဝင်၍ ဆာလံသီချင်းဆိုလျက် ကျူးဧသော အသံကိုပြုကြကုန်အံ့။ (ဆာလံ၊ ၉၅း၂)

**S- SUPPLICATION တောင်းလျှောက်ခြင်း – သင် (သို့မဟုတ်) အခြားသူတို့အတွက် လိုအပ်သော အရာများ အား ဘုရားသခင်ထံတောင်းလျှောက်ပါ။**
အဘယ်အမှုကိုမျှစိုးရိမ်ခြင်းမရှိဘဲ အရာရာ၌ကျေးဇူးတော်ကိုချီးမွမ်းခြင်းနှင့်တကွ ဆုတောင်းပဌနာပြုသောအားဖြင့်၊ သင်တို့တောင်းပန်လိုသော အရာများတို့ကို ဘုရားသခင် အားကြားလျှောက်ကြလော့။ (ဖိ၊ ၄း၆)

## ဤမေးခွန်းများကို ဖြေဆိုပါ။

- အောက်တွင် ဘုရားသခင်အား ချီးမွမ်းခြင်းနှင့်ကိုးကွယ်ခြင်းတို့အတွက် ပေးထားသော သမ္မာကျမ်းပိုဒ်များကို ဖြည့်စွက်ပါ။ ကျမ်းချက်များတွင် ပေးထားသည့်အတိုင်း၊ ဘုရားသခင်အား ချီးမွမ်းခြင်းနှင့်ကိုးကွယ်ခြင်း တို့အတွက် မတူညီသော နည်းလမ်းများကို ရေးသားပါ။

### ဘုရားသခင်အား ချီးမွမ်းခြင်းနှင့်ကိုးကွယ်ခြင်းတို့အတွက် သမ္မာကျမ်းချက်များ

အောက်တွင်ရှိသော ကျမ်းပိုဒ်များကိုဖတ်ပါ။ ဘုရားသခင်အား ချီးမွမ်းခြင်းနှင့်ကိုးကွယ်ခြင်းတို့အတွက် နည်းလမ်းများကိုရေးပါ။

ဆာလံ၊ ၉၅း၆ ______________________________

ဆာလံ၊ ၄၆း၁၀ ______________________________

ဟေဗြဲ၊ ၁၃း၁၅ ______________________________

ဆာလံ၊ ၁၄၉း၃ ______________________________

ဆာလံ၊ ၉၅း၁ ______________________________

ဆာလံ၊ ၁၅၀း၄ ______________________________

ဆာလံ၊ ၄၇း၁ ______________________________

ယော၊ ၁၃း၃၄ – ၃၅ ______________________________

နေဟမိ၊ ၈း၆ ______________________________

**ဘုရားသခင်အားချီမွမ်းခြင်းနှင့်ကိုးကွယ်ခြင်းတို့အတွက် မတူညီသော နည်းလမ်းမည်မျှ ရှာဖွေတွေ့ရှိသနည်း။ ___**

**ဘုရားသခင်အားချီမွမ်းခြင်းနှင့်ကိုးကွယ်ခြင်းတို့အတွက် အခြားသောနည်းလမ်းများကို သင်စဉ်းစားမိသလား။**

______________________________

______________________________

- ကလေးများဆုတောင်းခြင်းနှင့် ဝတ်ပြုကိုးကွယ်ခြင်း၏ ရုပ်ပုံများ /ရောင်စုံခြယ် စာမျက်နှာ
- ကိုယ်ပိုင်ဆုတောင်းခံချက်များ စာရင်း/ဆုတောင်းသောလက်။
- နှုတ်ကပတ်တော်၌ တိတ်ဆိတ်စွာအချိန်ယူခြင်းအတွက်အထောက်အကူများ။
- သခင် ယေရှုနှင့်ရင်းနှီးကျွမ်းဝင်ခြင်း (၃၁) ရက် အစီအစဉ်။

**လုပ်ဆောင်ချက် (၁)၊ မြင်ရသောရုပ်ပုံများ /ရောင်စုံခြယ်ရန် စာမျက်နှာ**

## ကလေးများ ဆုတောင်းခြင်း



## ကလေးများ ကိုးကွယ်ခြင်း



**ကျက်မှတ်ရန် ကျမ်းချက်များ**

**ဆာလံ၊ ၇း၁၇**

*"ငါမူကား၊ ထာဝရဘုရား၏ တရားသော အမှုတော်ကို ချီးမွမ်း၍၊ အမြင့်ဆုံးသော ထာဝရဘုရား၏ နာမတော်ကို ထောမနာသီချင်းဆိုပါမည်။"*

လုပ်ဆောင်ချက် (၂) ၊ ကိုယ်ပိုင် ဆုတောင်းခံချက်များစာရင်း၊ ဆုတောင်းသောလက်

## လမ်းညွှန်ချက်များ၊

- သူတို့သည် ဆုတောင်းသောအခါအထောက်အကူတစ်ခုအဖြစ်၊ ကလေးများသည် ကိုယ်ပိုင်ဆုတောင်းခံချက်များ စာရင်းကို အသုံးပြုနိုင်သည်။

## ကိုယ်ပိုင်ဆုတောင်းခံချက်များ

၁။ မိသားစု၊ သူငယ်ချင်းများ (မိဘများ၊ အခြားသောမိသားစုဝင်များ၊ သင်နှင့်ရင်းနှီးသောသူများ၊)

______________________________________________

၂။ အသင်းတော်မိသားစု၊ သာသနာပြုသူများ (သင်းအုပ်များ၊ ဆရာများ၊ သာသနာပြုဆရာများ၊)

______________________________________________

၃။ အစိုးရလူကြီးများ၊ (သမ္မတ၊ အုပ်ချုပ်ရေးမှူး၊ မြို့တော်ဝင်၊ တရားသူကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ)

______________________________________________

၄။ ဖျားနာသောသူများ (သို့) လိုအပ်ချက်ရှိသောသူများ (ခန္ဓာပိုင်းနှင့်ဝိညာဉ်ပိုင်းဆိုင်ရာ ပြဿနာများ၊)


______________________________________________

၅။ မိမိကိုယ်တိုင် (ဝိညာဉ်ရေးရာကြီးထွားမှု၊ ဉာဏ်ပညာ၊ ခန္ဓာပိုင်းဆိုင်ရာ လုံခြုံမှု၊ ကျောင်း၊ လုပ်ငန်း၊ )

______________________________________________

## ဆုတောင်းသောလက်

- ကလေးများသည် ကိုယ်ပိုင်ဆုတောင်းခံချက်စာရင်းရှိလူများအတွက် သတိရ ဆုတောင်းနိုင်ရန်၊ ဤဆုတောင်း သောလက်ကို အသုံးပြုနိုင်ပါသည်။
- လက်ချောင်းတစ်ချောင်းစီသည် ကိုယ်ပိုင် ဆုတောင်းခံချက်စာရင်းမှ ဆုတောင်းရမည့်အဖွဲ့ကို ကိုယ်စားပြု သည်။



**လုပ်ဆောင်ချက် (၃)၊ တိတ်ဆိတ်စွာ အချိန်ယူခြင်း၏စီမံချက်**

<u>လမ်းညွှန်ချက်များ၊</u>

- ကလေးများနှင့်အတူ သမ္မာကျမ်းစာကိုလေ့လာခြင်း အဆင့်များကို ပြန်လည်သုံးသပ်ပါ။
- အချိန်ရှိပါက၊ ကျမ်းပိုဒ်တစ်ခုကို လေ့လာခြင်းအဆင့်များကို သူတို့အား လက်တွေ့အသုံးပြုစေပါ။

## <u>နှုတ်ကပတ်တော်၌ တိတ်ဆိတ်စွာအချိန်ယူခြင်းအတွက်အထောက်အကူများ</u>

နေ့စဉ်နှုတ်ကပတ်တော်နှင့်အစပြုခြင်းတွင် သင့်အားအကူအညီဖြစ်စေရန်၊ သင်ခန်းစာ (၆) နှင့် (၇) ရှိ၊ သမ္မာကျမ်းစာလေ့လာခြင်းကို ပြန်၍လေ့လာပါ။ ထိုနောက် စာရွက်တစ်ရွက် (သို့) မှတ်စုစာအုပ်တစ်အုပ်ယူ၍ သမ္မာကျမ်းစာ၌သင်၏ခရီးစဉ်ကို မှတ်တမ်းတင်နိုင်ရန် အောက်ပါအဆင့် (၃) ဆင့်ဖြင့် ရေးပါ။ ဥပမာအားဖြင့်၊ ဆာလံ၊ ၂၃း၁ - ၉ ကိုလေ့လာပြီး၊ ဤအဆင့်များကို လိုက်နာပါ။ သင်၏မှတ်စုစာအုပ်တွင် အောက်တွင် ဖေါ်ပြထားသော မျဉ်းကြောင်းများထက် ပို၍လိုအပ်ပါမည်။ ဤသည်မှာ သင်၏တစ်ဦးချင်း တိတ်ဆိတ်စွာ အချိန်ယူခြင်းဖြစ်သော ကြောင့်၊ ဆွေးနွေးခြင်းအဆင့် (သင်ခန်းစာ ၆ နှင့် ၇)ကို ပါဝင်ခြင်းမပြုပါနှင့်။ သင့်အတွေးအခေါ်များကို နောက်ပိုင်းတွင် အခြားသူများနှင့်ဆွေးနွေးနိုင်ပါသည်။ သင်၏တိတ်ဆိတ်စွာ အချိန်ယူခြင်းကို အစပြုသည့်အခါ ဆုတောင်းဘို့ရန် မမေ့ပါနှင့်။

**၁။ <u>စူးစမ်းလေ့လာခြင်း</u> - "ယင်းကိုကြည့်ပါ" - မည်သည့်အရာကိုပြောနေပါသနည်း။** ______________________

______________________

______________________

______________________

______________________

**၂။ <u>ဆင်ခြင်အောက်မေ့ခြင်း</u> - "ယင်းကို တွေးကြည့်ပါ" - မည်သည့်အဓိပ္ပါယ်ရှိသနည်း။** ______________________

______________________

______________________

______________________

______________________

**၃။ <u>လက်တွေ့အသုံးပြုခြင်း</u> - "ယင်းအတိုင်း အသက်ရှင်ပါ၊ လုပ်ဆောင်ပါ" - ယခု မည်သည့်အရာကို ပြောနေသနည်း။**

______________________

______________________

______________________

______________________

______________________

**<u>သတိပြုရန်။</u>**

တစ်လတာ ကျမ်းစာ လေ့လာခြင်းအတွက်၊ဤသင်ခန်းစာဖြင့်တင်ပြထားသော **ယေရှုနှင့်ရင်းနှီးကျွမ်းဝင်ခြင်း (၃၁) ရက်** ကျမ်းစာဖတ်ခြင်းနှင့် လေ့လာခြင်းအစီအစဉ်ဇယားကို သင်အသုံးပြုနိုင်ပါသည်။ အကြောင်းအရာတစ်ခုစီနှင့် ကျမ်းပိုဒ်တစ်ခုစီကိုယူ၍၊ ကျမ်းပိုဒ်ကိုလေ့လာရန် အထက်ပါနည်းလမ်းကိုအသုံးပြုပါ။ **ယေရှုနှင့်ရင်းနှီးကျွမ်းဝင်ခြင်း (၃၁) ရက်တွေ့ဆုံပြီးနောက်**၊ ဝိညာဉ်တော်သည် သင့်အားပို့ဆောင်ပေးသည့်အတိုင်း ကျမ်းစာအုပ်တစ်အုပ်လုံး (သို့) အချို့သော ကျမ်းစာများ (သို့) စာစောင်များကို စတင်ဖတ်ရှုနိုင်ပါသည်။ သင်ခန်းစာ (၁၄) **နှစ်အလိုက် ကျမ်းစာဖတ်ခြင်းဇယားအဆုံး**တွင်၊ ထပ်၍ဖြည့်စွက်ထားသော ကျမ်းစာဖတ်ခြင်း အကူအညီတစ်ခုကို ရရှိနိုင်ပါသည်။

လုပ်ဆောင်ချက် (၄) ၊ တစ်ဦးချင်းဆိုင်ရာ ဆုတောင်းခြင်းစာရင်း၊ ဆုတောင်းခြင်းလက်

<u>လမ်းညွှန်ချက်များ၊</u>

- အသက်ရှင်သောနှုတ်ကပတ်တော်၊ ယေရှု၏အကြောင်းကို ပိုမိုသိရှိလာသောကြောင့်၊ သူတို့၏နေ့စဉ် တိတ်ဆိတ်စွာ အချိန်ယူခြင်းကို အထောက်အကူဖြစ်ရန်၊ တစ်လတာကျမ်းစာဖတ်ခြင်းဇယားကို ကလေးများသည် လိုက်လျှောက်နိုင်ပါမည်။

## <u>ယေရှုနှင့်ရင်းနှီးကျွမ်းဝင်ခြင်း ၃၁ ရက်</u>

| ရက်စွဲ | အကြောင်းအရာ | ကျမ်းပိုဒ် |
|---|---|---|
| ၁ ရက် | ယေရှုကိုကြိုတင်ဖေါ်ပြခြင်း | ဟေရှာယ ၅၃ |
| ၂ ရက် | ယေရှုမွေးဖွားခြင်း | မဿဲ ၁း၁၈ – ၂၅ |
| ၃ ရက် | နှစ်ခြင်းဆရာယောဟန်လမ်းကိုပြင်ဆင်ခြင်း | မဿဲ ၃း၁ – ၄း၁၁ |
| ၄ ရက် | ယေရှုနှင့်ရှာမာရိအမျိုးသမီးတွေ့ဆုံခြင်း | ယော ၄း၁ – ၂၆ |
| ၅ ရက် | ယေရှုကိုအိမ်ဦးခြင်းပယ်ခြင်း | လုကာ ၄း၁၄ – ၃၀ |
| ၆ ရက် | ယေရှု မိမိတပည့်တော်များကိုခေါ်ခြင်း | လုကာ ၅း၁ – ၁၁ |
| ၇ ရက် | မြေပြန့် ဒေသနာ | လုကာ ၆း၁၇ – ၄၆ |
| ၈ ရက် | မုဆိုးမသားနှင့်အပြစ်ရှိသောအမျိုးသမီး | လုကာ ၇း၁၁ – ၁၇၊ ၇း၃၆ – ၅၀ |
| ၉ ရက် | ယေရှုနှင့်ဖာရိရှဲတို့တွေ့ဆုံခြင်း | မဿဲ ၁၂း၁ – ၁၃၊ ၂၂ – ၄၅ |
| ၁၀ ရက် | မျိုးစေ့ကြဲခြင်းဥပမာ | မဿဲ ၁၃း၁ – ၄၃ |
| ၁၁ ရက် | ယေရှုမုန်းတိုင်းကိုငြိမ်းစေခြင်း | လုကာ ၈း၂၂ – ၂၅ |
| ၁၂ ရက် | ယေရှုသည်ယောက်ျား၊မိန်းမနှင့်မိန်းကလေးကျန်းမာစေခြင်း | မာကု ၅း၁ – ၄၃ |
| ၁၃ ရက် | ယေရှုသည် ၅၀၀၀ ကိုကျွေးမွေးခြင်း | ယောဟန် ၆း၁ – ၁၄ |
| ၁၄ ရက် | ပေတရုသည် ယေရှုခရစ်ကို သိခြင်း | လုကာ ၉း၁၈ – ၂၇ |
| ၁၅ ရက် | ယုံကြည်ခြင်းအားဖြင့်ကျန်းမာခြင်း | မာကု ၉း၁၄ – ၃၂ |
| ၁၆ ရက် | သွန်သင်ချက်များနှင့်ဥပမာများ | မဿဲ ၁၇း၂၄ – ၁၈း၂၀ |
| ၁၇ ရက် | သွန်သင်ချက်များနှင့်ဥပမာများ | မဿဲ ၁၈း၂၁ – ၁၉း၁၅ |
| ၁၈ ရက် | ချမ်းသာသောလူငယ်လေး | မာကု ၁၀း၁၇ – ၃၁ |
| ၁၉ ရက် | တပည့်တော်များကို စေလွှတ်ခြင်း | လုကာ ၁၀း၁ – ၂၄ |
| ၂၀ ရက် | အကြီးမြတ်ဆုံးအမိန့်တော် | မာကု ၁၂း၂၈ – ၄၄ |
| ၂၁ ရက် | ကောင်းသောရှမာရိဥပမာ | လုကာ ၁၀း၂၅ – ၃၇ |
| ၂၂ ရက် | ပဌနာတော် | လုကာ ၁၁း၁ – ၁၃ |
| ၂၃ ရက် | ယေရှုသည် လာဇရုအား သေခြင်းမှထမြောက်စေခြင်း | ယောဟန် ၁၁း၁ – ၄၄ |
| ၂၄ ရက် | ယေရှုရှလင်မြို့သို့အောင်မြင်ခြင်းဖြင့် ဝင်ရောက်ခြင်း | မဿဲ ၂၁း၁ – ၂၇ |
| ၂၅ ရက် | နောက်ဆုံးညစာစားပွဲ | ယောဟန် ၁၃း၁ – ၁၇ |
| ၂၆ ရက် | တပည့်တော်များအတွက် ယေရှု၏မေတ္တာ | ယောဟန် ၁၄ – ၁၅ |
| ၂၇ ရက် | ယေရှုဖမ်းဆီးခံရခြင်းနှင့်လှည့်ဖြားခံရခြင်း | မဿဲ ၂၆း၃၆ – ၇၅ |
| ၂၈ ရက် | ယေရှုအတွက် မထိုက်တန်သော ဒုက္ခဆင်းရဲခြင်း | ယောဟန် ၁၈း၁၉ – ၁၉း၁၆ |
| ၂၉ ရက် | ယေရှုညှင်းဆဲခံရခြင်းနှင့်သေခြင်း | ယောဟန် ၁၉း၁၇ – ၄၂ |
| ၃၀ ရက် | ယေရှုရှင်ပြန်ထမြောက်ခြင်းနှင့်ပေါ်ထွက်လာခြင်း | ယောဟန် ၂၀ – ၂၁ |
| ၃၁ ရက် | ယေရှု၏အကြီးမြတ်ဆုံးသောစေလွှတ်ခြင်း | မဿဲ ၂၈း၁၆ – ၂၀ |

<u>**နောက်စာမျက်နှာ နှစ်ရွက်တွင် ဘုရားသခင်၏နှုတ်ကပတ်တော်လေ့လာခြင်းအတွက် ထပ်ဖြည့်သော အချက်များ ရှိပါသည်။**</u>

# တစ်နှစ်တာ ကျမ်းစာဖတ်ခြင်း ဇယား

ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဖတ်ရှုသောအခါ၊ ထိုအရာသည် သမ္မာတရား ဖြစ်ကြောင်းကို သတိပြုပါ။ သမ္မာတရား ဆိုသည်မှာ ပုဂ္ဂိုလ်ဖြစ်ပြီး၊ ယေရှုခရစ်တော်၊ ဘုရားသခင်၏အသက်ရှင်သောနှုတ်ကပတ်တော်ဖြစ်ပြီး၊ နှုတ်ကပတ်တော်အားလုံးသည် ကိုယ်တော်ကိုညွှန်ပြနေသည်။ ဤလုပ်ဆောင်ချက်သည် သင်၏ကိုယ်ပိုင် တိတ်ဆိတ်စွာ အချိန်ယူခြင်း၏အစိတ်အပိုင်း ဖြစ်ကြောင်း သတိရပါ။ အပတ်တိုင်း၏လုပ်ဆောင်ချက်ကိုပိုင်းခြားပြီး၊ (၇) ရက်တာလုံး ဖတ်ရှုရန်ဖြစ်သည်။ သင်ဖတ်သည့်အချိန်တွင်၊ အခြားသူများနှင့် ဆွေးနွေးမည်မဟုတ်သော်လည်း၊ ကိုယ်တိုင် နှုတ်ကပတ်တော်ကို လေ့လာခြင်းအားဖြင့်၊ သင်ယူခဲ့ရသောအရာတို့ကို နောက်ပိုင်းတွင် ပြောဆိုဆွေးနွေး လိုပါလိမ့်မည်။


## ကျမ်းစာဖတ်ခြင်း အစီအစဉ်

| အပတ် | ခေါင်းစဉ် | ကျမ်းချက်များ | ဖတ်ရှုခြင်း |
|---|---|---|---|
| ၁။ | ဘုရားသခင်၏ဖန်ဆင်းခြင်း၊ အာံနှင့်ဧဝ | ကမ္ဘာ၊ ၁ - ၂း၂၄ | |
| ၂။ | မြွေ | ကမ္ဘာ၊ ၃ | |
| ၃။ | နောဧ၏အကြောင်းအရာ | ကမ္ဘာ၊ ၆း၉ - ၉း၁၇ | |
| ၄။ | အာဗြဟံ၏အကြောင်းအရာ | ကမ္ဘာ၊ ၁၅ | |
| ၅။ | စာရာ၏အကြောင်းအရာ | ကမ္ဘာ၊ ၁၈း၁ - ၁၅၊ ၂၁း၁ - ၆ | |
| ၆။ | ယာကုပ်၏အကြောင်းအရာ | ကမ္ဘာ၊ ၂၇း၃၂ - ၃၃ | |
| ၇။ | ယောသပ်၏အကြောင်းအရာ | ကမ္ဘာ၊ ၃၇း၃၉ - ၄၂၊ ၄၄ - ၄၅ | |
| ၈။ | မိရိအံ၏အကြောင်းအရာ | ထွ၊ ၂း၁ - ၁၀ | |
| ၉။ | ဘုရားသခင်သည် ဣသရေလ လူမျိုးများကို ကယ်တင်ခဲ့သည်။ | ထွ၊ ၁၂း၁ - ၄၂၊ ၁၄း၅ - ၁၃ | |
| ၁၀။ | မောရှေနှင့်ပညတ်တော် (၁၀)ပါး | ထွ၊ ၂၀း၁ - ၂၁ | |
| ၁၁။ | အာရုန်၏အကြောင်းအရာ | ထွ၊ ၃၂း၁ - ၂၉ | |
| ၁၂။ | ကာလက်၏အကြောင်းအရာ | တော၊ ၁၃ | |
| ၁၃။ | ဗာလမ်၏အကြောင်းအရာ | တော၊ ၂၂း၂၁ - ၄၁ | |
| ၁၄။ | ရာခပ်၏အကြောင်းအရာ | ယောရှု၂ | |
| ၁၅။ | ယောရှု၏အကြောင်းအရာ | ယောရှု၆ | |
| ၁၆။ | ဒေဗောရ၏အကြောင်းအရာ | တရား၊ ၄ | |
| ၁၇။ | ဂိဒုန်၏အကြောင်းအရာ | တရား၊ ၆ - ၇ | |
| ၁၈။ | ရုသနှင့် နောမိ အကြောင်းအရာ | ရုသ၊ ၁ - ၂ | |
| ၁၉။ | ဟန္န၏အကြောင်းအရာ | ၁ရာ၊ ၁း၉ - ၂၈ | |
| ၂၀။ | ရှာမွေလ၏အကြောင်းအရာ | ၁ရာ၊ ၁၆း၁ - ၁၃ | |
| ၂၁။ | လူငယ်လေး ဒါဝိဒ်၏အကြောင်းအရာ | ၁ရာ၊ ၁၇ | |
| ၂၂။ | အဘိဂဲလ်၏အကြောင်းအရာ | ၁ရာ၊ ၂၅း၂ - ၃၈ | |
| ၂၃။ | ရှောလမုန်၏အကြောင်းအရာ | ၃ရာ၊ ၃၊ သုတ္တံ ၁း၁ - ၁၇၊ ၂း၁ - ၂၂ | |
| ၂၄။ | ဧလိယ၏အကြောင်းအရာ | ၃ရာ၊ ၁၈း၁ - ၄၀ | |
| ၂၅။ | ဧလိရှဲ၏အကြောင်းအရာ | ၄ရာ၊ ၄း၁ - ၇ | |
| ၂၆။ | ယောရှိ၏အကြောင်းအရာ | ၄ရာ၊ ၂၂း၁ - ၂၃း၂၅ | |

# ကျမ်းစာဖတ်ခြင်း အစီအစဉ် - အဆက်

| အပတ် | ခေါင်းစဉ် | ကျမ်းချက်များ | ဖတ်ရှုခြင်း |
|---|---|---|---|
| ၂၇။ | ဘုရားသခင်၏ပီမာန်တော် | ဇေရ၊ ၃း၁-၁၃၊ ၇း၁-၁၀၊ ၉း၆-၁၀း၁၇ | |
| ၂၈။ | နေဟမိ၏ အကြောင်းအရာ | နေဟမိ၊ ၃-၄း၆ | |
| ၂၉။ | ဧသတာ၏ အကြောင်းအရာ | ဧသတာ၊ ၅း၁-၈၊ ၈း၁-၁၇ | |
| ၃၀။ | ယောဘ၏ အကြောင်းအရာ | ယောဘ၊ ၁-၂၊ ၁၃း၄၀၊၄၂ | |
| ၃၁။ | ဒါဝိဒ်မင်းကြီး၏ ပြောကြားချက်များ | ဆာလံ၊ ၂၃ | |
| ၃၂။ | ယေရမိ၏ အကြောင်းအရာ | ယေရမိ၊ ၁း၃-၁၉ | |
| ၃၃။ | ရှာဒရက်၊ မေရှက် နှင့် အဗေဒနေဂေါ | ဒံယေလ၊ ၃ | |
| ၃၄။ | ဒံယေလ၏ အကြောင်းအရာ | ဒံယေလ၊ ၆ | |
| ၃၅။ | ယောန၏ အကြောင်းအရာ | ယောန ၁-၄ | |
| ၃၆။ | သိုးထိန်း၏ အကြောင်းအရာ | လုကာ၊ ၂း၁-၂၀ | |
| ၃၇။ | မာရိ၏ အကြောင်းအရာ | မဿဲ၊ ၂း၁၃-၂၃ | |
| ၃၈။ | နှစ်ခြင်းဆရာ ယောဟန်၏ အကြောင်းအရာ | ယောဟန်၊ ၁း၁၉-၃၄ | |
| ၃၉။ | နိကောဒင်၏ အကြောင်းအရာ | ယောဟန်၊ ၃း၁-၂၁ | |
| ၄၀။ | တမန်တော်များ | မဿဲ၊ ၁၀ | |
| ၄၁။ | ချမ်းသာသောသူ၏အကြောင်းအရာ | မဿဲ၊ ၁၉း၁၆-၃၀ | |
| ၄၂။ | ဖါရိရှဲများ | မဿဲ၊ ၂၂း၃၄-၄၀၊ ၂၃း၁-၃၆ | |
| ၄၃။ | မာရိနှင့်မာသ၏ အကြောင်းအရာ | ယောဟန်၊ ၁၂း၁-၈ | |
| ၄၄။ | ယေရှု၏ကြီးမားသောပူဇော်ခြင်း | မဿဲ၊ ၂၂း၂၇-၂၈း၁၀ | |
| ၄၅။ | သောမ | ယောဟန်၊ ၂၀း၂၄-၃၀ | |
| ၄၆။ | ကနဦးခရစ်ယာန်များ | တမန်၊ ၂ | |
| ၄၇။ | ပေတရု၏အကြောင်းအရာ | တမန်၊ ၃ | |
| ၄၈။ | သတေဖန်၏ အကြောင်းအရာ | တမန်၊ ၇ | |
| ၄၉။ | ဖိလိပ္ပု၏အကြောင်းအရာ | တမန်၊ ၈း၂၆-၄၀ | |
| ၅၀။ | ပေါလု၏ အကြောင်းအရာ | တမန်၊ ၉း၁-၁၉ | |
| ၅၁။ | သိလ၏ အကြောင်းအရာ | တမန်၊ ၁၆း၁၆-၄၀ | |
| ၅၂။ | တိမောသေ၏ အကြောင်းအရာ | တမန်၊ ၁၆း၁-၄၊ ၁တိ၊ ၄း၆-၁၆၊ ၆း၁၁-၂၁၊ ၂တိ၊ ၁း၃-၁၄ | |
| ဆုကျေး | ယောဟန်သည် အနာဂတ်ကို မြင်ခြင်း | ဗျာ၊ ၂၁-၂၂ | |

# လက်ဆင့်ကမ်းခြင်း



- ဤစာအုပ်လေ့လာခြင်း၏ရည်ရွယ်ချက်မှာ ကနဦးခရစ်ယာန်အသင်းတော်များကာလတွင် ခရစ်တော်နှင့် သတင်းကောင်းအတွက် ကမ္ဘာကြီးကို ပြောင်းလဲစေသော ထိုအသင်းတော်များ အသုံးပြုသည့် သမ္မာကျမ်းစာဆိုင်ရာနည်းဗျူဟာများကို **မိတ်ဆွေ** အားလေ့ကျင့်ပေးရန်ဖြစ်သည်။

- ကျွန်ုပ်တို့၏ပန်းတိုင်မှာ ဤလေ့လာမှုတွင် ပါဝင်သူတစ်ဦးအနေဖြင့်၊ သတင်းကောင်းအတွက် သင့်၏ကမ္ဘာကို အကျိုးသက်ရောက်စေမည့် ယနေ့ခေတ် တပည့်တော်များ ဖြစ်လာစေရန်အတွက်၊ **မိတ်ဆွေ**၏ အသိပညာနှင့် စိတ်အား ထက်သန်မှုကို မြှင့်တင်ပေးရန် ဖြစ်သည်။

- တိမောသေအား ရှင်ပေါလုပြောသည့်စကား အတိုင်း ကျွန်ုပ်တို့လည်း သင့်အား ပြောပြလိုပါသည်။

**"သက်သေခံအများရှိသည်နှင့် ငါ့ထံ၌ ကြားရပြီးသောအရာတို့ကို၊**
**သစ္စာနှင့်ပြည့်စုံ၍ သူတပါးတို့ကို သွန်သင်ခြင်းငှါ၊ တတ်စွမ်းနိုင်သော သူတို့၌ အပ်ပေးလော့။"**
**၂တိမောသေ၊ ၂း၂**

- ဘုရားသခင်၏ အိမ်တော်သားတစ်ဦးဖြစ်ခြင်းနှင့် ပတ်သက်၍၊ သင် သိရှိလေ့လာထားသောအရာများကို **အခြားသူများအားလက်ဆင့်ကမ်းရန်** အချိန်တန်ပြီဖြစ်သည်။

- ဘုရားသခင်၏အိမ်တော်အကြောင်းနှင့်ပတ်သက်၍၊ သင်သိသောအရာများကို လက်ဆင့်ကမ်းလိုသော လူ(၂)ဦး၏အမည်များကို အောက်ပါကွက်လပ်တွင် ရေးပါ။

____________________ ____________________

- **လက်ဆင့်ကမ်း** နိုင်မည့်အထူးအခွင့်အရေးအတွက် စတင်ဆုတောင်းပါ။

# သင်တန်းပြီးမြောက်အောင်မြင်ခြင်းလက်မှတ်

"ငယ်ရွယ်သော တပည့်တော်များအတွက် ဘုရားသခင်၏စီမံကိန်း"

ဤလက်မှတ်ကို

______________________________

ငယ်ရွယ်သောတပည့်တော်များအတွက် သင်ခန်းစာများနှင့် လေ့ကျင့်ခန်းများကို အောင်မြင်စွာ ပြီးမြောက်ခဲ့ပါသည်။ ထိုသင်ခန်းစာ (၁၄) ခုတွင် မိတ်ဆက်ခြင်း၊ တစ်ဦးချင်းလေ့လာမှု၊ ဆွေးနွေးခြင်းနှင့် လက်တွေ့အသုံးချခြင်းတို့ပါဝင်သည်။


၁။ ဘုရားသခင်နှုတ်ကပတ်တော်၏ အခွင့်ကာဏာနှင့် ပြည့်စုံလုံလောက်မှုရှိခြင်း
၂။ သန့်ရှင်းသောဝိညာဉ်တော်၏အခွင့်ကာဏာနှင့် ပြည့်စုံလုံလောက်မှုရှိခြင်း
၃။ ရွေနှစ်ခြင်းမင်္ဂလာ
၄။ သင်းဝင်သူအချင်းချင်းများ
၅။ သခင်ဘုရား၏ညစာ စားပွဲ
၆။ သမ္မာကျမ်းစာလေ့လာခြင်း၊ ၇။ လက်တွေ့လုပ်ဆောင်ခြင်း
၈။ ဂလာတိဩဝါဒစာ – ဝိညာဉ်တော်၌ ယုံကြည်ခြင်းနှင့် စင်ကြယ်သော သတင်းကောင်း
၉။ ဖေက်ဩဝါဒစာ – ခရစ်တော်၏စီမံကိန်းကို ပေါ်ထုတ်ခြင်း
၁၀။ ၁ တိမောသေ၊ ဘုရားသခင်၏အိမ်တော်၌ မိန့်တော်မူသောအရာ
၁၁။ ခရစ်တော်၌ရှိသော သင့်အသက်တာ
၁၂။ ခရစ်တော်နှင့်အတူရှိသော သင့်အသက်တာ
၁၃။ သခင်ဘုရားနှင့်အတူ တိတ်ဆိတ်စွာ အချိန်ယူခြင်း
၁၄။ ဆုတောင်းခြင်းနှင့်ကိုးကွယ်ခြင်းအတွက် အထောက်အကူများ

ဤလက်မှတ်ကို New Foundation International နှင့် ဒေသသန္တရအသင်းတော်ခေါင်းဆောင်တစ်ဦးမှ အထက်ပါ ကျောင်းသားအား ပေးအပ်ပြီး၊ ကျောင်းသားသည် ဘုရားသခင်ဘုန်းတော် ထင်ရှားစေသော တပည့်တော်တစ်ဦးအဖြစ်၊ ကြီးပြင်းလာစေရန် ဆန္ဒပြုပါသည်။

ရက်စွဲ၊ (   ) ရက် ၊ (   )လ၊ (   ) ခုနှစ်

New Foundation International — ဒေသသန္တရအသင်းတော်ခေါင်းဆောင်

# တပည့်တော်များအတွက် ဘုရားသခင်၏စီမံကိန်း



ထို့ကြောင့် သင့်၏ကလေးတို့သည် ခရစ်တော်၏နောက်သို့လိုက်ရန်ရွေးချယ်ခဲ့ကြသည်။
ယခုမည်သို့လုပ်ဆောင်မည်နည်း။ ယေရှု၏ရင့်ကျက်သောတပည့်တော်များအဖြစ်သို့ကြီးထွားရန်
သူတို့သိရမည့် အရေးကြီးသောကျမ်းစာ၏အခြေခံနိယာမများသည်မည်သည့်အရာများဖြစ်မည်နည်း။

ထိုနိယာမများကို ကလေးများအားသင်ကြားပေးရာတွင် ရှုပ်ထွေးနေစရာမလိုပါ။ ဤလက်စွဲပါ တပည့်တော်ဖြစ်ခြင်း သင်ခန်းစာများကို ကျွမ်းကျင်သောပညာရှင်များသာလျှင်သင်ကြားရန်မဟုတ်ဘဲ၊ မိဘများ၊ ဥပုပ်စာဖြေဆရာများ၊ (သို့) တပည့်တော်များဖြစ်ကြသည့် အခြားသောနည်းပြများကလည်း သင်ကြားနိုင်ရန် ပြုလုပ်ထားပါသည်။ သင်ခန်းစာ တစ်ခုစီသည် တင်ဆက်သူ၊ ကျမ်းချက်၊ ကျက်မှတ်ရန်ကျမ်းပိုဒ်ငယ်များနှင့် ကလေးများအတွက် လက်ဆင့်ကမ်း လှုပ်ရှားမှုများအတွက် လမ်းညွှန်ပေးထားသည်။

ကလေးများသည် ဘုရားသခင်အတွက်အရေးကြီးသည်။ ဒီအရာဟာ အလွန်မှန်ကန်ကြောင်း ရှင်မဿဲ ၁၈း၁၀ တွင် ဖေါ်ပြထားပါသည်။ *“သင်တို့သည် ဤသူငယ်တစ်စုံတယောက်ကို မထီမဲ့မြင်မပြုမည်အကြောင်း သတိရှိကြလော့။ ငါဆိုသည်ကား၊ သူတို့၏ကောင်းကင်တမန်တို့သည် ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ့အဘ၏မျက်နှာတော်ကို အစဉ်မပြတ်ဖူးမြင်ကြ၏။”*

ကလေးများ ငယ်ရွယ်သောအချိန်တွင် ခရစ်တော်ထံသို့ရောက်လာပါက၊ ကိုယ်တော်အတွက် သူတို့၏ဘဝတစ်ခုလုံးတွင် တပည့်တော်များအဖြစ်ကြီးထွားလာရန်နှင့် အခြားသူတို့အားဝေမျှနိုင်ရန် အမှုဆောင်နိုင်မည်ဖြစ်သည်။ ဤလက်စွဲစာအုပ်သည် ထိုသို့လုပ်ဆောင်ရန်၊ သူတို့အားကူညီပေးသည့်အဖိုးထိုက်သောစာအုပ်ဖြစ်သည်။
(Martha D. Evans, Director of Children's Ministries, Fellowship Bible Church)



**သက်သေခံအများရှိသည်နှင့် ငါ့ထံ၌ ကြားရပြီးသောအရာတို့ကို၊
သစ္စာနှင့်ပြည့်စုံ၍ သူတပါးတို့ကို သွန်သင်ခြင်းငှါ၊
တတ်စွမ်းနိုင်သောသူတို့၌ အပ်ပေးလော့။
၂ တိမောသေ ၂း၂**

$12.95
ISBN 978-0-578-86396-2
51295>

ငယ်ရွယ်သောတပည့်တော်များအတွက်
ဘုရားသခင်၏စီမံကိန်း
ဆရာလက်စွဲစာအုပ်